# ဗုဒ္ဓါနုဿတိ ဥာဏ်မျက်စိ

၂၁၀၉

မိုးကုတ်မြို့

ချေးကျောင်းဆရာတော်

**ဦးသုဝဏ္ဏ**

ရေးသားပြုစုသော

# ဗုဒ္ဓါနုဿတိ ဉာဏ်မျက်စိ

## စာစောင်

ပထမနှိပ်

၁၃၃၄ ခု၊ တပို့တွဲလ

အဖုံးပန်းချီ မြင့်စိုး

ဘာသာရေးဆိုင်ရာခွင့်ပြုချက်
အမှတ်၅၆၃၆ အရ ပုံနှိပ်သည်။

ပုံနှိပ်သူ ဦးလှ
လူထုပုံနှိပ်တိုက်၊ ဂုန္တန်ဝင်း၊ လက်ဆည်ကန်၊ မန္တလေး၊
မှတ်ပုံတင်အမှတ် (မြ ၀၉၉၆) မှာရိုက်နှိပ်ပြီး
လူထု ဦးလှ၊ မှတ်ပုံတင်အမှတ်(မြ ၀၁၂၇၁) က
တာဝန်ခံထုတ်ဝေပါသည်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဗုဒ္ဓါနုဿတိ ဉာဏ်မျက်စိ ... .... — | ၉ |
| ၂။ | သေလ သုတ်အနက် — — — | ၈၁ |
| ၃။ | ပဗ္ဗဇ္ဇာ သုတ်အနက် — .... .... | ၁၁၁ |

## မောင်ထွန်းဝ-မအုန်း....တို့သို့

၁၃၃၂ ခု တပို့တွဲလပြည့်ကျော် ၅ ရက်။

လွန်ခဲ့သော တပို့တွဲလဆန်း ၇ ရက်နေ့ကပင် ဗုဒ္ဓါနုဿတိပွားများနည်းမစပါမည့်အကြောင်း မောင်ထွန်းဝ မအုန်းတို့ထံမှ စာကိုရရှိသည်။ ၎င်းလဆန်း ၈ ရက်နေ့က ဘုရားရှိခိုးလင်္ကာတပုဒ် ရေးပေး လိုက်သည်။ ယခုတဖန် ထိုထက်ပြည့်စုံသောဘုရားရှိခိုးတပုဒ်ကို အဓိပ္ပါယ်နှင့်တကွ ရေးပေး လိုက်ပြန်သည်။ ဘုန်းကြီးမှာ ဘုရားရှင်၏ ဂုဏ်တော်ကို အောက်မေ့ရေးသား ဟောကြားရမှာ အလွန် ဝါသနာပါသည်၊ ယခု တဝါတွင်းလုံးမှာလည်း ဗုဒ္ဓါနုဿတိ တရားများသာ ဟောခဲ့သည်။ သို့ရာတွင်ဘုန်းကြီး ဟောပြောမှုကြောင့် ဗုဒ္ဓါနုဿတိ ယောဂီ တယောက်မျှ ပေါ်လာသည်ကို မတွေ့ရ၍ "ရည်ရွယ်ချက်မအောင်မြင်" ဟုအောက်မေ့ကာ ဝမ်းနည်းနေပါသည်။ မောင်ထွန်းဝ မအုန်းတို့ထံမှ ဖော်ပြပါစာကို ဖတ်ရမှ အလွန်ဝမ်းသာ အားတက်မိသည် "ဒီဒကာ ဒကာမမျိုး တွေ့ရတာ အရ တော်လေစွ" ဟု အောက်မေ့ပြီး ဝမ်းမြောက်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်းမကျန်းမာသည့်ပြင် အလုပ်များပြီး မအားနေရာမှ အလျော့မပေးဘဲ ဤမျှ ရှည်လျားသောစာကိုမနက်မိုးလင်းယင်း တနေ့နည်းနည်းအားဖြင့်ရေး

ပေးရသည်။ မည်သို့ဆိုစေ "ဤစာဖြင့်ပင် ဗုဒ္ဓါနုဿတိပွား နည်းကိုအခြေခံမှစ၍ဉာဏ်ရှိသလောက်ချဲ့ထွင်ပွားများနိုင် ရမည်" ဟု စေတနာထား၍ ရေးသားခြင်း ဖြစ်သည်။ မောင်ထွန်းဝတို့လည်း ဤစာကိုအထူးဖတ်ရန် တိုက်တွန်း ပါသည်။ အခြား နီးစပ်သူများကိုလည်း ကမ်းလှမ်းဖတ်ရှု စေခြင်းဖြင့် တိုက်တွန်းပါ။

ဤစာစောင်ကိုလည်း 'ဗုဒ္ဓါနုဿတိဉာဏ်မျက်စိ' ဟု အမည်ပေးလိုက်သည်။ ဤစာစောင်ပါဘုရားရှိခိုးလက်ာ၏ မှီရာသေလသုတ် ပါဠိအနက်ကိုလည်း ပဏာမအဖြစ် ရေး ထည့်လိုက်သည်။ ပါဠိကိုမဖတ်နိုင်လျှင် အနက်ကိုဖတ်၊ အ နက်တွင်လည်း ပါဠိစကားလုံးများကို ချန်လှပ်ပြီး ဗမာ စကားလုံးကိုသာ ဖတ်နိုင်သေးသည်။ "ပါဠိ များလွန်း သည်" ဟု မငြီးငွေ့ကောင်း။ ဤပါဠိမှာဘုရားရှင်၏မဟာ ကရုဏာတော်ကြောင့် ဖြစ်ပေါ်လာသော ဘုရားရှင်၏ နှုတ်ပေါ်ထွက်ကရုဏာတော်သံဖြစ်သည်။ ကဲ—အဲဒီပါဠိ တော်ကို စတင်ဖတ်ပေတော့။

ဦးသုဝဏ္ဏ
ဈေးကျောင်းဆရာတော်
မိုးကုတ်မြို့

# ဗုဒ္ဓါနုဿတိ ဉာဏ်မျက်စိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ။

("အဘိန်ညေယျံ၊ အဘိန်ညာတံ"ဟုဖတ်)

အနက်။ ။ဗြာဟ္မဏ-သေလမည်သား၊ အိုပုဏ္ဏား၊မေ-ငါဘုရားသည်၊အဘိညာတံ-ထူးမြတ်လှစွာ၊ဉာဏ်ပညာဖြင့်၊ ယထာသက၊ သဘာဝကို၊ ကျနထင်စွာ၊ သိအပ်ပါသော၊ ခန္ဓာယတန၊ ဓာတ်ကစသည်၊ ဓမ္မဥဿုံ၊ အလုံးစုံကို၊ အဘိညေယျံ-ဝိမောက္ခန္တိက၊ ထူးကဲလှသည့်၊ ဗုဒ္ဓဝေဒ်၊မြတ်ရွှေဉာဏ်ဖြင့်၊ကေန်မသွေ၊သိမြင်တော်မူအပ်ပေပြီ။ဘာဝေတဗ္ဗံ-အခေါင်အဂ္ဂ၊ မဂ်သို့ကျအောင်၊ လက်ရဖန်ထပ်၊ ပွားများအပ်သည့်၊ ရှစ်ရပ်အင်္ဂါ၊ မြင့်မြတ်သော မဂ္ဂသစ္စာကို၊ ဘာဝိတံ-အခေါင်အဂ္ဂ၊ မဂ်သို့ကျအောင်၊ လက်ရမသွေ၊ ပွားများတော်မူအပ်ပေပြီ။ ပဟာတဗ္ဗံ-လေးကြိမ်သောမဂ်၊ စိန်သန်လျှက်ဖြင့်၊ ချိန်ဖျက်ခုတ်သတ်၊ နှုတ်ပယ်အပ်သော၊ မမြတ်ယုတ်မာ၊ သမုဒယသစ္စာကို၊ ပဟီနံ-မိုးကြိုးစက်စိန်၊ မဂ်လေးကြိမ်ဖြင့်၊ ဖျက်ချိန်ခုတ်သတ်၊ နှုတ်ပယ်တော်မူအပ်ပြီ။ ဗြာဟ္မဏ-အိုပုဏ္ဏား၊ တသ္မာ-ထိုသို့မကွာ၊ ခန္ဓာယတန၊ ဓာတ်ကစသည်၊ ဓမ္မဥဿုံ၊ အလုံး

စုံကို၊ အကုန်သိတတ်၊ လေးရပ်သစ္စာ၊ အရိယာကို၊ မှန်စွာ ထိုးထွင်း၊ အကြောင်းရင်းကြောင့်၊ အဟံ-ငါသည်၊ ဗုဒ္ဓေါ-သုံးဘုံဉက္ကဋ္ဌ၊ အနုတ္တရဟု၊ ဗုဒ္ဓမည်တွင်၊ ဘုရားရှင်သည်၊ အသို့-စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

## ဗုဒ္ဓါနုဿတိ ဘုရားရှိခိုး

အစိန္တေယျ၊ သမ္ဗုဒ္ဓကား၊ ၁။ ဒုက္ခသစ္စာ၊ ငါးခန္ဓာကို၊ ပရိညာကိစ္စ (ပရိန်ညာကိစ္စဟုဖတ်)၊ သိမြင်ရ၍၊ ၂။ ရာဂစစွာ၊ ကိလေသာတို့၊ ဝါသနာပင်၊ ကြွင်းမထင်အောင်၊ သုတ်သင်ရှင်းပ၊ ကင်းစေမှုလျှင်၊ ၃။ ဘဝသုံးရွာ၊ တေဘုမ္မာ၌၊ ကိလေသာမလေ့၊ ကပ်မှီ၍လျှင်၊ ပျော်မွေ့မူးမှိန်း၊ မလူးလိမ်းဘဲ၊ ၄။ ငြိမ်းရာမှန်၊ ပြည်နိဗ္ဗာန်သို့၊ ရှေ့ဉာဏ်မျက်မှောက်၊ ဆက်ဆက်ရောက်၍၊ မကြောက်ရန်သူ၊ မပူဘေးမျိုး၊ မစိုးအန္တရာယ်၊ မတွယ်ကြင်ချစ်၊ မဖြစ်ရွံ့မုန်း၊ မဖုံးအဝိဇ္ဇာ၊ ငြိမ်းလှစွာလျှင်၊ ချမ်းသာမွေ့လျော်၊ စံနေပျော်၏။ ၅။ ထိုရော်ကာလ၊ ယင်းမှစ၍၊ မောဟအဝိဇ္ဇာ၊ ကင်းပျောက်ကွာသဖြင့်၊ တိမ်လွှာမြူမင်း၊ မရှိကင်းသော်၊ နေမင်းဖလ်ရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းပ၊ လင်းစွာလှသို့၊ ပါပမင်းလွှင်၊ ကင်း၍စင်သော်၊ သဗ္ဗညုတ၊ နာဝရဟု၊ ဘွဲ့ရရှေ့ဉာဏ်၊ နေခြည်လျှံလည်း၊ ခန္ဓာယတန၊ ဓာတ်ကစ၍၊ ဓမ္မဉဿုံ၊ အလုံးစုံကို၊ ရောင်ဟုန်ဖြန့်ကျင်း၊ သိ၍လင်း၏၊ ကြောင်းရင်းဟောတု၊ ယင်းအမူကြောင့်၊ အတုလမှန်ကူ၊ သယမ္ဘူကို၊ နတ်လူခေါ်ကြ၊ သမ္ဗုဒ္ဓတည့်၊ ၆။ ထိုမှရင်း၊ နောက်တကြောင်းကား၊ အပေါင်းနတ်လူ၊ ငါ့နည်းတူလျှင်၊ နိဗ္ဗူခေမံ၊

နေရဗာန်သို၊ ရွှေညာဏ်ရှုမြော်၊ ရောက်ကြသော်ကား၊ အပဟော်ဝတ၊ ကောင်းလေစွဟု၊ ညာဏဖြစ်ပွား၊ ချစ်သနား၍၊ ၇။ တရားဒေသနာ၊ ဟောညွှန်ရာဝယ်၊ သောတာပန်က၊ စသည်ရှုစ်ဖြာ၊ အရိယာနှင့်၊ ဆဋ္ဌာဘိညာ၊ လေးဝသမ္ဘိ၊ သုံးလီဝိဇ္ဇာ၊ ပွင့်ထွန်းကာလျှင်၊ သစ္စာထိုးထွင်း၊ မဂ်ညာဏ်လင်း၍၊ ရှင်ရင်းစံရာ၊ နိဗ္ဗူတာသို၊ များစွာဝေနေ၊စံဝင်လေ၏။ ၈။ ရှစ်ထွေမဂ္ဂင်၊သဘော်ယာဉ်ဖြင့်၊ ရေလျဉ်ဖြတ်ကူး၊ ကူးတို့မှူးသည့်၊ ကျေးဇူးမြတ်လှ၊ ယင်းအတ္တကြောင့်၊ ဗုဒ္ဓရွှေဘွဲ့၊ ပေါ်ထွန်းခဲ့သည်။ ၉။ သုံးဆယ် နှစ်ဖြာ၊ ကြီးမဟာနှင့်၊ လက္ခဏာတော်ငယ်၊ ပါးရှစ်ဆယ်လည်း၊ တင့်တယ်ရွှန်းရွှန်း၊ ရောင်တော်ဝန်းလည်း၊ ပွင့်ထွန်းနေ့ညာ၊ ဆဗ္ဗဏ္ဏာဟု၊ ပဘာပြောင်လွင်၊ ခြောက်ရောင်ရှင်လည်း၊ ဝန်းကျင်အောက်ထက်၊ ကြိုးစုံယှက်၍၊ ပြိုးပြက်ဝင်းလည်၊ လင်းလင်းကြည်သည့်၊ ဘုန်းစည်ထွဋ်ထား၊ မြတ်ဘုရားကို။ ၁၀။ ထပ်ပွါးဖန်ခါ၊ အောက်မေ့ပါက၊ ဗုဒ္ဓါနုဿတိ၊ ဇောပီတိဖြင့်၊သိဒ္ဓိစုံလင်၊ ပြီးမည်ပင်ဟု၊ သဗ္ဗညုတ၊ အတုလပုဂ္ဂိုလ်၊ ဝိဇ္ဇာဓိုရ်က၊ မိန့်ဆိုသမျှ၊ ဖလေးမြတ်လှ၍၊ နေ့ညမအား၊ တပည့်တော်ပွားသည်၊ ဘုရားဗျာဒိတ် ပြီးစေသော်။

ဤဘုရားရှိခိုးကို အရကျက်၍ ဘုရား ရှေ့တော်မှာ ထိုင်ပြီး မျက်စိမှိတ်လျက် ရွတ်ပါ။ ဘုရားရှိခိုးသို့ အစဉ်လျှောက်၍ အပိုဒ်တိုင်းအပိုဒ်တိုင်း၌ မိမိညာဏ်မှီသလောက် စူးစိုက်ပြီး အသေးစိတ်အဓိပ္ပါယ်ကို နှလုံးသွင်း ပွားများပါ။ ပရမတ္ထဖြစ်သော ဘုရားရှင်ကို ဖူးတွေ့ရပါလိမ့်မည်။

## ရှင်းလျှင်းချက်များ

(က) ၁-အမှတ်ပါ 'ဒုက္ခသစ္စာ' အစချီသော စကားစုမှာ မြတ်စွာဘုရားသည် ဒုက္ခသစ္စာ နာမ်ရုပ်နှစ်ပါးကို ပရိညာကိစ္စပြီးအောင် သိမြင်တော်မူသည်ကို ဆင်ခြင်ရန် စကားစုဖြစ်သည်။

အဝိဇ္ဇာ တဏှာစသောအကြောင်းများနှင့်တကွ နာမ်ရုပ်ကို သိပြီးလျှင် နာမ်ရုပ်အပြင် ငါ သူတပါးဟူသော သတ္တဝါသီးခြား မရှိသည်ကိုသိ၍ သက္ကာယဒိဋ္ဌိကို လွှမ်းမိုးနိုင်သောဉာဏ်သည် ဉာတပရိညာ (ညာတပရိန်ညာ-ဟုဖတ်) မည်၏။

ပူရုပ်အစဉ် အေးရုပ်အစဉ်စသော ရုပ်အစဉ်တို့၌၎င်း လောဘစိတ်အစဉ်၊ ဒေါသစိတ်အစဉ်စသော နာမ်အစဉ်တို့၌၎င်း၊ ဖြစ်ဆဲ၊တည်ဆဲ၊ပျက်ဆဲ ဥပါဒ်၊ ဌီ ၊ဘင်တို့၌၎င်း အနိစ္စ၊ဒုက္ခ၊အနတ္တဟု အပြီးအပိုင် မဂ်ဉာဏ်တိုင်အောင် သိမြင်သော ဉာဏ်သည် တီရဏပရိညာမည်၏။ ဤဉာတပရိညာ၊ တီရဏပရိညာဉာဏ်တို့ဖြင့် အပြီးတိုင်ပြည့်စုံစွာ သိမြင်ခြင်းသည် ပရိညာကိစ္စမည်၏။

ဤ ၁-အမှတ်ပါ စကားစုသို့ ရောက်လျှင် မြတ်စွာဘုရား၏ ပရိညာကိစ္စ ပြည့်စုံပြီးမြောက်အောင် ဝိပဿနာရှုမြင်တော်မူပုံကို အာရုံပြု၍ ပွားများကြည်ညိုပါ။ ထင်ရှားစွာအာရုံပြုနိုင်ရန် မိမိခန္ဓာကို ပြန်၍ဝိပဿနာရှုပါ။ ထို့နောက်"ဩော်... ငါသည်ပင်နာမ်ရုပ်နှစ်ပါး၌ အနိစ္စ၊ ဒုက္ခ၊အနတ္တကို ဤမျှသိမြင်သေး၏၊ မြတ်စွာဘုရားကား ဤငါသိမြင်သည်ထက် များပြားပြည့်စုံစွာ သိမြင်တော်မူ

ပေမည်တကား၊ မြတ်စွာဘုရားဟောတော်မူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားသည် အလွန်မှန်စွာ တကား” ဟု အောက်မေ့ကြည်ညိုပါ။

## လက္ခဏာရေး သုံးပါး

ဝိပဿနာ မပွားဘူးသေးသူများ အနိစ္စသည်ကို မှန်းဆနိုင်ရန် နည်းပေးလိုက်မည်။ ဤစာကို ဖတ်နေသူသည် မည်သည့်အသက်အရွယ်သို့ရောက်နေသည်ဖြစ်စေ မွေးဖွားစဉ်ကထက် အိုမင်းနေပြီ။ထိုသို့ အိုမင်းနေခြင်းသည် ယခုမှ ရုတ်တရက် အိုလာသည်မဟုတ်။ နှစ်စဉ်နှစ်တိုင်း အိုလာခြင်းဖြစ်၏။ (နှစ်စဉ်နှစ်တိုင်း ပျိုရုပ်ကုန်ပျောက်၍ အိုရုပ်ရောက်လာမည်ဟု သိပါ။ ပျိုရုပ်မပျောက်ဘဲ အိုရုပ်မရောက်နိုင်။ ရှေ့သို့လည်း ဤအတိုင်းသိ)။တဖန်တနှစ်မှ တကြိမ် အိုလာသည်မဟုတ်။ လစဉ်လတိုင်း အိုလာသည်။ တလမှတကြိမ် အိုလာသည်လည်းမဟုတ်။ နေ့စဉ်နေ့တိုင်း အိုလာသည်။ တနေ့မှတကြိမ် အိုလာသည်လည်းမဟုတ်။ နာရီတိုင်းနာရီတိုင်း အိုလာသည်။ တနာရီမှ တကြိမ် အိုလာသည်လည်းမဟုတ်။ မိနစ်တိုင်းမိနစ်တိုင်းအိုလာသည်။ တမိနစ်မှတကြိမ် အိုလာသည်လည်း မဟုတ်။ စက္ကန့်တိုင်း စက္ကန့်တိုင်းအိုလာသည်။ တစက္ကန့်မှတကြိမ် အိုလာသည်လည်းမဟုတ်။ အကယ်၍ တစက္ကန့်ကြာမှ တကြိမ်အိုလာလျှင် ထိုအိုလာမှုကို မျက်စိဖြင့် မြင်နိုင် ကောင်းသည်။ ထို့ကြောင့် တစက္ကန့်ကိုအပိုင်းတရာပိုင်းလျှင်လည်း အပိုင်းတိုင်း အပိုင်းတိုင်း၌အိုလာသည်။အပိုင်းတိုင်းအပိုင်းတိုင်း၌ ပျိုရုပ်ကုန်ပျောက်၍ အိုရုပ်ရောက်လာ ဖြစ်လာသည်။

တဖန်'စိတ်'ဟူသော နာမ်တရားကို စဉ်းစားပါ။ ဤစာအုပ်ကို ဖတ်နေစဉ်မှာပင် "နှစ်စဉ်နှစ်တိုင်းအိုလာသည်" ဟုသိသော စိတ်ကုန်ပြီးမှ "လစဉ်လတိုင်းအိုလာသည်" ဟုသိသော စိတ်ဖြစ်လာသည် (စိတ်ဟူသည် တပြိုင်တည်း နှစ်မျိုးမဖြစ်ကောင်း)။

လစဉ်လတိုင်းအိုလာသည်ဟု သိသောစိတ်ကုန်ပျောက်ပြီးမှ "နေ့စဉ်နေ့တိုင်း အိုလာသည်"ဟု သိသောစိတ်ဖြစ်လာသည်။ ၎င်းကုန်ပျောက်ပြီးမှ "နာရီတိုင်းအိုလာသည်" ဟုသိသောစိတ်၊ ၎င်းကုန်ပြီးမှ "မိနစ်တိုင်းအိုလာသည်"ဟု သိသောစိတ်၊ ၎င်းကုန်ပြီးမှ "စက္ကန့်တိုင်းအိုလာသည်"ဟု သိသောစိတ် ဖြစ်လာသည်။ ယခုသိနေသောစိတ်ကို စဉ်းစားပါဦး။ ယခု သိနေသောစိတ်သည် စောစောက မရှိ၊ ယခုမှသိလာ၏။ "ယခုမှသိလာ၏"ဟု သိသော စိတ်သည် ဒုတိယစိတ်၊ 'ဒုတိယစိတ်' ဟု သိသောစိတ်က နောက်မှဖြစ်သော တတိယစိတ်၊ "နောက်မှဖြစ်သောတတိယစိတ်" ဟု သိသောစိတ်က စတုတ္ထစိတ်ဖြစ်သည်။ ဤသို့ပင်'စိတ်' ဟူသော နာမ်တရားကလည်း တစက္ကန့်ကို အပိုင်းတရာ၊ နှစ်ရာစသည် စိတ်သော်လည်း တပိုင်းမျှ အနားမနေဘဲ၊ ဝါ-အတည်မရှိဘဲ အလွန်လျင်မြန်စွာ ဆက်လက်ဖြစ်ပျက်နေသည်။

ဤသို့ နာမ်ရုပ် နှစ်ပါးလုံးပင် တစက္ကန့်မျှမမြဲ အခါခပ်သိမ်း ပြောင်းလဲ ဖြစ်ပျက်နေမှုသည် မမြဲသောနာမ်ရုပ်ကို 'မမြဲ'ဟု သိရကြောင်း အမှတ်လက္ခဏာ အနိစ္စလက္ခဏာဖြစ်၏။ ထိုသို့ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် စက္ကန့်

မလပ် တဖျတ်ဖျတ် တဖြုတ်ဖြုတ်ကဲ့သို့ တုန်လှုပ်ချောက်ချား တိမ်းပါးဖောက်ပြန် အညှဉ်းဆဲ ခံနေရမှုသည်ပင် ဆင်းရဲသောနာမ်ရုပ်ကို 'ဆင်းရဲ၏' ဟု သိရကြောင်းအမှတ် လက္ခဏာ ဒုက္ခလက္ခဏာ ဖြစ်၏။ ထိုသို့ မည်သူ့အလိုမှ မလိုက်၊ မည်သူ့အကြိုက်မှမပါ ဓမ္မတာအတိုင်း ဖြစ်ပျက် မမြဲ ဆင်းရဲဖောက်ပြန်နေမှုသည်ပင် မိမိအလိုအတိုင်း မပြု မကျင့်မြဲနေနိုင်သူ၊ ဖြစ်ပျက်ညှဉ်းဆဲ ဆင်းရဲမခံ စံနေနိုင်သူ အတ္တကောင်မဟုတ်သော အနတ္တနာမ်ရုပ်ကို 'အတ္တကောင် မဟုတ်'ဟုသိရကြောင်း လက္ခဏာ အနတ္တလက္ခဏာဖြစ်၏။

ဤသို့ဆိုခဲ့သော တစက္ကန့်ကို အပိုင်းတရာ ပိုင်းသော်လည်း တပိုင်းလောက်မျှ မတည်မနားဘဲ ဖြစ်ပျက်နေမှု အနိစ္စလက္ခဏာစသည့် သဘောတရားသည် ကသိုဏ်းနိမိတ် စသည်တို့ကဲ့သို့ သမာဓိအားဖြင့် စိတ်ညှို့ဖန်ဆင်း၍ သိမြင်ရသော တရားမျိုးမဟုတ်။တကယ်ဖြစ်ပျက်နေသည်ကို သမ္မာသမာဓိလျှင် အရင်းနှီးဆုံး အဖော်သဟာယ်ရှိသောကိ လေသာညစ်ကြေး ကင်းဝေးသော ဝိပဿနာဉာဏ် မျက်စိဖြင့် မျက်မှောက်ထင်ထင် သိမြင်ရသော တရားမျိုး ဖြစ်၏။ ဝိပဿနာ ဉာဏ်ဆယ်ပါးတို့တွင် ဒုတိယ အဆင့်ဖြစ်သော ဥဒယဗ္ဗယဉာဏ် အထွဋ်အထိပ် တိုင်အောင် ကောင်းစွာပွားများ ရောက်ရှိဘူးသူတိုင်း မြင်သိဘူးသည်ချည်းဖြစ်၏။

"ဘုရားရှင်မှာကား ဝိပဿနာဉာဏ် ဆယ်ပါးလုံး၏ ခေါင်ထိပ်သို့တိုင်အောင် ပွားများရောက်ရှိ သိမြင်တော်မူသည်" ဟု အောက်မေ့ကြည်ညိုပါ။

(ခ)အမှတ် ၂ "ရာဂစသွာ" အစချီသော စကားစုမှာ ရုပ်နာမ်သင်္ခါရ တရားများ၏ ထွန်းထားသောဖယောင်းတိုင်မီး၊ လျှပ်စစ်မီးများကဲ့သို့ အမြဲမပြတ်အသစ်အသစ်ဖြစ်၍ ဖြစ်တိုင်း ကုန်ပျောက်မှုဟူသော အနိစ္စလက္ခဏာ၊ထိုဖြစ်မှု ကုန်မှုတို့ဖြင့် အခါခပ်သိမ်း နှိပ်စက်မှုကြောင့် အခါခပ်သိမ်း တုန်လှုပ်ချောက်ချား တိမ်းပါးဖောက်ပြန် နေရမှုဟူသော ဒုက္ခလက္ခဏာ၊ အကြောင်းတရားဖြစ်ပါလျက် မဖြစ်ဘဲ၊ အကြောင်းတရား ကုန်ပါလျက် မကုန်ဘဲနေနိုင်သော၊ ဝါ-အကြောင်းနှင့် ကင်း၍ အလိုအတိုင်း တည်နေနိုင်သောအတ္တ မရှိ၊ အကြောင်း၏ အကျိုး အဆက်ဆက်သာလျှင် ရှိသည်ဟူသော အနတ္တလက္ခဏာကိုပြည့်စုံစွာသိမြင်တော်မူရသဖြင့် ထိုအနိစ္စ၊ဒုက္ခအနတ္တတရားကို ချစ်ခင်နှစ်သက် စုံမက်တွယ်တာမှု ရာဂမရှိတော့သည်ကိုရင်း၊ခံစားရသူငါလည်းမဟုတ်၊ပြုလုပ်သူတခြားလည်းမရှိ၊ တိုတောင်းလှသော ဥပါဒ်၊ဌီ၊ ဘင်ခဏကလေးအတွင်း အကြောင်းအားလျော်စွာ ဖြစ်ပျက်သွားသော နာမ် ရုပ်သာဖြစ်၍ စိတ်ဆိုးစရာလည်းမရှိ၊ စိတ်ဆိုး၍လည်း မရတော့သဖြင့် ဒေါသ မဖြစ်တော့သည်ကိုရင်း၊ ဖြစ်ပျက်နေသောနာမ်ရုပ်ကို အပြည့်အစုံသိမြင်တော်မူနေသဖြင့် မသိမှု မောဟလည်း မဖြစ် နိုင်တော့သည်ကိုရင်း၊ ထိုသို့အခါခပ်သိမ်းဖြစ်ပျက်နေသဖြင့် ဥပါဒ်ခဏ၊ ဘင်ခဏ ဌီသာရှိနိုင်သော နာမ်ရုပ်နှစ်ပါး မမြဲတရား၊ဆင်းရဲတရား၊ သတ္တဝါဟူသော အနှစ်မဲ့တရားစဥ်မို့၍ "တကယ့် ငါပါ

ကလား”ဟုမြင့်ကြွားမှုလည်း မဖြစ်နိုင်သဖြင့် မာနလည်း မဖြစ်နိုင်တော့သည်ကိုငင်း၊ အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာကို မျက်မှောက်သိမြင်တော်မူနေရသဖြင့် မြဲသည်၊ ချမ်းသာသည်၊ ငါကောင် အတ္တကောင်ရှိသည်ဟု ယူမှားမှုဒိဋ္ဌိလည်း မရှိနိုင်တော့သည်ကိုငင်း၊ ကံ၊စိတ်၊ဥတု၊ အာဟာရစသော အကြောင်းတရားများကြောင့်ဖြစ်သော အကျိုးနာမ်ရုပ်သာဖြစ်၏။ အကြောင်းတရားမရှိလျှင်ဖြစ်နိုင်သည်မဟုတ်ဟု အထင်အရှား သိမြင်တော်မူသဖြင့် ငါဟူသော အတ္တကောင်ဟုတ်သလော၊ မဟုတ်သလော၊ဖြစ်ရဦးမည်လော၊ မဖြစ်တော့ပြီလော စသည်ဖြင့်ဖြစ်သော ယုံမှားမှု ဝိစိကိစ္ဆာလည်းမရှိနိုင်၊ မဖြစ်နိုင်တော့သည်ကိုငင်း၊ ရုပ်တရားနှစ်ပါး၏ ဖောက်ပြန်မှု၊ နာမ်တရား၏ အာရုံကိုသိမှုဟူသော အသီးအသီးသော သဘာဝ လက္ခဏာကိုငင်း၊ ရုပ်နာမ်သင်္ခါရတရားတို့၏တူညီသော အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသောသာမညလက္ခဏာကိုငင်း၊ မျက်ဝါးထင်ထင်သိမြင်သုံးသပ်တော်မူနေရသဖြင့် တရားသဘော၌ မတည်ကြည်နိုင်ဘဲ ပြန့်လွင့်မှုဥဒ္ဓစ္စ၊ လေးလံတွေဝေမှု ထိနမိဒ္ဓတို့လည်း မဖြစ် နိုင်တော့သည်ကိုငင်း၊ သံသရာ တလျှောက်လုံး၌ ကောင်းမှုမကောင်းမှုများ၏အကျိုးကိုခံစားရသူသတ္တဝါကောင်မရှိဘဲ အကြောင်းအကျိုး အဆက်ဆက်ဖြစ်သော နာမ်ရုပ်သာရှိသည်ကို သိမြင်တော်မူသဖြင့် နောင်တတဖန် ပူပန်မှု ကုက္ကုစ္စလည်း မရှိတော့သည်ကိုငင်း သိမြင်နှလုံးသွင်း၍ ဘုရားရှင်ကိုကြည်ညိုပွားများရန် စကားစုများဖြစ်သည်။

ဤအပိုဒ်သို့ရောက်လျှင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားရှင်၏ ကိုလေသာကင်း၍ သန့်ရှင်းစင်ကြယ်သဖြင့် အလွန်မြင့်မြတ်သော ဂုဏ်တော်ကိုအာရုံပြု၍ ကြည်ညိုပွားများပါ။ ဂုဏ်တော်ကို ကြည်ညိုလျှင် ဂုဏ်တော်၏ တည်ရာမြတ်စွာဘုရားကိုလည်း ကြည်ညိုပြီး ဖူးမြင်ပြီး ဖြစ်လေသည်။

## ဘုရားရှင်ကို ဉာဏ်မျက်စိဖြင့် ဖူးမြင်ရပုံ

"မြတ်စွာဘုရားကို ကြည်ညိုဖူးမြင်ရသည်" ဆိုရာမှာလည်း ဉာဏ်မျက်စိဖြင့် ဖူးမြင်ရသည်ကိုဆိုပါသည်။

"ဒိဋ္ဌောဟိ မေ သောဘဂဝါ

အန္တိမာယံ သမုဿယော-ငါသည်ဗောဇ္ဈင်တရား၊မဂ္ဂင်တရားများ ပွားများပြီးလေပြီ၊ဘုရားရှင်ကိုဖူးမြင်ရပေပြီ"

စသည်ဖြင့် ရဟန္တာများ ဥဒါန်းကျူးသကဲ့သို့တည်း။ အနိစ္စစသော လက္ခဏာကိုမြင်၍ မိမိ၌ကိုလေသာကင်းခြင်းဂုဏ်ကို ကိုယ်တွေ့သက်သေအဖြစ် ထောက်ထား၍ ဘုရားရှင်၏ ကိုလေသာကင်းခြင်း စသောဂုဏ်ကိုငှင်း၊ ဂုဏ်တော်၏တည်ရာ ဘုရားရှင်ကိုငှင်း ဉာဏ်မျက်စိဖြင့် ဖူးမြင်ကြည်ညိုကြရခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိယောဂီသည်လည်း ဂုဏ်တော်နှင့်တကွ ဘုရားရှင်ကို ဖူးမြင်နိုင်ရန် မိမိကိုယ်ကို ဝိပဿနာရှုရမည်ဟု အထက်ကဆိုခဲ့သည်။သို့မှသာ "ဩော်-ငါသည်ပင် အနိစ္စစသည်ကို မှုံမှုံမွှားမွှားမြင်ရုံဖြင့် ဝိပဿနာအခိုက်မှာ ဤမျှကိလေသာကင်းသေး၏။ အနိစ္စစသည်ကိုအပြည့်အစုံမြင်တော်မူပြီးသော ဘုရားရှင်ကား အဘယ်

ဆိုဘွယ်ရာရှိမည်နည်း”ဟု မိမိ၏ကိုယ်တွေ့တရားနှင့် နှိုင်းစာထောက်ထား၍ ဘုရားရှင်ကို မှန်းဆဖူးမြင်ကာအာရုံပြုကြည်ညိုနိုင်လေသည်။

ထိုသို့ဘုရားရှင်ကို ဖူးမြင်တွေ့ရှိနိုင်ရန် အနိမ့်ဆုံးအဆင့်ကလျာဏပုထုဇဉ်ဖြစ်ရပေမည် ‘ကလျာဏပုထုဇဉ်’ ဆိုရာမှာလည်း ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်နှင့် ဘုရားရှင်၏ဂုဏ်တော်ကို သင်အံလေ့လာပွားများဘူးသူ ဗုဒ္ဓါနုဿတိ ယောဂီကလျာဏပုထုဇဉ်ထက် ထိုမှတဆင့်တက်၍ နာမ်ရုပ် တို့၏ဖြစ်မှု ပျက်မှုကို မြင်ရသည်တိုင်အောင် ဝိပဿနာ ပွားများဘူးသူ အာရဒ္ဓ ဝိပဿက ကလျာဏပုထုဇဉ်က ပို၍ဘုရားရှင်ကို ဖူးမြင်ကြည်ညိုရပေမည်။ ၎င်းထက် သောတာပန်က ပို၍ဖူးမြင်ကြည်ညိုရပေမည်။ ၎င်းထက် သကဒါဂါမ်၊ ၎င်းထက် အနာဂါမ်၊ ရဟန္တာက ပို၍ ဘုရားရှင်ကို ဖူးမြင်ကြည်ညိုရပေမည်။ ရဟန္တာတို့တွင်လည်း ပကတိသာဝကထက် မဟာသာဝကများကငင်း၊ မဟာသာဝကများထက် အဂ္ဂသာဝကများကငင်း၊ အဂ္ဂသာဝကတို့တွင်လည်း အရှင်မောဂ္ဂလာန်ထက် အရှင်သာရိပုတ္တရာကငင်း ပို၍ ဖူးမြင်ကြည်ညိုရပေမည်။ ဘုရားရှင်များသာလျှင် ဘုရားရှင်၏ဂုဏ်ကျေးဇူးများကို အပြည့်အစုံသိတော်မူကြ၍ ဘုရားရှင်အချင်းချင်းကို အပြည့်အစုံ ဖူးမြင်ကြည်ညိုတော်မူနိုင်ကြလေသည်။

ခန္ဓာ၊ အာယတနစသည်ကိုမျှ မလေ့လာဘူး၊ နားမလည်ဘူးသူ အန္ဓပုထုဇဉ်သည် မည်သည့်နည်းဖြင့်မျှ ဉာဏ်မျက်စိဖြင့် ဘုရားရှင်ကို ဖူးမြင်ကြည်ညိုရမည်မဟုတ်

ပေ။ ဘုရားရှင်လည်း အောက်ပါအတိုင်း အပဒါန်ပါဠိတော်၌ ဟောတော်မူသည်။

> ယော ဟိ ပဿတိ သဒ္ဓမ္မံ၊
> သော မံ ပဿတိ ပဏ္ဍိတော။
> အပဿမာနော သဒ္ဓမ္မံ၊
> မံ ပဿေပိ န ပဿတိ။

မြန်မာပြန်။ ။အကြင် ပညာရှိသည် သစ္စာလေးပါး သူတော်ကောင်းတရားကိုမြင်၏။ ထိုပညာရှိသည် ငါဘုရားကို (ဉာဏ်မျက်စိဖြင့်) ဖူးမြင်ရ၏။ သစ္စာလေးပါးသူတော်ကောင်းတရားကို မမြင်လျှင် ငါဘုရားကို (ပကတိမျက်စိဖြင့်) မြင်နေရသော်လည်း (ဉာဏ်မျက်စိဖြင့်) မဖူးမြင်ရ။

ဤဒေသနာတော်ကို ထောက်ပ ား၍ "ဒေဝဒတ်၊ သုနက္ခတ္တစသူတို့ ဘုရားရှင်ကို ပကတိမျက်စိဖြင့် မြင်နေရပါလျက် ပြစ်မှားကြခြင်းသည် ဉာဏ်မျက်စိဖြင့် မမြင်ရသောကြောင့်သာဖြစ်၏" ဟု မှတ်ချက်ချသင့်ပါသည်။

## ကလျာဏ၏သစ္စာကိုသိပုံ

အာရဒ္ဓဝိပဿက ကလျာဏပုထုဇဉ်၏ သစ္စာလေးပါးကိုမြင်ပုံမှာ နာမ်ရုပ်နှစ်ပါး သင်္ခါရတရားကို အနိစ္စစသည်မြင်ခြင်းသည် ဒုက္ခသစ္စာကိုမြင်သည်မည်၏။ ထိုသို့ မြင်သဖြင့် ဝိပဿနာအခိုက် နာမ်ရုပ်ကို တပ်မက်မှုရာဂ၊ နာမ်ရုပ်ကြောင့် စိတ်ဆိုးမှုဒေါသ စသည်မဖြစ်မှုသည် သမုဒယသစ္စာကို ပယ်သည်မည်၏။ မဖြစ်ရာ မပျက်ရာ နိဗ္ဗာန်သည်သာ ဖြစ်မှု၊ ပျက်မှုမရှိ၍ ချမ်းသာ၏ဟု မှန်းဆ၍

စာကြည့်တိုက်

အာရုံပြုခြင်း၊ ရာဂစသည်တို့ ငြိမ်းခြင်းသည် နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏။ ထိုသို့ဒုက္ခသစ္စာကိုမြင်၍ ရာဂစသည်ကို တဒင်္ဂပဟာန် ဝိပဿနာအားဖြင့် ပယ်လျက် နိဗ္ဗာန်ကိုအာရုံပြုသော ဝိပဿနာဉာဏ်အစဉ် ဖြစ်ပေါ်ခြင်းသည် လောကီမဂ္ဂသစ္စာကိုပွားသည်မည်၏ဟူ၍လည်း မှတ်ပါ။

ကျန်နေခဲ့သော အဓိပ္ပါယ်ကို ပြန်ဆက်ရေးဦးမည်။ ဤအမှတ် ၂-ကိလေသာပယ်ပုံကို ဆိုသော စကားစုတွင်ပင် "ဝါသနာပင် ကြွင်းမထင်အောင် သုဓ်သင်ရှင်းပ ကင်းစေမှုလျှင်" ဟူသော စကား၏အဓိပ္ပါယ်မှာ— "ရာဂစသော ကိလေသာကို ပယ်ရာ၌ ဝါသနာမျှပင် မကျန်အောင်ပယ်တော်မူ၏" ဟု ဆိုလိုပါသည်။ ဤအရာ၌ ပစ္စေကဗုဒ္ဓါအပါအဝင် ရဟန္တာအားလုံးသည် ကိလေသာကို အကြွင်းမဲ့ ပယ်သည်ချည်း မှန်သော်လည်း ဝါသနာကိုကား မပယ်နိုင်ကြပေ။ ဥပမာ....ပိလိန္ဒဝစ္ဆရဟန္တာကြီးသည် ဘဝပေါင်းများစွာကမိမိကိုယ်ကို အထင်ကြီးမှု မာန၊ သူတပါးကို အထင်သေး ရှုံ့မုန်းမှု ဒေါသတို့ဖြင့် သူတပါးကို 'ဝသလီ-သူယုတ်မာ' ဟု ခေါ်လေ့ ပြောလေ့ ဝါသနာရှိခဲ့သည်။ ရဟန္တာဖြစ်သောအခါ ထိုမာန၊ ဒေါသတို့ကို အကြွင်းမဲ့ ပယ်ပြီးသော်လည်း 'ဝသလီ' ဟု ပြောဆိုခေါ်ဝေါ်တတ်သော အလေ့ဝါသနာကိုကား မပယ်နိုင်ရှာပေ။ မြတ်စွာဘုရားကား ရဟန္တာများကဲ့သို့မဟုတ် ကိလေသာကိုပယ်ရာ၌ ဝါသနာ အရိပ်အငွေ့မျှပင်မကျန်၊ အလွန်စင်ကြယ်စွာ ပယ်တော်မူသည်ဟု သိရှိကြည်ညိုပါဟူလို။

ထိုသို့ကိလေသာပင် ကြွင်းမထင်အောင် သုမ်သင်ပယ် ရှားတော်မူသောကြောင့် ကိလေသာကင်းသူ ပစ္စေက ဗုဒ္ဓါနှင့် ရဟန္တာတို့ထက် အထူးဆုံး၊ အမြတ်ဆုံးဖြစ်တော် မူသော ဘုရားရှင်ကို နတ်လူအပေါင်းတို့က အောက်ပါ အတိုင်း ချီးကျူးပူဇော်ကြကြောင်းကိုက္ကတိဝုတ်၊အင်္ဂုတ္တိုရ် ပါဠိတော်တို့၌ ဟောတော်မူ၏။

ဒန္တော ဒမယတံ သေဋ္ဌော၊
သန္တော သမယတံ ဣသိ။
မုတ္တော မောစယတံ အဂ္ဂေါ၊
တိဏ္ဏော တာရယတံ ဝရော။

အနက်။ ။ဗုဒ္ဓေါ- မြတ်စွာဘုရားသည်။ ဒန္တော- ရိုင်း စိုင်းတတ်စွာ၊ ကိလေသာတို့၊ ဝါသနာပင်၊ ကြွင်းမထင် အောင်၊ တွင်းပြင်ဖြူဖွေး၊ကင်းစင်ဝေးသဖြင့်၊ ယဉ်ကျေး တော်မူလှုပါပေ၏။ ဒမယတံ- ရိုင်းစိုင်းတတ်စွာ၊ ကိလေ သာတို့၊ မလာကင်းဝေး၊ ကွာရှင်းအေးသဖြင့်၊ ယဉ်ကျေး စေတတ်၊ ယဉ်ကျေးတတ်ကုန်သော၊ သူမြတ် အရိယာ၊ ရဟန္တာတို့တွင်၊ သေဋ္ဌော-ယှဉ်လာတိုင်းရှုံး၊ အနိုင်ဆုံးမို့၊ တိုက်လုံးရင်သပ်၊ ချီးကျူးအပ်သည့်၊ အထူးမြတ်ဆုံး ဖြစ် ပါပေ၏၊ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ သန္တော- ထကြွ ယုတ်ရမ်း၊ မငြိမ်းချမ်းသည့်၊ သောင်းကျန်းတတ်စွာ၊ ကိ လေသာတို့၊ ဝါသနာပင်၊ ကြွင်းမထင်အောင်၊ တွင်းပြင် ဖြူဖွေး၊ ကင်းစင်ဝေးသဖြင့်၊ ငြိမ်းအေးသိမ်မွေ့တော်မူ လှုပါပေ၏၊ သမယတံ–ထကြွယုတ်ရမ်း၊ မငြိမ်းချမ်းသည့်၊ သောင်းကျန်းတတ်စွာ၊ ကိလေသာတို့၊ မလာကင်းဝေး၊

ကွာရှင်းပြေးသဖြင့်၊ ငြိမ်းအေးစေတတ်၊ ငြိမ်းအေးတတ်ကုန်သော၊ သူမြတ်အရိယာ၊ ရဟန္တာတို့၏၊ ဣသိသိလကၡန္ဓ၊ စသည်မြတ်များ၊ အေးတရားကို၊ လိုလားအောက်မေ့၊ ရှာမှီးလေ့သော၊ ရသေ့ရဟန်းဖြစ်တော်မူပါပေ၏။ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်၊ မုတ္တော- ကိလေသာညွှတ်ကွင်း၊ ဝဋ်အိမ်တွင်းမှ၊ လွတ်ကင်းထွက်မြောက်တော် မူတတ်ပါပေ၏။ မောစယာတံ- ကိလေသာညွှတ်ကွင်း၊ ဝဋ်အိမ်တွင်းမှ၊ လွတ်ကင်းစေတတ်၊ လွတ်ကင်းတတ်ကုန်သော၊ သူမြတ်အရိယာ၊ ရဟန္တာတို့၏၊ ဒဠှေါ- အမွန်အဦး၊ တံခွန်မျိုးမို့၊ အထွဋ်အဖူးဖြစ်တော်မူပါပေ၏။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ တိဏ္ဏော-သြဃလေးဖြာ၊ အဏ္ဏဝါမှ၊ လေးဖြာမဂ်၊ သဘော်ပျံဖြင့်၊ ခေမံကွန်းထောက်၊ အေးကျွန်းရောက်အောင်၊ကူး မြောက်ဆန့်တက်တော်မူတတ်ပါပေ၏။ တာရယတံ၊ သြဃ လေးဖြာ၊ အဏ္ဏဝါမှ၊ လေးဖြာမဂ်၊ သဘော်ပျံဖြင့်၊ ခေမံကွန်းထောက်၊ အေးကျွန်းရောက်အောင်၊ ကူးမြောက်စေတတ်ကူးမြောက်တတ်ကုန်သော၊ သူမြတ်အရိယာ၊ရဟန္တာတို့၏၊ ဝရော-သဘော်မဂ်၊ စက်ရေယာဉ်ကို၊ တီထွင်ဖန်ဆင်း၊ ရှင်တော်ရင်းမို့၊ ဝပ်စင်းဆည်းကပ်၊ တောင့်တအပ်သည့် အမြတ်ဆုံး ပဲ့မျိုးကြီး ဖြစ်တော်မူပါပေ၏။

## နိဗ္ဗာန်ဟူသည်

(၈) အမှတ် ၃ "ဘဝသုံးရွာ" အစချီသော စကားစုမှာ ဆိုခဲ့သည့်အတိုင်း ဘုရားရှင်အား ကိလေသာ ကင်းစင်ပြီးဖြစ်သဖြင့် အာရုံခြောက်ပါး ကာမ၊ ရူပ၊ အရူပ

ဟူသော ဘုံသုံးရွာတေဘူမ္မကတရားတို့၌ ရာဂဖြင့်ချစ်ခင်ခြင်း၊ ဒေါသဖြင့်ရွံမုန်းခြင်း၊ မောဟဖြင့်မသိခြင်း၊ မာနဖြင့်မြင့်ကြွားခြင်း၊ ဒိဋ္ဌိဖြင့် ငါ ငါ့ဟာဟု ယူမှားခြင်း၊ ဝိစိကိစ္ဆာဖြင့် ငါဟုတ်သလော မဟုတ်သလော စသဖြင့်ယုံမှားခြင်းစသော ကိလေသာသဘော ကိလေသာအခြင်းအရာတို့ဖြင့် အာရုံပြု၍မမှီတော့ မမွေ့လျော်တော့သဖြင့် ထိုတေဘူမ္မကတရားတို့နှင့် မလူးလိမ်းမရောနှော မစပ်ယှဉ်တော့ဘဲ ကျော်ပေးသကဲ့သို့သာ ရှိတော့သည်ကို အာရုံပြုကြည်ညိုရန် စကားစုများဖြစ်ပါသည်။

(ဃ) အမှတ် ၄ "အေးငြိမ်းရာမှန်" အစ ချီသော စကားစုမှာ ထိုသို့တေဘူမ္မကတရားစု၌ ကိလေသာဖြင့် လူးလိမ်းကပ်ငြိခြင်းမှလွတ်မြောက်ပြီးသော လောကုတ္တရာဘုံသား ဖြစ်တော်မူသည့်အလျောက် တေဘူမ္မကသခ်ါရတရားစုမှ အရဟတ္တမဂ်ဖိုလ်ရွှေဉာဏ်တော်ဖြင့် ကျော်ပေးရုန်းထွက်ကာ ဖြစ်ပျက်ညှဉ်းဆဲ ဝဋ္ဋဆင်းရဲတို့ ကင်းစဲချုပ်ငြိမ်းရာခေမာအမတံနိဗ္ဗာန်သို့သာ ဝင်ရောက်တွေ့ထိလျက် သိရှိမွေ့လျော် စံပျော်နေတော်မူရသည်ကို အာရုံပြုကြည်ညိုရန်စကားစုဖြစ်သည်။

နိဗ္ဗာန်အကြောင်း နည်းနည်းရေးပြမည် "နိဗ္ဗာန်သည် ဘာတခုမျှမရှိသောတရား" ဟုထင်မြင်ယူဆသူ အများအပြားရှိသည်။ နိဗ္ဗာန်၌ ရုပ်နာမ်ခန္ဓာ မရှိသည်ကား မှန်၏၊ ခန္ဓာမရှိသော်လည်း ချမ်းသာအနန္တကားကောန်ရှိ၏။ ရှင်းပြမည်ဖြစ်ရခြင်း၊ ပျက်ရခြင်း၊ ဖောက်ပြန်ရခြင်း၊ မွေးရ၊ အိုရ၊ နာရ၊ သေရခြင်း၊ ပူပြင် စောင့်ရှောက်ရခြင်း၊

အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရုပ်ဖြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊အနာမျိုးကိုးဆယ့်ခြောက်ပါး၊ဗျသနတရား ငါး ပါး၊ဝိပ္ပတ္တိတရားလေးပါး၊သုံးဆယ့်နှစ်ပါးသောကံကြမ္မာ နှစ်ဆယ့်ငါးပါးသောဘေး၊ တဆယ့် ခြောက်ပါးသော ဥပဒ္ဒဝေါ၊ မကောင်းသောဒဏ်၊ မကောင်းသောဂြိုဟ်စီး ဒသာ၊ဇာတာနက္ခတ်စသော သခါရဒုက္ခ အနန္တသည်ဇင်း၊ သြဿ၊ ယောဂ၊ အာသဝ၊ သံယောဇဉ်၊ နီဝရဏ၊ ဂန္ထ၊ လောဘ၊ ဒေါသစသော ပရိယာယ် မျိုးမည်များလှစွာ သော ကိလေသာ ဒုက္ခအနန္တသည်ဇင်း အဘယ်တွေနည်း ဟုစဉ်းစားပါ။ ရုပ်နာမ်ခန္ဓာများသာ ဖြစ်သည်ဟု အမှန် အတိုင်းသိမြင်နိုင်ပါသည်။ ရုပ်နာမ်ခန္ဓာမရှိလျှင် ဤဒုက္ခ အနန္တမရှိနိုင်၊ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်းမှုသည် ဒုက္ခအနန္တ ချုပ်ငြိမ်းမှုပင်ဖြစ်၏။ဒုက္ခအနန္တ ချုပ်ငြိမ်းသဖြင့် ဒုက္ခအ နန္တကင်းနေမှု သဘောသည် ချမ်းသာအနန္တ ရှိနေမှုသ ဘောဖြစ်၏။ ထိုချမ်းသာ အနန္တရှိနေမှု သဘောသည်ပင် နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကို သဘာဝအခြင်းအရာအားဖြင့် ပရိယာယ်ထုတ်လျှင် မဖြစ်ချမ်းသာ၊ မပျက် ချမ်းသာ၊ မဖောက်ပြန်ချမ်းသာ၊ မမွေးချမ်းသာ၊ မအိုချမ်းသာ၊ မနာချမ်းသာ၊ မသေချမ်းသာ၊ မပူပြင် ချမ်းသာစသည် ဖြင့် ဒုက္ခအနန္တနှင့်ပြောင်းပြန် သုခအနန္တပင် ပရိယာယ် ထုတ်၍သိမြင်ရမည်။

တနည်းမှာနိဗ္ဗာန်သည် မည်သည့် အချိန်ကမျှစဖြစ်၍ မည်မျှကြာလျှင်မျှပြီးဆုံးမည်မဟုတ်သောကြောင့် အနန္တ သုခမည်၏။ ကံ၊စိတ်၊ဥတု၊ အာဟာရစသော အကြောင်း တို့ကဖြစ်စေသည် မဟုတ်သောကြောင့် အသခ်တမည်၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရစသော အကြောင်း မရှိသော ကြောင့် အပစ္စယမည်၏။ အလိုလိုအမြဲရှိနေသောကြောင့် နိစ္စ သုခ၊မပြိုမပျက်သောကြောင့်ဓုဝသုခ၊ အတိုးအလျော့ မရှိ တသမတ်တည်း ချမ်းသာနေသောကြောင့် အဝိပရိဏာ သုခမည်၏ စသည်ဖြင့် နိဗ္ဗာန်၏ သဘာဝအခြင်းအရာ အားဖြင့် အမည်များလှ၏။ အကျဉ်းချုပ် မှတ်ရန်မှာ "နိဗ္ဗာန်သည် ဖြစ် ပျက် ဖောက်ပြန် တတ်သဖြင့် အမြဲ ဆင်းရဲသော သင်္ခတသဘောနှင့်ဆန့်ကျင်ဘက်ပြောင်းပြန် ဖြစ်သော၊ မဖြစ် မပျက် မဖောက်ပြန်တတ်သဖြင့် အမြဲ ချမ်းသာနေသော အသင်္ခတသဘောဖြစ်၏" မှတ်။

(င) အမှတ် ၅ "ထိုရောက်ကာလ" အစရှိသော စကားစုမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်ရောက် ချိန်မှစ၍ မသိမှု မောဟ ပျောက်ကင်းစင်ကြယ်သဖြင့် မိုးသားတိမ်မှလွတ်စင်သောနေမင်းကဲ့သို့ သဗ္ဗညုတဉာဏ်ကြီး အစွမ်းကုန်ဖြစ်ပေါ် ပွင့်လင်းကာ တရားအားလုံးကိုအပိတ် အပင်မရှိ သိတော်မူသည်။ ထိုသို့သဗ္ဗညုတဉာဏ်တော်ဖြင့် တရားဥဿုံအလုံးစုံကို အကုန်သိတော်မူတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေသည်တကား ဟု သိမြင်ပွား များကြည်ညိုရန် စကားစုဖြစ်ပါသည်။

(ဤအပိုဒ်၌"မောဟအဝိဇ္ဇာ ကင်းပျောက်ကွာသဖြင့်" ဟုဆိုသော်လည်း ဥပလက္ခဏာ စကားသာဖြစ်၍ကိလေသာ အားလုံး ကင်းပျောက်ကွာသည် ဟုမှတ်ပါ။ သဗ္ဗညုတ ဉာဏ်တော် ဖြစ်ပေါ်သည်ဟု ဆိုရာမှာလည်း ဥပလက္ခဏာ သာ။ ဆအသာဓာရဏဉာဏ်တော်ခြောက်ပါး၊ ပဋိသမ္ဘိဒါ

ဉာဏ်တော်လေးပါး၊ စတုဝေသာရဇ္ဇဉာဏ်တော်လေးပါး၊ သမန္တစက္ခုဉာဏ်တော်ဆယ့်လေးပါး၊ ဒသဗလဉာဏ်တော် ဆယ်ပါး စသောဗုဒ္ဓဉာဏ်တော်အားလုံးကိုရပြီးဖြစ်သဖြင့် ဉာဏ်တော်အားလုံးဖြစ်ပေါ်သည်ဟုမှတ်)။

## နိဗ္ဗာန်မြင်မှု အလင်းရ

ဤအမှတ် ၅ ၏အဓိပ္ပါယ်ကို ဥပမာဖြင့် ထပ်၍ရှင်းဦးမည်။ ပဋိသန္ဓေကပင် မျက်စိမမြင်သူ ဝမ်းတွင်းကန်း တယောက်ရှိ၏။ သူ့ကို မိဘများက ညစ်ပတ်၍ပုံစံမကျသောအဝတ်နက်တခုကိုဝတ်ဆင်ပေးထား၏။ထိုဝမ်းတွင်းကန်းသည် ထိုအဝတ်ကိုပင် သန့်ရှင်းစင်ကြယ်၍ ပုံစံကျသော အဝတ်ဖြူဖြစ်သည်ဟု အထင်မှားမှု ဒိဋ္ဌိဖြစ်၏။ အဝတ်ကို ချစ်ခင်နှစ်သက်စုံမက်နှမြောမှု လောဘလည်း ဖြစ်၏၊ အဝတ်ကိုထိပါးလာသောအခါ၊ အဝတ်ပျောက်သောအခါ၊ စုတ်ပြဲသောအခါ စသည့်အခါတို့၌လည်း စိတ်ဆိုးဒေါသဖြစ်၏။ အဝတ်ကိုအမှီပြု၍ မြင့်ကြွားမှု မာနလည်းဖြစ်၏။ ရံခါ အဝတ်သည် "အမည်းလော၊ အဖြူလော" စသည့် အခြင်းအရာအားဖြင့် ယုံမှားမှု ဝိစိကိစ္ဆာ စသည်များလည်းဖြစ်သေး၏။

တနေ့သော် ထိုဝမ်းတွင်းကန်းသည် အကြောင်းအား လျော်စွာ မျက်စိအမြင်ရလာ၏။ ထိုအခါ မိမိဝတ်ဆားသော အဝတ်သည် မသန့်ရှင်းမစင်ကြယ် ညစ်ပတ်၏၊ ပုံစံမကျ အရုပ်ဆိုး၏၊ မဖြူစင် မည်းနက်၏ဟု အမှန်အတိုင်း သိမြင်လာသည်။ထိုအခါမှစ၍ အဝတ်ကိုမှီ၍ဖြစ်သောဆိုခဲ့သည့် ဒိဋ္ဌိ၊လောဘ၊ဒေါသ၊မာနစသည်တို့အားလုံးပျောက်

ပြေသွားတော့၏။ထို့ကြောင့်လည်း သူ့အားထိုအဝတ်ကို မဝတ်လိုတော့ဘဲ အဝတ်ဖြူကိုသာဝတ်လိုစိတ် ပြင်းပြစွာ ဖြစ်လာတော့၏။ သို့ရာတွင် သူသည် မွေးသည်မှ ယနေ့ တိုင်အောင် ထိုမိမိ၏အဝတ်နှင့် ဆန့်ကျင်ဘက်အားဖြင့် သန့်ရှင်းသော၊ ပုံစံကျနလှပသော၊ဖြူစင်သောအဝတ်ကို မမြင်ဘူး၊ မရဘူး၊ မဝတ်ဆင်ရဘူးသောကြောင့် ရှိရင်း အဝတ်နက်ကိုသာ ဝတ်ဆင်နေရရှာ၏။ထိုသို့မတတ်သာ၍ ဝတ်နေရရာမှရံခါမျာ း၌ဆိုခဲ့သောအဝတ်ကိုမှီ၍ဖြစ်သော ဒိဋ္ဌိ၊ လောဘ၊ ဒေါသစသည်တို့ ပြန်၍ဖြစ်ကောင်းဖြစ်လာ နိုင်သေး၏။မသိမသာလည်း ဖြစ်လာသေးသည်ပင်တည်း။

သို့သော်လည်း ထိုသူသည်စိတ်အားမလျှော့ဘဲ အဝတ် ဖြူကို စုံစမ်းရှာဖွေရာမှ တနေ့တွင် ဈေးတွင်းသို့ ရောက် သွားပြီး သန့်ရှင်းသော၊ ပုံစံကျနလှပသော၊ဖြူစင်သော အဝတ်ကိုမြင်တွေ့ရလေသည်။ထို့နောက် ထိုအဝတ်ဖြူကို ဝယ်ယူရရှိလေသည်။ ထိုသို့ဝယ်ယူရရှိသည်နှင့် တပြိုင်နက် မိမိ၏ အဝတ်နက်ကို ချွတ်ခွါစွန့်ပစ်၍ သန့်ရှင်းလှပ ဖြူ စင်သော အဝတ်သစ်ကို ဝတ်ဆင်ကာ တသက်လုံး ပျော်ရွှင်ချမ်းသာ နေရတော့၏။ ထိုသို့ စင်ကြယ်လှပဖြူ စင်လှသော အဝတ်သစ်ကို တွေ့မြင်ရယူကာ ဝတ်ဆင်ရ သည့် အဝတ်ဖြူရှင်ဘဝသို့ ရောက်သည်မှစ၍ ချွတ်ခွာ စွန့်ပယ်ပြီးသော အဝတ်နက်နှင့် လုံးဝမဆိုင်တော့သဖြင့် အဝတ်နက်ကိုမှီ၍ဖြစ်သော ဒိဋ္ဌိ၊ လောဘ၊ ဒေါသ စသည် တို့သည် မည်သည့်အခါမျှ ပြန်လည် ဖြစ်ပေါ်ခြင်းမရှိဘဲ အပြီးအပိုင် စင်ကြယ်ပြတ်ကင်း လေတော့သတည်း။

ဤဥပမာ၌ ခန္ဓာ၊ အာယတန၊ ဓာတ်စသည်ကိုမျှ မသိသူ အန္ဓပုထုဇဉ်သည် ဝမ်းတွင်းကန်းနှင့်တူ၏။ ထိုခန္ဓာ အာယတနစသည်ကို သိလာသော ကလျာဏပုထုဇဉ်သည် မှုံမှုံ မွားမွား မြင်လာသော ဝမ်းတွင်းကန်းနှင့်တူ၏။ သမ္မသနဉာဏ်မှစ၍ အနုလုံ ဉာဏ်တိုင်အောင် ဝိပဿနာ ပွားသဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်၍ အနည်းဆုံး ဝိပဿနာအခိုက်၌ ရာဂစသည့် ကိလေသာ ကင်းငြိမ်းနေသောကြောင့် ရုပ်နာမ်ခန္ဓာ၌ ငြီးငွေ့ကာ ၊ဝါ-လျစ်လျူရှုကာ နိဗ္ဗာန်ကိုသာ လိုချင်သူ အာရဒ္ဓဝိပဿကသည် လုံးဝမျက်စိအလင်းရ၍မစင်မကြယ်၊မတင့်တယ်၊မည်းနက်သော အဝတ်ကိုမှီ၍ဖြစ်သော လောဘစသည် ကင်းငြိမ်းကာ စင်ကြယ်လှပ ဖြူစင်လှသောအဝတ်ကိုသာဝတ်လိုသူ 'အလင်းရ'နှင့်တူ၏။ ထိုသို့ နိဗ္ဗာန်ကိုသာ လိုချင်လှသော်လည်း 'နိဗ္ဗာန်'ဟူသည်ကို မမြင်ဘူး၊ မရဘူး၊ မဝင်စားရသေးဘူးသဖြင့် ရုပ်နာမ် သင်္ခါရကိုသာ မလွှဲမကင်းသာ အာရုံပြုနေရသဖြင့် ရံခါ ဝိပဿနာဉာဏ်အား လျော့ပါးသွားသဖြင့် ရာဂစသော ကိလေသာများ အနည်းအများ ပြန်၍ ဖြစ်လာနိုင်သေးခြင်းသည် ၊ ဝါ- အနုသယ အနေဖြင့်ရှိနေခြင်းသည် သန့်ရှင်းလှပဖြူစင်လှသော အဝတ်ကို ဝတ်ဆင် လိုလှသော်လည်း ထိုအဝတ်ဖြူကို တခါမျှမမြင်ဘူး၊ မရဘူး၊ မဝတ်ဆင်ဘူးသဖြင့် ရှိရင်းအဝတ်နက်ကိုပင် မလွှဲမကင်းသာ ဝတ်ဆင်နေရရာမှ ဝမ်းတွင်းကန်းအလင်းရအား ရံခါများ၌ အဝတ်ကို မှီ၍ဖြစ်သော လောဘစသည်တို့ အနည်းအများ ပြန်လည်ဖြစ်ပေါ် သေးသည်နှင့်တူ၏။ အာရဒ္ဓဝိပဿကသည် ဝိပဿနာကို ဆက်လက်

ကြိုးစားပွားများနေရာမှ နောက်ဆုံးအချိန်တွင် ရုပ်နာမ် ဟူသော အနန္တဒုက္ခနှင့် ဆန့်ကျင်ဘက် အနန္တ ချမ်းသာ နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်ဝေါဒါန်ဉာဏ်တို့ဖြင့် အဆင့်ဆင့် အားဖြင့် အရဟတ္တမဂ်တိုင်အောင် မဂ်ဉာဏ်ဖြင့် တွေ့ထိရ ယူပြီးလျှင် အရဟတ္တဖိုလ် ဉာဏ်ဖြင့်ဝင်စားကာ ချမ်းသာ မွေ့လျော်စံပျော်နေရခြင်းသည် အလင်းရ ဝမ်းတွင်းကန်း၏ နောက်ဆုံး တနေ့တွင် သန့်ရှင်းလှပ ဖြူစင်လှသော အဝတ်ကို တွေ့မြင်ရယူကာ ဝတ်ဆင်၍ ရွှင်လန်းချမ်းသာစွာ နေရသည်နှင့်တူ၏။

ဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်ကို တွေ့မြင်ရရှိကာ ဝင်စားနေရသူ ရဟန္တာအရှင်မြတ်သည် ရုပ်နာမ်ခန္ဓာနှင့် ကိလေသာမလေ့ဖြင့် လုံးဝ မစပ်ယှက် မသက်ဆိုင်တော့သော နိဗ္ဗာန်ဘုံသား ဖြစ်လာရသည့်ပြင် မိမိ၏ကိုယ်တွေ့ အနန္တသုခနိဗ္ဗာန်ချမ်းသာနှင့် နှိုင်းစာသောအားဖြင့် အနန္တဒုက္ခနာမ်ရုပ်ဆင်းရဲ၏ အပြစ်များကို ဆန့်ကျင်ဘက် အားဖြင့် ပို၍ ပြည့်စုံစွာ သိမြင်ရသောကြောင့် မိမိအား ရုပ်နာမ်ခန္ဓာကိုမှီ၍ဖြစ်တတ်သော ရာဂစသည့် ကိလေသာ အားလုံး၏ ပြန်လည်ဖြစ်ပေါ်ခြင်းငှာမထိုက်တော့အောင်အပြီးအပိုင်ချုပ်ငြိမ်းခြင်းသည် အဝတ်ဖြူရှင်ဘဝသို့ ရောက်ရှိလာသူ အလင်းရ ဝမ်းတွင်းကန်းအား ချွတ်ခွါစွန့်ပယ်ပြီးသော အဝတ်နက်ကိုမှီ၍ဖြစ်သော ဒိဋ္ဌိ၊လောဘ၊ဒေါသစသည်တို့သည် မည်သည့်အခါမျှ ပြန်လည် ဖြစ်ပေါ်ခြင်းမရှိဘဲ အပြီးအပိုင်စင်ကြယ် ပြတ်ကင်းသည်နှင့်တူ၏။

ထို့ကြောင့် ထိုသို့ အရဟတ္တ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရောက်ရှိမှ ကိလေသာအားလုံး ကင်းစင်သည်၊

ကိလေသာ ကင်းစင်ရာ အရဟတ္တ ဖိုလ်ဉာဏ်နှင့် တပြိုင်နက် သဘာဝအားဖြင့် သဗ္ဗညုတဉာဏ်ကို ရရှိတော်မူသည်ကို၊ ဝါ-အရဟတ္တဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်တော်များ၏ နောက်တစုံတခုသော နေယျတရားကို ဆင်ခြင်ချိန်မှစ၍ သဗ္ဗညုတဉာဏ်တော်ဖြစ်ပေါ်သည်ကို အာရုံ ပြုပွားများ စေလိုသဖြင့် "ထိုရော်ကာ၊လ၊ ယင်းမှစ၍"စသော ဤအမှတ် ၅-အပိုဒ်ကို ထည့်သွင်းရေးသားရသည်။

## မဏိဇောတိရည်နှင့်သဗ္ဗညု

"ရဟန္တာအားလုံးသည်ပင် အရဟတ္တဖိုလ်သို့ ရောက်လျှင် ကိလေသာကင်းစင် ကြည်လင် ပွင့်လင်းပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် သဗ္ဗညုတဉာဏ်ကို မရကြပါသနည်း၊ အဘယ့်ကြောင့် ဘုရားရှင်သည်သာ သဗ္ဗညု အဖြစ်သို့ ရောက်သည်တိုင်အောင် ကြည်လင်ပွင့်လင်း ပါသနည်း" ဟူသောပြဿနာကို ဥပမာဖြင့် ရှင်းလင်းပြမည်။

ဥပမာ မသွေးရသေးသော ကျောက်ရိုင်းမျိုးစုံရှိ၏။ ထိုကျောက်ရိုင်းတို့တွင် မဏိဇောတိရည် ပတ္တမြားလည်း ပါဝင်၏။ ထိုကျောက်ရိုင်းအားလုံးကိုသွေး၍ အကွက်ချပြီး အရောင်တင်လိုက်သောအခါ အားလုံး အညစ်အကြေး ကင်းပြီး ပွင့်လင်းကြည်လင် ကြသည်ချည်းဖြစ်၏။ သို့ရာတွင် ပွင့်လင်းကြည်လင်မှု အဆင့်အတန်းချင်း မတူကြ။ စလင်းထက် ထပ်တရာက ပို၍ပွင့်လင်းကြည်လင်၏။ ထပ်တရာထက်ဉဿဖြားက၊ ဉဿဖြားထက် စိန်ကပို၍ပွင့်လင်း ကြည်လင်၏။ အပြာမျိုးတို့တွင်လည်း မှိုင်းသာပြာထက် ခရမ်းက၊ ခရမ်းထက် နီလာက ပို၍ပွင့်လင်း၏။ အနီမျိုး

တို့တွင်လည်း ဥဒေါင်းထက် အညံ့ပန်းက၊ အညံ့ပန်းထက် ပတ္တမြားက ပို၍ပွင့်လင်း ကြည်လင်၏။ ပတ္တမြားမျိုးတို့တွင်ပင် ခေါင်ရမ်းထက် မဉ္ဇူကာ၊ မဉ္ဇူထက် ယုန်သွေးက ပို၍ပွင့်လင်း ကြည်လင်၏။ ထိုသို့ပွင့်လင်း ကြည်လင်သမျှသော ကျောက်မျိုးစုံတို့တွင် မဏိဇောတိရသ် ပတ္တမြားသည်ကား ရောင်မျိုးစုံကြိုးမျိုးစုံ ကွန့်မြူးလျက် သောက်ရှူးကြယ်နှင့် နေပမာလို အခြား ကျောက်မျိုးစုံတို့ မတူသအောင် ပဘာဝင်း၍ အပွင့်လင်း အကြည်လင်ဆုံးဖြစ်လာ၏။ ဤကျောက်မျိုးအားလုံးတို့သည်သွေးပြီး၊ အရောင်တင်ပြီး၍ အညစ် အကြေး ကင်းသည်ချည်း ဖြစ်ပါလျက် အဘယ့်ကြောင့်ပွင့်လင်းကြည်လင်မှုမတူ တမူစီထူးခြား၍ ကွဲပြားစွာဖြစ်နေရသနည်းဆိုလျှင် ရေ မြေ ဒေသ ကာလ ဥတု စသည်ကိုစွဲ၍ မျိုးရင်းဇာတိချင်း၊ အမျိုးအစားချင်း ကွဲပြား ခြားနားသောကြောင့်ပင်ဖြစ်၏။

ဤဥပမာ၌ ပုထုဇဉ်သည် ကျောက်ရိုင်းနှင့် တူ၏။ ရဟန္တာသည် သွေးပြီး အရောင်တင်ပြီးသော ကျောက်ယဉ်နှင့်တူ၏၊ ရဟန္တာအားလုံးသည်ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ကိလေသာ ကင်းစင်ကြသည်ချည်း ဖြစ်သော်လည်း ဉာဏ်၏ကြည်လင်မှုချင်း မတူကြဘဲ အချို့ရိုးရိုးသုက္ခဝိပဿက အဖြစ်ဖြင့်ရင်း၊ အချို့ပဋိသမ္ဘိဒါဉာဏ်ရ အဖြစ်ဖြင့်ရင်း၊ အချို့အဘိညာဏ်ရအဖြစ်ဖြင့်ရင်း၊ အချို့ ဝိဇ္ဇာသုံးပါးရအဖြစ်ဖြင့်ရင်း၊ အချို့ သီလမှုတင်တေဒဂ်၊ အချို့ သမာဓိဈာန်တေဒဂ်၊ အချို့ ပညာတေဒဂ်စသည် အသီးသီး ရသူအဖြစ်ဖြင့်ရင်း အဆင့်အတန်းမတူ တမူစီ

ကွဲပြား၍ တခြားစီ ပွင့်လင်းကြလေသည်။ ထိုသို့ ဉာဏ်၏ အဆင့်အတန်းမတူ တမူစီကွဲပြား၍ တခြားစီ ပွင့်လင်းကြခြင်းသည် ဆိုခဲ့သော ကျောက်ယဉ်များ တမူစီကွဲပြား၍ ပွင့်လင်း ကြသည်နှင့်တူ၏။ ဘုရားရှင်မှာကား ဆိုခဲ့သော ပဋိသမ္ဘိဒါ၊ အဘိညာဏ် စသည်များအပြင် သဗ္ဗညုတ ဉာဏ်တော်စသော အသာဓာရဏ ဉာဏ်တော်ခြောက်ပါး၊ သမန္တစက္ခုဉာဏ်တော် တဆယ့်လေးပါး၊ ဒသဗလ ဉာဏ်တော် ဆယ်ပါး၊ ဝေသာရဇ္ဇ ဉာဏ်တော်လေးပါး၊ ပရိသ အကမ္ပနဉာဏ်တော် ရှစ်ပါး၊ ယောနိပရိစ္ဆေဒဉာဏ်တော် လေးပါး၊ ဂတိပရိစ္ဆေဒဉာဏ်တော် ငါးပါး စသည်တို့ဖြင့် အာရုံအနန္တ၌ အနန္တအားဖြင့် ဖြစ်ပေါ် ပွင့်လင်းတော်မူခြင်းသည် မဏိဇောတိရသ်ပတ္တမြားကြီး ရောင်စုံကြိုးစုံ ကွန့်မြူးလျက် အထူးဆုံး အသာဆုံး ပွင့်လင်းသည်နှင့် တူ၏။ဤသို့အဆင့်အတန်းမတူ တမူစီကွဲပြား၍ တခြားစီ ပွင့်လင်းကြခြင်းသည်လည်း ဆိုခဲ့သောကျောက်များကဲ့သို့ မိမိတောင်းခဲ့သောဆု၊ ပြုခဲ့သော ပါရမီကိုအစွဲပြု၍ ဉာဏ် မျိုးစေ့ချင်း မတူသောကြောင့်ဖြစ်၏။

ဘုရားရှင်သည် ပြင်းထန်လှစွာသော ဆန္ဒဓာတ်ဖြင့် သဗ္ဗညုတဉာဏ်ဆုတောင်း၍ သဗ္ဗညုတအလင်းရောင် မျိုးစေ့ချခဲ့၏။ မျိုးစေ့ချခဲ့သည့်အလျောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ပါရမီဆယ်ပါး စွန့်ခြင်းကြီးငါးပါး ကျင့်ခြင်းကြီးသုံးပါးကိုဖြည့်ဆည်းလျက်ပြုစုပျိုးထောင်၍ ရှင်သန် ကြီးပွားစေခဲ့၏။ ဘုရားရှင် ပါရမီတော်များကို ဖြည့်ဆည်းခြင်းဖြင့် အမှောင်ကိုခွင်း၍ အလင်းဓာတ်တည် ဆောက်ခဲ့ပုံကို အမြွက်ရေးပြမည်။

## ပါရမီဆယ်ပါးဖြင့် ကိလေသာပယ်ပုံ

ပစ္စည်းဥစ္စာ၊ အင်္ဂါခြေလက်၊ အသက်၊ သားမယား၊ တိုင်းကားပြည်ရွာတို့ကို လှူဒါန်းမှု ဒါနပါရမီဖြင့် ချစ်ခင် နှစ်သက် စုံမက် နှမြောခြင်း လောဘ အမှောင်ခေတ်ကို ခွင်း၍ မချစ် မခင် မနှစ်သက် မနှမြောခြင်း အလောဘ အလင်းခေတ်ကို တည်ဆောက်ကာ (သဗ္ဗညုတ စသော) ဗုဒ္ဓဉာဏ် အလင်းရောင်ကို ညစ်ကြေးသုဓ်သင် အရောင်တင် တော်မူခဲ့သည်။

ဒုစရိုက်ကို ရှောင်ကြဉ်မှု သီလပါရမီ၊ သည်းခံမှု ခန္တီ ပါရမီ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား ရှုငဲ့မှု မေတ္တာပါရမီတို့ဖြင့် ပြစ်မှားမှုဒေါသ၊ စိတ်ဆိုးမှု ကောပ၊ မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယအမှောင်ခေတ်များကို ပယ်ခွင်း၍ အဒေါသ စသည့်အလင်းခေတ်ကိုတည်ဆောက်ကာ ဗုဒ္ဓဉာဏ်အလင်းရောင်ကို ညစ်ကြေးသုဓ်သင် အရောင်တင်တော်မူခဲ့သည်။

ပညာပါရမီဖြင့် မသိမှု မောဟနှင့် ဖောက်ပြန်စွာယူမှားမှု မိစ္ဆာဒိဋ္ဌိ အမှောင်ခေတ်ခွင်း၍အမောဟ သမ္မာဒိဋ္ဌိ ဟူသော အလင်းခေတ်ကို တည်ဆောက်ကာ ဗုဒ္ဓဉာဏ် အလင်းရောင်ကို ညစ်ကြေးသုဓ်သင် အရောင်တင်တော်မူခဲ့ သည်။

တောထွက်ခြင်း နေက္ခမ္မပါရမီဖြင့် ကာမဂုဏ်၌ စွဲမက်မှု ကာမဂုဏ် အမှောင်ခေတ်ကိုပယ်ခွင်း၍ ဝိရာဂ အလင်း ခေတ်ကို တည်ဆောက်လျက်ရင်း၊

ဝီရိယပါရမီဖြင့် ကုသိုလ်တရားတို့၌ မမွေ့လျော်မှု အရတိ၊ ပျင်းရိ ထိုင်းမှိုင်းမှု ထိနမိဒ္ဓ၊ ပြန့်လွင့်မှု ဥဒ္ဓစ္စ အမှောင်ခေတ်များကိုပယ်ခွင်း၍ ဝီရိယိန္ဒြေ၊ ဝီရိယာဓိပတိ အလင်းခေတ်ကို တည်ဆောက်လျက်ရှင်း၊

အဓိဋ္ဌာနပါရမီဖြင့် သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားတို့၏ နုံ့နဲ့မှုကို ပြုတတ်သော ကိလေသာ အမှောင်ခေတ်ကို ပယ်ခွင်း၍ အားကြီး ခိုင်ခံ့သောသဒ္ဓါအားစသည့် အလင်းခေတ်ကို တည်ဆောက်လျက်ရှင်း ဗုဒ္ဓဉာဏ်အလင်းရောင်ကို ညစ်ကြေးသုမ်သင် အရောင်တင်တော်မူခဲ့လေသည်။

ဘုရားရှင်သည် အလောင်းတော်ဘဝများကပင် ဤသို့ လေးသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံးဘဝနှင့်နှစ်၊လ၊ နေ့၊ရက်မပြတ်ပါရမီဖြည့်လျက် လောဘစသည့်ကိလေသာ အမှောင်ခေတ်ကိုပယ်ခွင်း၍ အလောဘစသည့် အလင်း ခေတ်ကိုတည်ဆောက်ကာ ဗုဒ္ဓဉာဏ်အလင်းရောင်ကို ညစ် ကြေးသုမ်သင်၍ အရောင်တင်ခဲ့သည်မှာလည်း သာမည မဟုတ်။ ဤသို့၌ လောဘစသော ကိလေသာများပင် ရှိမှုရှိသေး၏လောဟု တွေးထင်ရလောက်အောင်ပင် ဗုဒ္ဓ ဉာဏ်အလင်းရောင်ကို ညစ်ကြေးသုမ်သင် အရောင်တင်ခဲ့ ခြင်းဖြစ်၏။

ထို့ကြောင့်ပင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကြာမျှ အလွန်စောလှစွာသော အလောင်းတော် သုမေဓာဘဝက ပင်လျှင် "နိဗ္ဗာန်တရားသည်အမှန်ရှိရမည်" ဟု ကြံဆသိမြင် နိုင်သောအသိဉာဏ်၊ ဘုရားဖြစ်ကြောင်း ပါရမီဆယ်ပါး

အမှန်တရားကို ကြံဆသိမြင်နိုင်သော အသိဉာဏ် အလင်းရောင်များကို ရရှိတော်မူခဲ့သည်။ သရဘင်္ဂ ရသေ့ဘဝ၊ သမ္ဘဝသူငယ်ဘဝ၊ မဟော်သဓောဘဝစသည့် ဘဝပေါင်းများစွာတို့၌လည်း သာမန်နတ်လူတို့ မဖြေရှင်းနိုင်သော ပုစ္ဆာပြဿနာပေါင်း များစွာကို အံ့သြလောက်အောင် ဖြေရှင်းနိုင်သော အသိဉာဏ်အလင်းရောင်ကိုရရှိတော်မူခဲ့သည်။ ပစ္ဆိမဖြစ်သော ဤနောက်ဆုံးဘဝ၌လည်း ဘုရားရှင်အဖြစ်သို့မရောက်သေးမီအကြိုရက်ကပင် ပဋိစ္စသမုပ္ပါဒ်သဘောတရားကို အလိုလိုသိမြင် ဆင်ခြင်နိုင်သော အသိဉာဏ်အလင်းဓာတ်ကို ရရှိတော်မူခဲ့ပြီးဖြစ်လေသည်။ ပွင့်တော်မူမည့် ကဆုန်လပြည့်နေ့သို့ အဝင် ၎င်းအဖိတ်နေ့၏ သန်းခေါင်ကျော် ပစ္ဆိမယာမ်မှစ၍ ထိုသိပြီးဖြစ်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကိုပင် အာရုံပြုလျက်သမ္မသနဉာဏ်မှစ၍ ဝိပဿနာအဆင့်ဆင့် ရှုပွားသောအားဖြင့် အရောင်တင်လိုက်သည်နှင့်တပြိုင်နက် ၎င်းလပြည့်နေ့နံနက် အရုဏ်တက်ချိန်ဝယ် ထိုနေ့ထွက်ပေါ်သည့် နေလုလင်၏ အလင်းရောင်ကို အပြိုင်ပြုအနိုင်ယူကာ စကြဝဠာ အနန္တတိုင်အောင် ပွင့်လင်း ကြည်လင် သိမြင် ထိုးထွင်းနိုင်သော သယမ္ဘူဉာဏ်၊ သဗ္ဗညုတ ဉာဏ်စသော ဗုဒ္ဓဉာဏ်အဖြစ်အားဖြင့် အစွမ်းကုန်ဘိုးခဲ့၍ အတုမဲ့ ပွင့်လင်းလာခြင်းဖြစ်ပေသတည်း။

(စ)အမှတ် ၆။ "ထိုမှ၎င်း နောက်တကြောင်းကား" အစချီသောစကားစုမှစ၍ "ဗုဒ္ဓရှေဘွဲ့၊ ပေါ်ထွန်းခဲ့သည်" တိုင်အောင်သော စကားစုများမှာ ဘုရားရှင်သည် ကိုယ်တော်တိုင် သစ္စာလေးပါး တရားဥဿုံ အလုံးစုံကို အကုန်

သိတော်မူသောကြောင့်၎င်း၊ သတ္တဝါတို့အားလည်း သစ္စာလေးပါးကို သိစေတော်မူသောကြောင့်၎င်း ဗုဒ္ဓမည်၏ ဟု အောက်မေ့ကြည်ညိုရန် စကားများဖြစ်သည်။

## မဟာကရုဏာတော်အနန္တ

ထိုစကားစုများတွင်လည်း "အပေါင်းနတ်လူ ငါ့နည်းတူလျှင် နိဗ္ဗူခေမံ နေရဗာန်သို့ ရွှေညာဏ်ရှုမြှော် ရောက်ကြသော်ကား အဟော်ဝတ ကောင်းလေစွဟု ဉာဏ ဖြစ်ပွား ချစ်သနား၍" ဟူသော စကားစုဖြင့် ဒုက္ခအနန္တ ဖြစ်နေသော သတ္တဝါအနန္တကိုမြင်တော်မူသော ဘုရားရှင်အား မဟာကရုဏာ ဉာဏ်တော်အနန္တ ဖြစ်သည်ကို ဖော်ပြသော စကားစုဖြစ်သည်။

ချွဲဦးမည် သတ္တဝါတယောက်ယောက်တွင် အဆင်းကို ချစ်ခင်နှစ်သက် စုံမက်နှမြော လိုက်လျော တွယ်တာ အာသာစွဲတပ် လွန်ငြိကပ်သောအငတ်လောဘ၊ အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို၊စိတ်ကူးကိုချစ်ခင်နှစ်သက် စုံမက်နှမြော လိုက်လျော တွယ်တာ အာသာစွဲတပ် လွန်ငြိကပ်သော အငတ်လောဘဟူ၍ လောဘခြောက်မျိုးရှိလေသည်။

တဖန် အဆင်းကို ချစ်ခင်နှစ်သက် စုံမက်နှမြော လိုက်လျောတွယ်တာ အာသာစွဲတပ် လွန်ငြိကပ်သော အငတ်လောဘ တမျိုးတည်းသည်ပင် အတိတ်အဆင်းကို၊ အနာဂတ်အဆင်းကို၊ ပစ္စုပ္ပန်အဆင်းကို စသည်ဖြင့်၎င်း၊ မိမိသန္တာန်အဆင်းကို၊ တခြား သန္တာန်အဆင်းကိုစသည်ဖြင့် ၎င်း၊ အပါယ်လေးဘုံ အဆင်းကို၊ ကာမသုဂတိ ခုနှစ်ဘုံ

အဆင်းကို၊ ပြဟ္မာ တဆယ့် ခြောက်ဘုံ အဆင်းကို စသည် ဖြင့်၎င်း၊ အဖြူကို၊ အနီကိုစသည်ဖြင့်၎င်းအာရုံပရိယာယ် အနန္တအားဖြင့် သတ္တဝါ တဦးတည်းမှာပင် ပရိယာယ် အနန္တဖြစ်၍ အနမတဂ္ဂသံသရာမှ အရဟတ္တဖိုလ်တိုင်အောင် ဘဝအနန္တတို့၌ နေ့ညမပြတ် တလင်းစပ် နှိပ်စက် ညှဉ်းဆဲ လျက် ရှိလေသည်။

ထိုအငတ်လောဘသည်ပင် သတ္တဝါတို့အား မူးရစ်စေ တတ်သောကြောင့် 'အာသဝ' ဟူသော အမည်ဖြင့်၎င်း၊ အာရုံပုံကာလိုချင်ခြင်းဖြင့် အထက်ဘဝဂ်၊ အောက်အဝီစိ တိုင်အောင် နက်ရှိုင်းလျက် စကြဝဠာ အနန္တတိုင်အောင် ကျယ်ပြန့်သော အရာရှိသဖြင့် မြုပ်မျော စေတတ်သော သမုဒ္ဒရာကြီးနှင့်တူသောကြောင့် 'ဩဃ' ဟူသော အမည် ဖြင့်၎င်း၊ သံသရာ ဝဋ်ဆင်းရဲ၌ အမြဲယှဉ်စေတတ်သော ကြောင့် 'ယောဂ' ဟူသော အမည်ဖြင့်၎င်း၊ ဣဋ္ဌအာရုံ ကာမဂုဏ်တို့၌ မလူးသာ မလွန့်သာအောင် တင်းကြပ်စွာ ဖွဲ့ရစ် နှောင်ထုံးတတ်သောကြောင့် 'ဂန္ထ'ဟူသောအမည် ဖြင့်၎င်း၊စျာန်မဂ်ဖိုလ်တရားထူးကို မရနိုင်အောင် တားဆီး ပိတ်ဆို့ တတ်သောကြောင့် 'နီဝရဏ'ဟူသော အမည် ဖြင့်၎င်း၊စိတ်နှလုံးကို ပူပန်ညစ်ညူးစေတတ်သောကြောင့် 'ကိလေသာ'ဟူသော အမည်ဖြင့်၎င်း၊ တပ်မက်တတ်သော ကြောင့် 'တဏှာ'၊ စွဲလမ်း တတ်သောကြောင့် 'ဥပါဒါန်'၊ တပ်စွမ်းတတ်သောကြောင့် 'ရာဂ'၊ လူးလိမ်းတတ်သော ကြောင့် 'လေပ'၊ ငါ့ဥစ္စာဟု သိမ်းယူတတ်သောကြောင့် 'ဂါဟ'၊ နှစ်သက် တတ်သောကြောင့် 'နန္ဒီ'၊ ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် 'သမုဒယ' စသည်အမည်တို့ဖြင့်

ဋ္ဌင်း ဤသို့စသည့် သဘာဝအခြင်းအရာ ပရိယာယ်အနန္တ ဖြင့် သတ္တဝါ တဦးတည်းမှာပင် ပရိယာယ် အနန္တဖြစ်၍ အနမတဂ္ဂ သံသရာမှစ၍ အရဟတ္တဖိုလ်တိုင်အောင် ဘဝ အနန္တတို့၌နေ့ညမပြတ် တလင်းစပ်ညှဦးဆဲ နှိပ်စက်လျက် ရှိလေသည်။

အသံကိုမှီ၍ဖြစ်သော အငတ်လောဘ စသည့် ငါးမျိုး တို့၏ ပရိယာယ်အနန္တဖြစ်၍ ဘဝအနန္တတို့၌ နေ့ညမပြတ် တလင်းစပ်ညှဦးဆဲနှိပ်စက်ပုံကိုဋ္ဌင်း၊ ဒေါသ၊ မောဟ၊ မာနစသည့် ကျန်ကိလေသာ ကိုးမျိုးတို့၏ ပရိယာယ် အနန္တဖြစ်၍ ဘဝအနန္တတို့၌ နေ့ညမပြတ် တလင်းစပ် ညှဦးဆဲနှိပ်စက်ပုံကိုဋ္ဌင်း ဤအဆင်းကိုမှီ၍ ဖြစ်သော အငတ်လောဘ၏နည်းကို ဖြစ်သင့်သလိုယူ၍ စဉ်းစားဆင် ခြင် ခွဲထွင်ဝေဘန်ပါ။

တဖန်ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေခြင်း၊ ရှာမှီးရခြင်း၊ စောင့် ရှောက်ရခြင်း၊ ပြုပြင်ရခြင်း၊ လိုတာမရ မလိုတာရခြင်း၊ ချစ်နှစ်သက်အပ်သော ဝတ္ထုအာရုံများနှင့် တွေ့ဆုံပေါင်း စည်းရခြင်း၊ ဆုတောင်းတိုင်းမရခြင်း စသော သခ်ါရဆင်း ရဲများအပြင် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရန်သူမျိုး ငါးပါး၊ ဗျသန ငါးပါး၊ ပိပ္ပတ္တိ လေးပါး၊ အနာမျိုး ကိုးဆယ့်ခြောက်ပါး၊ သုံးဆယ့်နှစ်ပါးသောကံကြမ္မာ၊ နှစ် ဆယ့်ငါးပါးသောဘေး၊ ဆယ်ပါးသောဒဏ်၊ မကောင်း သော ဂြိုဟ်စီးဒသာ စသည်ဖြင့် မရေတွက် နိုင်လောက် အောင် များလှသောဝဋ်ဒုက္ခများကလည်း သတ္တဝါတဦး

တည်းမှာပင် ပရိယာယ်အနန္တဖြစ်၍ အနမတဂ္ဂဘဝအနန္တ မှစ၍ ခန္ဓနိဗ္ဗာန်ဝင်စံရသည် တိုင်အောင် နေ့ညမပြတ် တလင်းစပ် နှိပ်စက်ညှဉ်းဆဲလျက်ရှိလေသည်။

လိုသို့ကိလေသာ ပရိယာယ်အနန္တ၊ သံသရာပရိယာယ် အနန္တတို့ဖြင့် အနန္တဆင်းရဲကို နေ့ညမပြတ် တလင်းစပ် ခံစား နေရသော အနန္တသတ္တဝါတို့သည် အကန်းတစ္ဆေ မကြောက်သကဲ့သို့ရင်း၊ "ကြွေးများတော့မပူ၊ သန်းထူ တော့မယား" ဆိုသကဲ့သို့ရင်း၊ အိမ်သာထဲက လောက် အိမ်သာထဲမှာဘဲ ပျော်သကဲ့သို့ရင်း ဖြစ်ကာ ဆင်းရဲကို ဆင်းရဲဟုမမြင်ချမ်းသာဟုထင်နေကြသော်လည်းဆင်းရဲက လွန်မြောက် နိဗ္ဗာန်ချမ်းသာသို့ ရောက်သဖြင့် အသိဉာဏ် အလင်းပေါက်၍ ထွင်းဖောက်သိမြင်တော်မူသော ဘုရား ရှင်အားကား ဆိုခဲ့သည့်အတိုင်း ဒုက္ခအနန္တကိုခံစားနေရ သောသတ္တဝါ အနန္တ၌ ကရုဏာတော်အနန္တ သက်တော် မူပါသတည်း။

(ဆ)၊ အမှတ် ၇ စကားစုများမှာ ထိုသို့ကရုဏာဖြစ် ပွါးသနားတော်မူလှသဖြင့် တရားဒေသနာ ဟောပြကာ ချွေချွတ်တော်မူရာဝယ် သောတာပန်စသည်ဖြစ်၍ များ စွာသောလူနတ်တို့ မြတ်စွာဘုရားသိမြင်ရောက်ရှိတော်မူရာ နိဗ္ဗာန်သို့ရောက်ကြသည်ကို သိရှိကြည်ညိုရန်စကားစုများ ဖြစ်ပေသည်။

## ဉာဏ်တော်လေးပါး

ထိုစကားစုတွင်လည်း "တရားဒေသနာ ဟောညွှန် ရာဝယ်" ဟူသော စကားတို့ဖြင့်ပင် ဘုရားရှင်အား

ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်၊ ပါဋိဟာရိယဉာဏ်၊ ဒေသနာတော်ဉာဏ်များ ဖြစ်တော်မူသည်ကို သိသာစေပါသည်။ မှန်လှ၏၊ ဣန္ဒြိယပရော ပရိယတ္တိဉာဏ် စသည် ဖြစ်ပေါ်ပြီးမှသာ ဒေသနာဉာဏ် ဖြစ်ပေါ်ရသည်။

ခွဲဦးမည် သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ ပညာဟူသော ဣန္ဒြေငါးပါး ကောင်းမွန်အားရှိသော သတ္တဝါများသည် ၁-ဉာဏ်မျက်စိဥ္စ ကိလေသာမြူနည်းပါးသူ အပ္ပရဇက္ခ၊ ၂-ဣန္ဒြေ ရင့်ကျက်သူတိက္ခိန္ဒြိယ၊ ၃-ဆိုခဲ့သောသဒ္ဓါတရားစသည်တို့၏ ကောင်းမြတ်သော သဘာဝရှိသူ သွာကာရ၊ ၄-တရားသဘောကို လွယ်ကူစွာသိနိုင်သူ သုဝိညာပယတို့ မည်ကုန်၏။ ထိုသူများကိုမဆိုင်းမလင့်ဘဲ ထိုက်သင့်သော တရားကို ဘုရားရှင် ဟောတော်မူ၏။ ဆိုခဲ့သော သဒ္ဓါ၊ ဝီရိယစသည်တို့မကောင်းမွန်အားမရှိသူများသည် ပြောင်းပြန်အားဖြင့် ၁-မဟာရဇက္ခ၊ ၂-မုဒိန္ဒြိယ၊ ၃-ဒွါကာရ၊ ၄-ဒုဝိညာပယတို့မည်ကုန်၏။ ထိုသူများကိုဣန္ဒြေကောင်းမွန်အားရှိသည်တိုင်အောင် ဆိုင်းငံ့ပြီးမှ ဘုရားရှင်တရားဟောတော်မူ၏။ဥပမာ ဥရုဝေလကဿပနှင့် ရသေ့ငါးရာတို့အား သုံးလမျှစောင့်ဆိုင်းပြီးမှရင်း၊ မာဃရာဇလုလင်အားတမိနစ်၊ နှစ်မိနစ်ကြာမျှ စောင့်ဆိုင်းပြီးမှရင်း တရားဟောတော်မူသည်။ဤဆိုခဲ့သည့်အတိုင်း ဝေနေယျအနန္တကိုအာရုံပြု၍ ဣန္ဒြေအားဖြင့်အမျိုးအစား ခွဲခြားဆင်ခြင်သိမြင်ဆုံးဖြတ်နိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်အနန္တ ဖြစ်တော်မူသည်။

"ဤသူကား ခန္ဓာအိမ် ပျက်စီး သေဆုံးသော်လည်း သတ္တဝါကောင်မသေ၊ အမြဲနေ၏၊ အိုးအိမ်ပြောင်းသည်နှင့် သာတူ၏" ဟု မှားသော အယူရှိသူဖြစ်၏။

"ဤသူကား ခန္ဓာအိမ်ပျက်စီးသေဆုံးလျှင် သတ္တဝါ ကောင်လည်း ဘာမျှမဖြစ်တော့ဘဲ ပြတ်ဆုံး၏" ဟု မှား သော အယူရှိသူဖြစ်၏။

"ဤသူကား ဝေါဟာရအားဖြင့် သတ္တဝါဟု ခေါ်ရ သော နာမ်ရုပ်သည် အကြောင်းအကျိုးအဆက်ဆက်သာ ဖြစ်၏၊ အကြောင်းရှိလျှင် အကျိုးရှိ၏၊ အကြောင်းချုပ် လျှင် အကျိုးချုပ်၏" ဟု အယူမှန်ရှိသူသမ္မာဒိဋ္ဌိကဖြစ်၏။

"ဤသူကား ကာမဂုဏ်လိုက်စား လောဘ များသူ ဖြစ်၏။

"ဤသူကား ကာမဂုဏ်မလိုက်စား အလောဘများသူ ဖြစ်၏" ဤသို့စသည်ဖြင့် သိမြင်တတ်သောဉာဏ်တော်သည် အာသယာနုသယဉာဏ်တော်မည်၏။

ဤအာသယ ဉာဏ်တော်သည်လည်း သတ္တဝါအနန္တကို အာရုံပြု၍ မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိက စသည်အားဖြင့် ခွဲခြားဆင်ခြင် သိမြင်ဆုံးဖြတ်လျက် အနန္တပင်ဖြစ်၏။

"ဤသူကား ၁၊ ကာမဘုံကိုတပ်မက်မှု ကာမရာဂါ နုသယ။ ၂၊ စိတ်ဆိုးမှု ပဋိဃာနုသယ။ ၃၊ မြင့်ကြွားမှု မာနာနုသယ။ ၄၊ ယူမှားမှုဒိဋ္ဌာနုသယ။ ၅၊ ယုံမှားမှု ဝိစိကိစ္ဆာနုသယ။ ၆၊ ရူပအရူပဘုံဌတပ်မက်မှု ဘဝရာဂါ

နုသယ။ ၇၊ မသိမှု အဝိဇ္ဇာနုသယ ဟူသော အနုသယ ခုနစ်ပါးလုံး မပယ်သေးသူ ပုထုဇဉ်ဖြစ်၏”ဟူ၍၎င်း၊

“ဤသူကား ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ နှစ်ပါးကို ပယ်ပြီးသူ သောတာပန်ဖြစ်၏ ၊ဝါ-သကဒါဂါမ်ဖြစ်၏” ဟူ၍၎င်း၊

“ဤသူကား ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ ကာမရာဂါနုသယ၊ ပဋိဃာနုသယ လေးပါးကို ပယ်ပြီး သူ အနာဂါမ်ဖြစ်၏”ဟူ၍၎င်း၊

“ဤသူကား အနုသယ ခုနစ်ပါးကိုပယ်ပြီးသူ ရဟန္တာဖြစ်၏”ဟူ၍၎င်း၊

“ဤသူကား ယုတ်ညံ့သော နှလုံးသွင်းရှိသူ ဟီနာဓိမုတ္တိက၊ သို့မဟုတ် မွန်မြတ်သောနှလုံးသွင်းရှိသူ ပဏီတာဓိမုတ္တိကဖြစ်၏”ဟူ၍၎င်း၊

“ဤသူကား ကျွတ်ထိုက်သူ ဘဗ္ဗ၊ သို့မဟုတ် မကျွတ်ထိုက်သူ အဘဗ္ဗဖြစ်၏” ဟူ၍၎င်း၊

“ဤသူကား လောဘများသူဖြစ်၏” ဟူ၍၎င်း၊

ထိုနည်းတူ “ဒေါသများသူ၊ မောဟများသူ၊ ဝိတက်များသူ၊ သဒ္ဓါများသူ၊ ပညာ များသူဖြစ်၏” ဟူ၍၎င်း သိသောဉာဏ်တော်သည် အနုသယဉာဏ်တော်မည်၏။ ဤအနုသယဉာဏ်တော်သည်လည်း သတ္တဝါအနန္တကို အာရုံပြု၍ ကာမရာဂါနုသယပုဂ္ဂိုလ် စသည်အားဖြင့် ခွဲခြားဆင်ခြင် သိမြင်ဆုံးဖြတ်လျက် အနန္တပင်ဖြစ်၏။

ဆိုခဲ့သောစရိုက် ခြောက်ပါးတို့တွင် လောဘများသူ လောဘစရိုက် ပုဂ္ဂိုလ်အား အသုဘကမ္မဋ္ဌာန်း စသည်ကို၊ ဒေါသများသူ ဒေါသစရိုက်ပုဂ္ဂိုလ်အားမေတ္တာကမ္မဋ္ဌာန်း စသည်ကို၊ ဝိတက်စရိုက် ပုဂ္ဂိုလ်အား အာနာပါနဿတိ ကမ္မဋ္ဌာန်းစသည်ကို၊ သဒ္ဓါစရိုက် များသော ပုဂ္ဂိုလ်အား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစသည်ကို၊ ပညာစရိုက်များသော ပုဂ္ဂိုလ်အား အနိစ္စာနုပဿနာစသည်ကို ဟောတော်မူ၏။

မောဟစရိုက်များသောပုဂ္ဂိုလ်အား စာပေကျမ်းဂန်ကို သင်အံမေးမြန်းခြင်း၊ တရားနာခြင်း၊ ဆွေးနွေးခြင်း၊ ပညာရှိ ဆရာသမားကို မှီဝဲဆည်းကပ်ခြင်း စသည်များကို ပြုစုစေတော်မူလျက် အာနာပါနဿတိကမ္မဋ္ဌာန်းစသည်ကို ဟောတော်မူ၏။

ဤသို့ဆိုခဲ့သည့်အတိုင်း ဣန္ဒြိယ ပရောပရိယတ္တိစသော ဉာဏ်တော်များဖြစ်ပြီးမှ "ဤသူကား ဤတရားနှင့်လျော်သည်" ဟု သိသောဒေသနာဉာဏ် ဖြစ်ပေါ်လေသည်။ ထိုဒေသနာတော်သည်လည်း ဝေနေယျကို အာရုံပြု၍ နည်းပရိယာယ် အနန္တအားဖြင့် အနန္တပင်ဖြစ်ပေါ်တော်မူသည်။

ထိုသို့ဝေနေယျတို့ကို တရားဟောညွှန်ရာ၌လည်း ဝေနေယျအလျောက် လိုအပ်သော အကြောင်းဥပါယ်၊ အသိုင်းအဝိုင်းဟူသော အောက်ပါ ပါဋိဟာရိယလေးမျိုးတို့ဖြင့် ဟောတော်မူလေ့ရှိသည်။

၁။ ဣဿုပါဋိဟာရိယ-တန်ခိုးပြခြင်းဟူသော ကိလေသာပယ်ကြောင်း အင်္ဂုလိမာလကိုချွတ်ခန်း စသည်တို့၌ ကဲ့သို့မှတ်။ ထိုအခါက ဘုရားရှင် မရွေ့မရှား ရပ်နေတော်မူပါလျက် အစွမ်းကုန်ပြေးနေသူ အင်္ဂုလိမာလ လိုက်၍မမှီအောင် တန်ခိုးပြ၍ တရားဟောတော်မူသည်။

၂။ အာဒေသနာပါဋိဟာရိယ-ထိုခဏ၌ ဖြစ်နေသော ဝေနေယျ၏ စိတ်ကိုသိ၍ ညွှန်ကြားမှုဟူသော ကိလေသာပယ်ကြောင်း။

မာနထဒ္ဓ ပုဏ္ဏားကိုချွတ်ခန်း စသည်တို့၌ကဲ့သို့မှတ်။ မာနထဒ္ဓပုဏ္ဏားသည်စုံစမ်းအကဲခပ်ရန်ဘုရားရှင်ထံမှောက်သို့ ရောက်ရှိလာကာ ရပ်လျက်ပင် အကဲခပ်စုံစမ်းပြီး "ဤဂေါတမသည် လောကဝတ်ကိုမျှနားမလည်၊ ဂရုစိုက်ဘွယ်မဟုတ်"ဟု မာနထား၍ နှုတ်ပင်မဆက်ဘဲ ပြန်တော့မည်ကြံရာ ဘုရားရှင်က "အို ပုဏ္ဏား မာနဟူသည်ကောင်းသောတရားမဟုတ်၊ မာနမထားအပ်၊ လာရင်းကိစ္စကိုသာပြီးအောင်ပြုလော့"ဟု မိန့်တော်မူ၏။ ထိုအခါမှ ပုဏ္ဏားက "ဂေါတမသည် ငါ့စိတ်ကိုပင်သိ၏"ဟု အကြံဖြစ်ကာခြေတော်စုံကို ရှိခိုး၍ တရားနာကျွတ်တန်းဝင်လေ၏။

၃။ အနုသာသနီပါဋိဟာရိယ-ဆိုဆုံးမခြင်း ဟူသော ကိလေသာပယ်ကြောင်း စပလာယနသုတ်ကို ဟောရာ စသည်တို့၌ကဲ့သို့မှတ်။ ထိုသုတ်၌ အရှင်မောဂ္ဂလာန်သည် အိပ်ငိုက်နေ၏။ ဘုရားရှင်ကြွလာတော်မူပြီး "မောဂ္ဂလာန် ထိနကိုပယ်လော့၊ အိပ်ငိုက်တတ်သော စိတ်ကို ဖျောက်

လော့၊ တရားကိုစဉ်းစားခြင်း စသည်ကိုပြုလော့၊ အလင်းရောင်ကို နှလုံးသွင်းလော့” စသည်ဖြင့် ဆုံးမပြီးမှ ‘တဏှာသင်္ခယဝိမုတ္တ’ ဟူသော တဏှာမှ လွတ်မြောက်ကြောင်း တရားတော်ကို ဟောတော်မူသည်။

၄။ ယမကပါဋိဟာရိယ-ရေမီးအစုံလွတ်ခြင်းစသော တန်ခိုးပြခြင်းဖြင့် ကိလေသာပယ်ကြောင်း ဗုဒ္ဓဝင်ဒေသနာ၊ ဝေဿန္တရာဇာတ် စသည်တို့ကိုဟောရာတို့၌ကဲ့သို့မှတ်။ ဆွေတော်မျိုးတော်အချို့တို့သည် “ဘုရားကားငါတို့ထက် အသက်အရွယ်၊ ဆွေစဉ်မျိုးဆက် စသည်အားဖြင့် ငယ်၏” ဟု အောက်မေ့ကာ မရိုမသေရှိမခိုးဘဲနေကြ၏။ ထိုအခါ ဘုရားရှင်က အချို့သောကိုယ်အင်္ဂါတို့မှ ကြီးစွာသော မီးလျှံကိုထွက်စေလျက်၊ အချို့သော ကိုယ်အင်္ဂါတို့မှ ကြီးစွာသော ရေအယဉ်ကိုထွက်စေခြင်း၊ ရောင်ခြည်ခြောက်သွယ်လွှတ်ခြင်း၊ ထိစေလိုသူကိုသာထိ၍ မထိစေလိုသူကို မထိသော ပေါက္ခရမိုဃ်းကြီးရွာစေခြင်း၊ ကောင်းကင်၌ စင်္ကြံကြွတော်မူခြင်းစသော တန်ခိုးတော်ကြီးကို ပြကာ ဆွေတော်မျိုးတော်တို့အား ကြည်ညိုရိုသေစေပြီးမှဗုဒ္ဓဝင် ဒေသနာ၊ဝေဿန္တရဇာတက ဒေသနာတို့ကို ဟောတော်မူသည်။

ဤ ပါဋိဟာရိယ လေးမျိုး သည်လည်း ဝေနေယျ အနန္တအတွက်အနန္တပင်ဖြစ်၏။ ထိုလေးမျိုးတို့တွင်ရှေ့သုံးမျိုးကို အချို့သာဝကများလည်းရကောင်း၏။ နောက်တမျိုးကိုကား ဘုရားရှင်သာ ရကောင်း၏။

## ပရမတ်ဘုရား

ဤ၌ဆိုခဲ့ပြီးသမျှသောသမ္မာသမ္ဗုဒ္ဓဉာဏ်၊ သဗ္ဗညုတဉာဏ်တော်အားလုံးတို့၊ဣန္ဒြိယပရောပရိယတ္တိဉာဏ်စသော ဉာဏ်တော်အားလုံးတို့သည်ပင် ပရမတ္ထဘုရား ဗုဒ္ဓဓာတ်အလင်းရောင်မည်၏။ ထိုဗုဒ္ဓဓာတ် အလင်းရောင်တို့ကြောင့် ဖြစ်ပေါ်သောဘုရားရှင်၏ တရားဒေသနာတော်သည် ဝေနေယျသတ္တဝါတို့၏ စိတ်နှလုံး၌ ကိလေသာအမှောင်ဓာတ်ကို မှုတ်လွှင့် ဖျက်ဆီးလျက် အသိဉာဏ်အလင်းရောင်ကို ရစေတတ်သော ဓမ္မကထာ လောကတရား အလင်းရောင်ကြီး ဖြစ်၏။ ထို့ကြောင့် "သဗ္ဗတ္ထေဝသတ္တု ဓမ္မဒေသနာ သတ္တာနံ ဟာဒယတမံ ဝိဓမန္တိ ဓမ္မကထာလောကော-မည်သည့်နေရာ၌မဆို ဟောတော်မူအပ်သော ဘုရားရှင်၏ တရားတော်သည် သတ္တဝါတို့၏ စိတ်နှလုံး၌ ရှိသော ကိလေသာ အမှောင်ဓာတ်ကို မှုတ်လွှင့်ဖျက်ဆီးတတ်သော တရား အလင်းရောင်ဖြစ်၏" ဟု သံယုတ် ဋီကာကြီး၌ ဆို၏။

လောက၌ကျောက်မျက်ရတနာစသောအကြည်ဓာတ် ရုပ်ဝတ္ထုမျိုးတို့သည် နေရောင်ခြည်နှင့် တွေ့ထိသောအခါ အလင်းဓာတ်၏ ကူးစက်မှုကို ရရှိသဖြင့် ရောင်ပြန်ဟပ်၍ တထိန်ထိန်တမြူးမြူး တောက်ပကုန်သကဲ့သို့ ဗုဒ္ဓဓာတ်၏ တန်ခိုးသတ္တိကြောင့် ဖြစ်ပေါ်သော ဓမ္မကထာ လောက ဒေသနာ အလင်းရောင်နှင့် တွေ့သောအခါ ကိလေသာ ဝရဏ ကိလေသာအပိတ်အပင် စသည်ကင်းသဖြင့် အလင်းဓာတ်မျိုးဇာတ်ဖြစ်သူ ဝေနေယျတို့သည် ပီတိအလင်းရောင်၊သဒ္ဓါအလင်းရောင်၊ အသိဉာဏ်အလင်းရောင်တို့ဖြင့်

ရောင်ပြန်ဟပ်ကာ တထိန်ထိန် တမြူးမြူး တောက်ပ လျက်ရှိကုန်၏။

ထိုပီတိ သဒ္ဒါ၊ အသိဉာဏ်အလင်းရောင်တို့ဖြင့် ရတနာ သုံးပါးကို သိမြင်ကိုးကွယ်ကြသူများ၊ သိက္ခာသုံးပါးကို ကျင့်ကြံသူများ၊ သူတော်ကောင်းဥစ္စာရတနာခုနစ်ပါးကို ရရှိသူများ၊အပါယ်စသည့်ဘေးမှလွတ်မြောက်ကြသူများ၊ လူနတ်နိဗ္ဗာန်ချမ်းသာကိုရသူများ၊ နာမ်ရုပ်နှစ်ပါး၊ ခန္ဓာ ငါးပါး၊အာယတနတဆယ့်နှစ်ပါးဓာတ်တဆယ့်ရှစ်ပါး၊ သစ္စာ လေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ပရမတ်၊ ပညတ်၊ လောကီ၊ လောကုတ္တရာ စသည်တရားများကို ကြားဘူးနားဝဖြင့်သိကြသူ သုတ ဗုဒ္ဓများ၊ ဘုရားရှင်သို့ အတုလိုက်၍ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်သိမြင်ကြသူ သောတာပန်စသည့် အရိယာဟူ သောအနုဗုဒ္ဓများ၊အဘိညာဏ်ခြောက်ပါး ရသူများ၊ ပဋိ သမ္ဘိဒါဉာဏ်ရသူများစသည်တို့သည် လူနတ် ဗြဟ္မာတို့၌ မရေတွက်နိုင်ဖြစ်ပေါ်ပြီး၊ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့ သာ ဖြစ်တော့သည်။ ဩော် ဘုရားရှင်၏ ကျေးဇူးတော် ကား ကြီးကျယ်မြင့်မြတ်စွာ့တကား။

## အရှင်သာရိပုတ္တရာ၏ ဘုရားရှိခိုး

၁။ ယေကေစိ ဂဏ်နေ့ လောကေ၊
သတ္တာရောတိ ပဝုစ္စရေ။
ပရမ္ပရာ ဂတံ ဓမ္မံ၊
ဒေသေန္တိ ပရိသာယ တေ။

၂။ နုဟေဝံ တွံ မဟာဝီရ၊
ဓမ္မံ ဒေသေသိ စက္ခုမ။
သာမံ သစ္စာနိ ဗုဇ္ဈိတွာ၊
ကောဝလံ ဗောဓိပက္ခိယံ။

၃။ အာသယာနုသယေ ဉတွာ၊
တ္လုန္ဒြိယာနံ ဗလာဗလံ။
ဘဗ္ဗာဘဗ္ဗေ ဝိဒိတွာန၊
မဟာ မေဃောဝ ဂဇ္ဇသိ။

၄။ ဓဇ္ဇတော တေ မဟာဝီရ၊
ဝသုဓာ သမ္ပကမ္ပတိ။
ဗောဓနေယျာဝ ဗုဇ္ဈန္တိ၊
တသန္တိ မာရ ကာယိကာ။

၁။ အနက်။ ။ဘန္တေ-အိုမြတ်စွာဘုရား၊ လောကေ-လောကဥ်၊ ဂဏိနော-ဒကာ ဒကာမ၊ သာဝကနှင့်၊ သဟာယမကင်း၊ အခြွေအရံ အသင်းအပင်း ရှိကုန်သော၊ ယေကေစိ- သိဥ္ဍည်းကစ၊ မျှားလှသီးသီး၊ အကြင်တိတ္ထိကြီးတို့ကို၊ သတ္တောရောတိ- တရားထုံးပြ၊ နှလုံးချ၍၊ဆုံးမတတ်စွာ၊ဂိုဏ်းဆရာတို့ဟူ၍၊ ပဝုစ္စရေ- ထင်မှားမြင်မှား၊အသွင်အားဖြင့်၊ တင်စား ခေါ်ဝေါ် အပ်ကုန်၏။ တေ-ထိုတိတ္ထိဆရာကြီးတို့သည်၊ ပရိသာယ၊ ရောက်လာ ဆည်းကပ်၊ ပရိသတ်အား၊ ပရမ္ပရာဂတံ-သဗ္ဗညုပညာ၊ မရရှာ၍၊ဆရာစဉ်ဆက်၊ ဆင်းသက်မြင့်လျား၊ ကြံစဉ်းစားသည့်၊ မှန်မှားကောင်းဆိုး၊ တရားမျိုးကို၊ ဒေသေန္တိ- အဟာမ်းအဟာမ်းချောင်းနဘမ်းတို့ဖြင့်ယုတ်တမ်းဟောကြားကြပေကုန်၏။

၂။ ၃။ မဟာဝီရ- မျှားမြတ်ကဲဆင့်၊ ပွဲလယ်တင့်သဖြင့်၊ ရဲရင့်သော လုံ့လရှိတော်မူသော၊ စက္ခုမ-သဗ္ဗညုမည်တွင်၊ အမြင်မျက်စိ၊ ဒွစဉ်ရှိသဖြင့်၊ အသိထွန်းထား၊ အိုမြတ်စွာဘုရား၊ တွံ-အရှင်ဘုရားသည်၊ ဧဝံ- ဤတိတ္ထိများစွာ၊ ဂိုဏ်းဆရာတို့ကဲ့သို့၊ ဓမ္မံ-ဆရာစဉ်ဆက်၊ ဆင်းသက်မြင့်လျား၊ ကြံစဉ်းစားသည့်၊ မှန်မှား ကောင်းဆိုး၊ တရားမျိုးကို၊ နဒေသေသိ-မမြင်စမ်းမှန်း၊အထင်နှင့်ရမ်း၍၊ ဆင်ကန်းတောတိုး ဟောတော်မူသည် မဟုတ်ပါ၊ တွံပန-အရှင်ဘုရားသည်ကား၊ သာမံ- ကိုယ်တော်တိုင်၊ သစ္စာနိ-သစ္စာလေးပါး အမှန်တရားတို့ကိုရင်း၊ ကေဝလံ- ခပ်သိမ်းဥဿုံ၊ အလုံးစုံသော၊ ဗောဓိပက္ခိယံ- မဂ်ဉာဏ် သင်းဖွဲ့၊ မကင်းခဲ့သည်၊ သုံးဆယ့်နှစ်ပါး၊ ဗောဓိပက္ခိယ တရားကိုရင်း၊ ဉတွာ- သယမ္ဘူအဂ္ဂ၊ မဂ်ကိစ္စဖြင့်၊ လက်ရဆွတ်ချူ၊ သယမ္ဘူဖြင့်၊ မှောင်မြူ ပယ်ခွင်း၊ ထိန်ထိန် လင်းလျက်၊ ခြင်းရာကာရ၊ သဘာဝကို၊ ကျွနစုံသင်၊ အကုန်မြင်၍။ ။

အာသယာ နုသယေ- အယူအကြိုက်၊ စရိုက်ဘေဒ၊ အနုသယတို့ကို၊ ဉတွာ- အာသယာ နုသယ၊ မည်ရ ရွှေဉာဏ်၊ နေခြည်လျှံဖြင့်၊ ဝေဘန်ခြားသိး၊ သိမြင်တော် မူပြီး၍၊ ဣန္ဒြိယာနံ- သဒ္ဓါစသား၊ ဣန္ဒြေငါးပါး တို့၏၊ ဗလာဗလံ-အားအင်မြော်ရှူ၊ အရင့်အနုကို၊ ဉတွာ- ဣန္ဒြေသိဉာဏ်၊ နေခြည်လျှံဖြင့်၊ ဝေဘန်ခြားသိး၊ သိမြင်တော် မူပြီး၍၊ ဘဗ္ဗာဘဗ္ဗေ- ကျွတ်ခွင့်ထိုက်သူ၊ မထိုက်သူတို့ကို၊ ဝိဒိတွာ အာသယာနုသယ၊ မည်ရရွှေဉာဏ်၊ နေခြည်လျှံဖြင့်၊ ဝေဘန်ခြားသိး၊ သိမြင်တော်မူပြီး၍၊ မဟာမေဃောဝ-လေးကျွန်းဒီပါ၊ အေးချမ်းသာအောင်၊ စွေရွာသွန်ကြိုး၊

ကမ္ဘာပြုမိုးဃာ်းကြီးကဲ့သို့၊ ဂဇ္ဇသိ- ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီး ဖိမ့်မျှ၊ သိမ့်သိမ့်မိုးဃာ်းလုံး၊ လှစ်ကာကြုံး၍၊ ထစ်ချုန်းဟော မြွက်တော်မူတတ်ပါပေ၏။

၄။ မဟာဝီရ- မျှားမြတ်ကဲဆင့်၊ ပွဲလယ်တင့်သည့်၊ ရဲရင့်သော လုံ့လရှိတော်မူသော အိုမြတ်စွာဘုရား၊ ဂဇ္ဇတော- ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ သိမ့်သိမ့်မိုးဃာ်းလုံး၊ လှစ်ကာကြုံး၍၊ ထစ်ချုန်းဟောမြွက်တော် မူတတ်သော၊ တေ- မိုးဃာ်းမင်း ထွင့်ထား၊ အရှင်ဘုရား၏၊ ဓမ္မမေဃ သဒ္ဒေန-မုရိုးရိုက်ချုန်း၊တမိုးဃာ်းလုံး၌၊ပြိုးပြုန်းခြိမ့်ညံ၊တရား တော် တည်းဟူသော မိုးခြိမ်း သံကြောင့်၊ ဝသုဓာ- ထုထယ်နက်စံ၊ လျှားနှံကျယ်လှိုင်း၊ တံတိုင်းမြင့်ဟီး၊မြေပြင် ကြီးသည်၊ သမ္ပကမ္ပတိ- ဝဲယာရှေ့နောက်၊ ထက်အောက် ဝန်းကျင်၊ သွင်သွင် ခတ်တီး၊ ပဲ့တင်ဟီး၍၊ ကောင်းခြီး လျှောင်လှုပ်ပေ၏၊ ဗောဓနေယျာ- မြူတိမ်နည်းဘိ၊ ဉာဏ် မျက်စိဖြင့်၊ မြင်သိခြင်းငှာ၊ စွမ်းနိုင်စွာသည့်၊ဗြဟ္မာနတ်လူ၊ ကျွတ်ထိုက်သူတို့သည်၊ အဝဗုဇ္ဈန္တိ- သစ္စာလေးတန်၊ တရား မှန်ကို၊ မဂ်ဉာဏ်မိုးဃာ်းလင်း၊ မှောင်မျိုး ခွင်း၍၊ ထိုးထွင်း သိမြင်ကြကုန်၏၊မာရကာယိကာ-မာရ်နတ်မင်း၏၊ အသင်း ပက္ခ၊ လက်မှတ်ရသည့်၊ အတ္တဝါဒီ၊ ဗာဟီသမား၊ နတ်လူ မျှားတို့သည်၊ တသန္တိ-အနတ္တအရေး၊ ဟောသည်အားဟု၊ ဇောချွေး ပေါက်ပေါက်၊ စိတ်အားနောက်သဖြင့်၊ ထိတ် ကြောက် တုန်လှုပ်ကြပါကုန်သည်ဘုရား။

(၈) အမှတ် ၈ စကားစုတွင် အထူး ရှင်းဘွယ် မရှိ။ အမှတ် ၇ ၏ ရှင်းလင်းချက်တွင် ပါဝင်လေပြီ။

(၈၂) အမှတ် ၉ စကားစု များတွင် "သုံးဆယ့် နှစ်ဖြာ ကြီးမဟာနှင့်" မှစ၍ "မြတ်စွာဘုရားကို" တိုင်အောင်စကား စုများသည် သဿဗ္ဗညုတစသော ဉာဏ်တော်များ သာ ဗုဒ္ဓမည်သည် မဟုတ်။ ထိုဉာဏ်တော်များ၏ တည်ရာ သုံးဆယ့် နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်ရှစ်ဆယ်၊ ရောင်တော်ဝန်း ရောင်တော် ခြောက်ပါးတို့ဖြင့် အလွန်သပ္ပါယ် တင့်တယ်တော်မူသော ရူပကာယရုပ် ကိုယ်တော်သည်လည်း ဗုဒ္ဓမည်၏ဟုအကျဉ်း အားဖြင့် သိရှိကြည်ညိုရန် စကားများဖြစ်သည်။

ချဲ့ဦးမည်-သဿဗ္ဗညုအစရှိသော ဉာဏ်တော် တို့၏ ကိလေသာကင်းစင်သဖြင့် ဆိုင်ရာနေယျ တရားများ ကို သိစွမ်းနိုင်ခြင်း ဟူသော ကြည်လင်မှုသည် ဂုဏ်တော် မည်၏၊ ထိုဂုဏ်တော်၏ တည်ရာ ဉာဏ်တော် များသည် ဂုဏောမည်၏၊ ဗုဒ္ဓမည်၏။

'ကြည်လင်မှု' ဟူရာ၌ ဉာဏ်တော်များသာ ကြည်လင် သည်မဟုတ်။ သဘာဝအားဖြင့် ဉာဏ်တော်များနှင့်အတူ ဖြစ်ကြရသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည် လည်း ကြည်လင်ကြမြဲဖြစ်၏။ ထို့ကြောင့် စိတ်၊စေတသိက် အားလုံးဟူသော နာမ်ခတ်အစဉ်သည်ပင် ဂုဏောမည်၏၊ ဗုဒ္ဓမည်၏။

တဖန် ထိုနာမ်တရားများသာ ကြည်လင်သည်မဟုတ်။ ထိုနာမ်ခတ်များ၏ တည်ရာ ရုပ်ခတ် အစဉ်သည်လည်း

ရောင်ခြည်ထွက်အောင်ကြည်လင်၏။ ထို့ကြောင့်ရုပ်ခေတ် အစဉ်လည်း ဂုဏောပင်မည်၏။ ဗုဒ္ဓပင်မည်၏။

ဂုဏ်သည် ကောင်းကင်၌ တည်သည်မဟုတ်။ ဂုဏော၌ တည်၏၊ ဂုဏောသည်လည်း ဂုဏ်မရှိဘဲ ဂုဏောမမည်၊ ဗုဒ္ဓမမည်၊ ဂုဏ်ရှိမှ ဂုဏောမည်၏၊ ဗုဒ္ဓမည်၏၊ ဂုဏ်နှင့် ဂုဏောသည် မကင်း၊ ခွဲ၍မရ၊ ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓသည် မကင်း၊ ခွဲမရ။ ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်ကိုပွားလျှင် ဗုဒ္ဓကို ပွားပြီးဖြစ်၏၊ ဗုဒ္ဓကို ပွားလျှင်လည်း ဗုဒ္ဓဂုဏ်တော်ကို ပွားပြီး ဖြစ်တော့၏။

ထို့ကြောင့်လည်း "ဘုန်းစည်ထွဋ်ထား မြတ်ဘုရားကို ထပ်ပွားဖန်ခါ အောက်မေ့ပါက" ဟု ဘုရားရှင်နှင့် ဂုဏ်တော်ကို အတူထား၍ ရေးသားစပ်ဆိုခဲ့သည်။

ထိုအမှတ် ၉ စကားစု တွင်လည်း "ရောင်တော် ဝန်းလည်း ပွင့်ထွန်းနေ့ည" ဟူသည်မှာ ဘုရားရှင်၏ အတောင်တော်နှင့် တလံမျှ ဝဲ ယာ ရှေ့နောက်နှင့် အထက်အရပ်တို့၌ နေ့နေ့ညည အခါခပ်သိမ်း ထွန်းလင်းသော 'ဗျာမပဘာ' ခေါ် ရောင်ခြည်တော်ဖြစ်သည်။

"ဆဗ္ဗဏ္ဏာဟူ ပဘာပြောင်လွင်" စသော စကားစုဖြင့် ဖော်ပြအပ်သော ရောင်ခြည်တော်မှာ ယမကပြာဋိဟာ တန်ခိုးတော်ကို ပြသောအခါ လွှတ်သော စကြဝဠာတခုလုံး ပြန့်နှံ့သော အညို၊ အရွှေ၊ အနီ၊ အဖြူ၊ ခိုသွေးနှင့် အရောင်မျိုးစုံဟူသော ရောင်ခြည်တော် ခြောက်သွယ်ဖြစ်သည်။

ကျယ်မည်စိုး၍ လက္ခဏာတော်ကြီး၊ ငယ်ကို မရေးတော့ပြီ။

(ည) အမှတ် ၁၀ "ထပ်ပွါးဖန်ခါ အောက်မေ့ပါက" အစချီသောစကားစု အားလုံးမှာ ဆိုခဲ့သောဘုရားရှင်၏ဂုဏ်တော်ကို အဖန်ဖန်အထပ်ထပ် မပြတ်ပွားများပါက ဘုရားဂုဏ်လျှင် အာရုံရှိသော နှစ်သက်မှု ပီတိကို၊ ဝါ-ဗုဒ္ဓါနုဿတိ ကုသိုလ်ကိုရရှိပါလိမ့်မည်။ ထိုပီတိ၏တန်ခိုးဖြင့်၊ ဝါ-ဗုဒ္ဓါနုဿတိ ကုသိုလ်၏အာနုဘော်ဖြင့် သောကီလောကုတ္တရာ နှစ်ဖြာသောကောင်းကျိုး၏ ပြီးမြောက်မှု သိဒ္ဓိများကိုရရှိပါလိမ့်မည်ဟု သဗ္ဗညုတ၊ အတုလဝိဇ္ဇာ ဓိုရ်ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်တိုင်က ဟောကြားတော်မူသည်ကိုယုံကြည်လေးမြတ်လှ၍ တပည့်တော်ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို နေ့ညမအား ပွားများပါသည်ဘုရား၊ဤ ကောင်းမှုကြောင့် ဘုရားရှင်၏မြွက်ဟမိန့်ကြားတော်မူသည့်ဗျာဒိတ်တော်မြတ်အတိုင်း တပည့်တော်အားလောကီ၊ လောကုတ္တရာသိဒ္ဓိများ ပြီးပါစေသားဟု ယခုရေးသားရွတ်ဆို ကြည်ညို ဖွဲ့ကျူးအပ်သော ဘုရားရှိခိုးလင်္ကာ၏ အဓိပ္ပါယ်အားလုံးသည် ဘုရားရှင် ကိုယ်တော်တိုင်ဟောကြားတော်မူအပ်သော အဓိပ္ပါယ်များသာဖြစ်ကြောင်း နယဒဿန နိဂုံးအနေအားဖြင့် ဖော်ပြလျက်လိုရာကို ဆုတောင်းအပ်သော စကားစုများဖြစ်သည်။

## ဈာနင်္ဂါးပါး

ပီတိ ဖြစ်ပုံရေးဦးမည်။ ဤစာအုပ်၏ အစ၌ဖော်ပြခဲ့သည့်အတိုင်းဘုရားရှိခိုးလင်္ကာသို့အစဉ်လိုက်၍ ဘုရားရှင်၏

ဗုဒ္ဓ မည်ကြောင်းဂုဏ်တော်ကို၊ ဝ ါ-အရဟံစသော ဂုဏ်တော်များတွင်တပါးပါးကို အောက်မေ့ပွားများသူ ဗုဒ္ဓါနုဿတိ ယောဂီအား ထိုသို့ အောက်မေ့ ပွားများဆဲ၌ လောဘ၊ ဒေါသ၊ မောဟ တို့သည်မဖြစ်နိုင်ကြ၊ ကင်းဝေး၍ နေကြသည်။ ထို့ကြောင့်သဒ္ဓါ၊ပညာစသည်တို့ဖြင့်အရောင်တင်အပ်သောစိတ်သည် ကြည်လင်၏။ ထိုအခါ အောက်ပါဈာန်အင်္ဂါ ၄ါးပါးတို့သည် ဖြစ်ပေါ်လာ၏။

၁။ ဝိတက်-ဂုဏ်တော်ကို အောက်မေ့ ကြံစည်မှုစိတ်၏အမူအရာ စေတသိက်တရား၊

၂။ ဝိစာရ-ဂုဏ်တော်ကို ဆင်ခြင် သုံးသပ်မှု စိတ်၏အမူအရာ စေတသိက်တရား၊

၃။ ပီတိ-ဂုဏ်တော်ကိုနှစ်သက်မှုစိတ်၏အမူအရာ စေတသိက်တရား၊

(ဂုဏ်တော်ကိုကြံစည် သုံးသပ်မှုဝိတက်၊ ဝိစာရတို့ကြောင့် ဂုဏ်တော်ကို သိမှုပညာဖြစ်၏။ ပညာဖြင့် သိမှုကြောင့် နှစ်သက်မှု ပီတိဖြစ်လာသည်။)

၄။ သုခ-စိတ်ရောကိုယ်ပါချမ်းသာမှုစိတ်၏အမူအရာ စေတသိက်တရား၊

(နှစ်သက်မှု ပီတိကြောင့် စိတ်၏ပူပန်မှုငြိမ်း၏၊စိတ်၏ငြိမ်းမှုကြောင့်ကိုယ်လည်းငြိမ်းအေး၏။ထိုငြိမ်းချမ်းအေးမှုများကို'ပဿဒ္ဓိ'ဟုခေါ်သည်။ပဿဒ္ဓိကြောင့်စိတ်ရောကိုယ်ပါချမ်းသာမှု သုခ ဖြစ်လာ၏)။

၅။ ကေဂ္ဂတာ-ဘုရားရှင်၏ဂုဏ်တော်မှတပါး အခြား သို့စိတ်မသွားဘဲ တည်ငြိမ်မှု စိတ်၏ အမှုအရာ စေတသိက်တရား ဖြစ်လာ၏။

(ဤကေဂ္ဂတာသည် သုခကြောင့် ဖြစ်၏)

ဤ ဈာန်အင်္ဂါငါးပါး ဖြစ်လာလျှင် (ရူပဗြဟ္မာဘုံ၌ ဖြစ်စေတတ်သော အပ္ပနာဈာန်စိတ်၏အနီးအနား၊ ကာမဘုံ၌ဖြစ်စေတတ်သော) ဥပစာရဈာန်စိတ် ဖြစ်လာ၏။ ဂုဏ်တော်သည် ပရမတ္ထဖြစ်၍ အလွန်နက်နဲလှသည့်ပြင် ဗုဒ္ဓါနုဿတိယောဂီ၏သဒ္ဓါ၊ ပညာတို့သည်လည်း ဂုဏ်တော် တပါးတည်း၌မရပ်မဘည်ဘဲ 'အရဟံ' 'သမ္မာသမ္ဗုဒ္ဓ' စသည် များပြားကျယ်ဝန်းလှသော ဂုဏ်တော်များသို့ တားမနိုင် ဆီးမရ ပြေးသွားတတ်သည်ဖြစ်၍ အလွန်များပြားကျယ် လှသဖြင့် အပ္ပနာဈာန်သမာဓိအဖို့ ထောက်ရာ တည်ရာ မရသောကြောင့် အပ္ပနာဈာန်မဖြစ်နိုင်၊ ဥပစာရဈာန် သာဖြစ်၏။ အပ္ပနာဈာန်၏အာရုံကား အများဆုံးအား ဖြင့် ပညတ်သာဖြစ်၍ တခုတည်းအခြင်းအရာကိုသာအာရုံ ပြု၏။ ဘုရားရှင်၏ ဂုဏ်တော်ကား ဆိုခဲ့သည့်အတိုင်း ပရမတ်ဖြစ်၍ အာရုံပြု ကျယ်ဝန်းစွာ၏။

## အိမ်ရာထောင်လူသားများရသောဈာန်

သိမှတ်ရန်အထူးမှာ ဥပစာရဈာန်၌ဆိုခဲ့သော ဈာန် အင်္ဂါငါးပါးအားနည်း၏။လမ်းသွားတတ်စ သူငယ်သည် မကြာခဏ လဲကျသကဲ့သို့မကြာခဏ ဘဝင်အကြိမ်များစွာ

ကျ၍ (လစ်ကနဲမေ့ကနဲဖြစ်၍) စျာန်အင်္ဂါများ ကွယ်ပျောက်တတ်၏၊ ပြီးမှတဖန် ပြန်ဖြစ်၏။

အပ္ပနာစျာန်၌ စျာန်အင်္ဂါအားကြီး၏။ အရွယ်ရောက်ပြီးလူကြီးသည် တနေ့လုံး တညလုံးလည်း မတ်တတ် ရပ်နိုင်သကဲ့သို့ ဘဝင် တကြိမ်သာကျ၍ တနေ့လုံးတညလုံးလည်း စျာန်အင်္ဂါတို့သည် ဆက်ကာဆက်ကာ ဖြစ်၏။

ဥပစာရစျာန်ကို အိမ်ထောင်ရှိသူ လူသားများလည်း ရနိုင်၏။ ထို့ကြောင့် "ဥပစာရကမ္မဋ္ဌာနံနာမေတံ ဂိဟိနမ္ပိ လဗ္ဘတိ-ထိုဥပစာရကမ္မဋ္ဌာန်း မည်သည်ကို၊ ဝါ- ထိုဥပစာရ စျာန်မည်သည်ကို အိမ်ယာထောင်သူ လူသားများလည်း ရအပ်၊ရကောင်း၊ရနိုင်၏" ဟုအင်္ဂုတ္တိုရ်ဋီကာ၌ မိန့်ဆို၏။

## ပီတိငါးမျိုး

ပီတိအကြောင်းဆက်ဦးမည်။ ပီတိငါးမျိုးရှိသည်တွင်——

၁။ ခုဒ္ဒကာပီတိဟူသည်မှာ-ကိုယ်တွင်း၌ စိမ့်ကနဲ ငြိမ့်ကနဲဖြစ်၍ ကြက်သီးမွေးညှင်းထစေလျက် တကြိမ်တည်းသာဖြစ်တတ်သော ပီတိမျိုးကိုခေါ်၏။

"တချို့သူများမှာ ပီတိကြောင့် မျက်ရည်များစီးကျသည်" ဟု ပါဠိကျမ်းဂန်တို့၌ဆို၏ "အဿူနိ ပဝတ္တေတိ၊ လောမဟံသနံဇနေတိ-မျက်ရည်များကို စီးကျစေ၏၊ကြက်သီးမွေးညှင်းကို ထစေ၏" ဟူသော ဓမ္မပဒအဋ္ဌကထာ၏ စကားကိုထောက်ထား၍ ဤမျက်ရည်ယိုသော ပီတိမျိုးသည်လည်း ခုဒ္ဒကာပီတိပင်ဖြစ်၏။ အချို့ဂုဏ်တော်ကို

သိရှိကြည့်သို့၍ "ဩော်--ငါအသိနောက်ကျလေခြင်း" စသည်ဖြင့် ဝမ်းနည်းလျက် ငိုသကဲ့သို့ဖြစ်ကာ မျက်ရည်ကျကြသေး၏။ မိဘစသည်တို့နှင့် ခွဲခွါနေရပြီး ပြန်တွေ့သောအခါ ဝမ်းသာလျက် ငိုသကဲ့သို့မှတ်သင့်၏။

၂။ ခဏိကာပီတိမှာ-အလားတူကိုယ်တွင်း၌ စိမ့်ကနဲ ငြိမ့်ကနဲဖြစ်၍ ကြက်သီးမွေးညှင်းထစေလျက်အကြိမ်များစွာဖြစ်သော၊ ခုဒ္ဒကာပီတိထက် အားကြီးသော ပီတိမျိုးဖြစ်၏။

၃။ ဩက္ကန္တိကာပီတိမှာ-ကမ်းခြေကို လွှမ်းမိုးတော့မည်လောက်ကြီးမားသောပင်လယ်လှိုင်းလုံးကြီးများကဲ့သို့ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိများထက် အားကြီးသည်ဖြစ်၍ တကိုယ်လုံးကိုလွှမ်းမိုးတော့မည်ကဲ့သို့ အကြိမ်များစွာဖြစ်လျက် အကြိမ်များစွာပြေပျောက်သွားသော ပီတိမျိုးဖြစ်၏။

၄။ ဥဗ္ဗေဂါပီတိမှာ — ကိုယ်အင်္ဂါများကိုသော်၎င်း၊ တကိုယ်လုံးကိုသော်၎င်း အထက်သို့မြင့်ကြွ မြောက်တက်စေတတ်၏။ အချို့ယောဂီများ "ကြမ်းပြင်အခင်းနှင့် ကိုယ်နှင့်မထိ၊ ဝါ- ထိမှန်းမသိ" ဟုဆို၏၊၎င်းအားကြီးလျှင် ကောင်းကင်သို့ပင် ပျံတက်စေနိုင်သော ပီတိမျိုးဖြစ်၏။

သီဟိုဠ်ကျွန်း မဟာမိတ္တမထေရ်သည် မဟာစေတီကို အာရုံပြု၍ဖြစ်သော ဗုဒ္ဓါရမ္မဏာပီတိဖြင့် ကောင်းကင် ပျံဘူး၏။

အလားတူပင် ကိုယ်ဝန်ဆောင် အမျိုးသမီးတဦးသည် အာကာသစေတီကို အာရုံပြု၍ဖြစ်သော ဗုဒ္ဓါရမ္မဏာပီတိဖြင့် ကောင်းကင်ပျံဘူး၏။

၅။ ဖရဏာပီတိမှာ-ဆီဥ္စနှစ်အပ်၊ စိမ်အပ်သော ဝါဂွမ်းဆိုင်သည် ဆီတို့ဖြင့် ပြန့်နှံ့တွေ့ထိကာ စွတ်စိုသကဲ့သို့ တကိုယ်လုံး၌ ပီတိကြောင့်ဖြစ်သော အလွန်ချမ်းသာငြိမ်းအေးသောရုပ်တို့ဖြင့် ပြန့်နှံ့တွေ့ထိစေတတ်သော ပီတိမျိုးဖြစ်၏။

"ဘုရား-ဗုဒ္ဓ"ဟူသောအသံကို ပထမဆုံးအကြိမ်ကြားဘူးရသော အနာထပိဏ်သူဌေးအား ဖရဏာပီတိဖြစ်ပုံမှာ-ဒင်း၏ခေါင်းမှစ၍ ခြေတိုင်အောင်ဒင်း၊ တဖန် ခြေမှစ၍ ခေါင်းတိုင်အောင်ဒင်း ချမ်းသာငြိမ်းအေးသော ပီတိဇရုပ်တို့သည် တရိပ်ရိပ်တဖွားဖွားဖြစ်၏။ ခြေနှစ်ဖက်မှစ၍ ခါးပိုင်း၌ စုဝေး၏။ ခါးပိုင်းမှစ၍ ခေါင်း ခြေ နှစ်ဖက်သို့ တရိပ်ရိပ်တဖွားဖွားပြန့်နှံ့သွား၏။ မဟာကပ္ပိနမင်းအားလည်း ထိုသို့ဖြစ်ဘူး၏။ ဤအနာထပိဏ်သူဌေးနှင့် ကပ္ပိနမင်းတို့၏အဖြစ်ကို ထောက်ထား၍ ဈာန်မရဘဲလည်း ပီတိဖြစ်သည်ကိုသိရသည်။

ဤပီတိငါးမျိုးနှင့်ယှဉ်သောဗုဒ္ဓါနုဿတိ ကုသိုလ်ဇောသည် မျက်မှောက်ဘဝမှာပင် လောကီ၊ လောကုတ္တရာနှစ်ဖြာသောကောင်းကျိုးကိုပြီးစေနိုင်သည်ကိုရည်ညွှန်း၍ "ဗုဒ္ဓါနုဿတိ၊ ဇောပီတိဖြင့်၊ သိဒ္ဓိစုံလင်၊ ပြီးမည်ပင်ဟု၊ သဗ္ဗညုတ၊ အတုလပုဂ္ဂိုလ်၊ ဝိဇ္ဇာဒိုရ်ဟု၊ မိန့်ဆိုသမျှ၊ လေးမြတ်လှ၍"ဟု စပ်ဆိုခဲ့သည်။

# ဘုရားရှင်ဟောတော်မူပုံ

ဧဝံအစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ဝိပါကော ဟောတိ အစိန္တိယော။
(ဗုဒ္ဓအပဒါန်ပါဠိ)

မြန်မာပြန်။

"ဤသို့လျှင် ဘုရားရှင်တို့ကို ပြည့်စုံစွာကြံဆ၍မသိနိုင်ကြကုန်။ ဘုရားရှင်၏ သဘာဝဂုဏ်တော်များကိုလည်း ပြည့်စုံစွာကြံဆ၍ မသိနိုင်ကုန်။ပြည့်စုံစွာကြံဆ၍ မသိနိုင်ကုန်သော ဘုရားရှင်နှင့် ဂုဏ်တော်၌ ကြည်ညိုသူတို့၏ ရရှိအပ်သော၊ ပစ္စုပ္ပန်၊ သံသရာ၊ လောကီ၊လောကုတ္တရာ စသည်တို့ဖြင့် များပြားကျယ်ဝန်းသော ကောင်းကျိုးတို့ ကိုလည်းပြည့်စုံစွာကြံဆ၍ မသိနိုင်ကုန်"။

ဝိရောစမာနော ဝိမလော၊ ဘိက္ခုသံဃဿ မဇ္ဈဂေ။
ဒဒါမိ ပတ္ထိတ သဗ္ဗံ၊ မဏိဝ သဗ္ဗကာမဒေါ။
(ဗုဒ္ဓဝင်ပါဠိ)

မြန်မာပြန်။

"စိန္တာမဏိ ပတ္တမြားရတနာကြီးသည် ခပ်သိမ်းသော အလိုဆန္ဒဟူသမျှ ပေးစွမ်းနိုင်သကဲ့သို့ ကိလေသာ အညစ်အကြေးကင်းသော၊ ထွန်းလင်းတောက်ပသော၊ ရဟန်းအပေါင်းတို့၏အလယ်၌ တည်နေရောက်ရှိသော ငါဘုရားသည် တောင်းသမျှဆုကို ပေးစွမ်းတော်မူနိုင်၏"

ဤပါဠိကိုမှီ၍ ဘုန်းကြီး စပ်ဆိုဘူးသော ဗုဒ္ဓါနုဿတိလင်္ကာမှာ အောက်ပါအတိုင်းဖြစ်သည်။

ဝိရောစမာနော၊ ဝိမလောဟု၊ ဗုဒ္ဓေါဘုရား၊ ဗျာဒိတ်ကြားသည်၊ တရားသံလွင်၊ ဗုဒ္ဓဝင်ကို၊ ဆင်ခြင်စဉ်းစား၍ သတိထားလော့၊ ရှစ်ပါးဂိုဟ်နတ်၊ အဋ္ဌရပ်တို့၊ ဝန်းပတ်စီမှာ၊ လည်ဗွေချာ၌၊ ရောင်ဝါပြိုးပြက်၊ ကြိုးစုံယှက်သည်၊ အမျက်ရတနာ၊ နီကျောတျော့ဟု၊စိန္တာမဏိ၊ပြီးခေါင်ထိလည်း၊ စိတ်ရှိလိုရာ၊ ပေးနိုင်စွာသို့၊ အရိယာဂိုဟ်မြတ်၊ ရှစ်ပါးနတ်တို့၊ ဝန်းပတ်ရံရွေ၊ လယ်မဇ္ဈေ၌၊ စံနေတာတ်သား၊ မြတ်ဘုရားလည်း၊ ဆယ်ပါးညစ်စွာ၊ ကိလေသာတို့၊ ဝါသနာပင်၊ ကြွင်းမထင်အောင်၊ ကင်းစင်စွာလျှ၊ ဝိသုဒ္ဓိမို့၊ အနန္တဘုန်းဂုဏ်၊ တန်ခိုးဟုန်ဟု၊ ကြိုးစုံလွန့်လူး၊ ကွန့်ကွန့်မြူးလျက်၊ ကျေးဇူးထိန်ဝေ၊ အသခေျတည့်၊ အမြုတေထွင့်ထား၊ ပတ္တမြားဟု၊ ဘုရားမျက်ရှင်၊ ရောင်မျိုးလွှင်ကို၊ ဦးတွင်ဆောင်ထား၊ ဂုဏ်တော်ပွားက၊ ဆယ်ပါးသိဒ္ဓိ၊ မဟိဒ္ဓိနှင့်၊ စိတ်ရှိလိုရာ၊ ပြီးနိုင်စွာဟု၊ သဒ္ဓါပွင့်သူ၊ ငါနှင့်တူက၊ ရယူစေသား၊ မေတ္တာပွား၍၊ တရားပဏ္ဏာ၊ ကမ်းလိုက်ပါ၏၊ မဟာဂန္ဓာရီ၊တပဿီနှင့်၊ ဇော်ဂျီထိုထို၊ဝိဇ္ဇာခိုရ်တို့၊ရိပ်ခိုစံရာ၊ ဂန္ဓမာဟု၊ နံ့သာတောင်မင်း၊ လေချိုသွင်းသို့၊ သတင်းပျံ့ကြူ၊ သဗ္ဗညူ၏၊ မဇ္ဇူကြိုင်ဝေ၊ ခိုင်လုံးရွှေဟု၊ အသခေျဂုဏ်၊ ပွင့်မျိုးစုံမှ၊ ဝတ်မှုံမဇ္ဈူရီ၊ လေညှင်းချိသည်ပါရမီရှင်တိုင်း မွှေးစေသော်။

သုဘူတိရဟန္တာ လောင်းအား ပဒုမုတ္တရ ဘုရားရှင်ဟောတော်မူခဲ့သော အပဒါန်ပါဠိစသည်ကို ဆက်ရေးဦးမည်။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံသတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

မြန်မာပြန်။

"ဘာဝနာတရား တို့တွင် အမြတ်ဆုံး ဖြစ်သော ဗုဒ္ဓါနုဿတိကိုပွားများလော့၊ ဤဗုဒ္ဓါနုဿတိကို ပွားများသောကြောင့် သင်သည် မိမိ၏ဆန္ဒစိတ်ကို ဖြည့်စွမ်းနိုင်လတံ့"

## ဗုဒ္ဓါနုဿတိနိဗ္ဗာန်ရ

ကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ကတမော ဧကဓမ္မော၊ ဗုဒ္ဓါနုဿတိ။ အယံခေါ ဘိက္ခဝေ ဧကဓမ္မော၊ လ၊နိဗ္ဗာနာယ သံဝတ္တတိ။

(အင်္ဂုတ္တိုရ်ဧကဓမ္မပါဠိ)

မြန်မာပြန်။

"အိုရဟန်းတို့ ပွားများအပ်၊ အဖန်ဖန် အလေ့အထုပြုအပ်သော တခုသော တရားသည် စင်စစ်ဝဋ်တရား၌ ငြီးငွေ့ခြင်းငှါ၊တပ်မက်မှုကင်းခြင်းငှာ၊ရာဂစသည်တို့ချုပ်ခြင်းငှါ၊ ငြိမ်းချမ်းခြင်းငှါ၊ အထူးသိခြင်းငှါ၊ သစ္စာကိုထိုးထွင်း၍သိခြင်းငှါ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါဖြစ်၏။ တခုသောတရားသည် အဘယ်နည်းဟူမူ ဗုဒ္ဓါနုဿတိပေတည်း။ အိုရဟန်းတို့... ပွားများအပ်၊ အဖန်ဖန် အလေ့အထ ပြုအပ်သော၊ ဤ ဗုဒ္ဓါနုဿတိဟူသော တခုသော တရားသည်စင်စစ်ဝဋ်တရား၌ ငြီးငွေ့ခြင်းငှါ၊ တပ်မက်မှု

ကင်းခြင်း၄၊ ရာဂစသည်တို့ချုပ်ခြင်း၄၊ ငြိမ်းချမ်းခြင်း၄၊ အထူးသိခြင်း၄၊ သစ္စာကို ထိုးထွင်း သိခြင်း၄၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၄ ဖြစ်၏”

ဤသုတ်၌ ငြိးငွေ့ခြင်း အကျိုးမှစ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုး တိုင်အောင် ခုနစ်ပုဒ်တို့ဖြင့် ဗုဒ္ဓါနုဿတိ၏အကျိုးကျေးဇူးများကို ဘုရားရှင် ဟောတော်မူသော်လည်း “ငြိးငွေ့ခြင်း အကျိုးစသည်ကို မည်သို့ရယူ၍ နိဗ္ဗာန်ကို မည်သို့မျက်မှောက် ပြုနိုင်သည်” ဟူ၍ကား အကျယ်ဟောတော်မမူ၊ ထိုသို့ဟောတော်မမူခြင်းသည်ပင် “ဗုဒ္ဓါနုဿတိကို ပွားသာ ပွားများပါ၊ အကျိုး ခုနစ်ပါး ရပါလိမ့်မည်၊ ဝါ-နိဗ္ဗာန်ရပါလိမ့်မည်” ဟူသောအဓိပ္ပါယ်ကို အထင်အရှား ဆောင်လျက်ရှိသည်။

ထိုသို့ဘုရားရှင်က ဟောတော် မမူသော်လည်း အဋ္ဌကထာဆရာက အောက်ပါအတိုင်းဖွင့်ပြပါသည်။

## အဋ္ဌကထာဖွင့်ပုံအဓိပ္ပါယ်

ဗုဒ္ဓါနုဿတိ ယောဂီသည် ရာဂ၊ ဒေါသစသည်ကင်းစင်လျက် သဒ္ဓါ၊ သတိ၊ သမာဓိစသည်တို့ဖြင့် တောက်ပကြည်လင်သောစိတ်အစဉ်ရှိသည်ဖြစ်၍ ဂုဏ်တော်ကို အောက်မေ့ပွားများသူကား အဘယ်သူနည်း။ ယောကျ်ားလော၊ မိန်းမလော၊ လူနတ်ပြဟ္မာတို့တွင် အဘယ်သူနည်းဟု ဆင်ခြင် စဉ်းစားသည်ရှိသော်“ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ပြဟ္မာအတ္တကောင် မဟုတ်၊ အောက်မေ့မှု သတိနှင့်ယှဉ်သော စိတ်တရားသာဖြစ်၏”ဟု သိပြီးလျှင် “ထိုစိတ်သည်

ဝိညာဏက္ခန္ဓာဖြစ်၏၊ စိတ်နှင့်အတူ ဖြစ်သောခံစားမှုသည် ဝေဒနက္ခန္ဓာဖြစ်၏၊ မှတ်မှုသည် သညက္ခန္ဓာဖြစ်၏။ အာရုံနှင့် ထိတွေ့မှု ဖဿ၊ အောက်မေ့မှုသတိ၊ ထိုးထွင်းသိမှု ပညာ စသည်တို့သည် သင်္ခါရက္ခန္ဓာဖြစ်၏" ဟု အာရုံ၌ ညွတ်တတ်သောတရားစု နာမက္ခန္ဓာလေးပါးကို ပိုင်းခြား သိမြင်၏။ ဤသို့ နာမ်တရားကို သိသော ဉာဏ်ကို နာမဝဝတ္ထာနဉာဏ်ခေါ်သည်။

ထို့နောက် ထိုနာမ်တရားစု၏မှီရာကို ဆင်ခြင်သော် နှလုံးခေါ် ဟဒယရုပ်နှင့်တကွ ဟဒယရုပ်၏မှီရာမဟာဘုတ် လေးပါးကို၎င်း၊ ထိုမဟာဘုတ် လေးပါးကိုမှီသော ဝဏ္ဏ-အဆင်း၊ ဂန္ဓ-အနံ့စသော အမှီရုပ်တို့ကို၎င်း သိမြင်၍ "ဤတရားများကားအာရုံကိုမသိဘဲ ဖောက်ပြန်မှုထင်ရှားသောရူပက္ခန္ဓာဖြစ်၏" ဟု အာရုံ၌မညွတ်တတ်၊ ဖောက်ပြန်တတ်သောတရားစု ရူပက္ခန္ဓာကို သိမြင်လေသည်။ ဤသို့ ရုပ်တရားကိုသိသောဉာဏ်ကိုရူပဝဝတ္ထာနဉာဏ်ခေါ်သည်။

ထို့နောက် နာမ်ရုပ်၏ အကြောင်းဖြစ်သောအဝိဇ္ဇာ၊ တဏှာ၊ကံစသည်ကိုလည်း ဆင်ခြင်သိမြင်လေသည်။ ဤသို့ အကြောင်းကို သိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟ ဉာဏ်ဟု ခေါ်သည်။

ထို့နောက်နာမ်ရုပ်ကိုအနိစ္စ၊ ဒုက္ခစသည်ဖြင့်ဆင်ခြင်မှု သမ္မသနဉာဏ်မှစ၍ ဝိပဿနာ ဉာဏ်စဉ်အတိုင်း မဂ်သို့ ရောက်၍ အရိယာ ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုလေသည်။

ဇီနာလင်္ကာရဋီကာ၌မူ "ဗုဒ္ဓါနုဿတိကို ပွားများရာ၌ ဖြစ်ပေါ်လာသော ပီတိကိုပင် အနိစ္စစသည်ဖြင့် သုံးသပ်၍ ဝိပဿနာပွါးရမည်၊ ထိုသို့ ပွားရှုအပ်သော ဝိပဿနာ အဆင့်ဆင့်ဖြင့် မဂ်ဉာဏ်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည်" ဟုမိန့်ဆိုသည်။ ဤဇိနာလင်္ကာရဋီကာစကား သည် အထူးယုံကြည်လိုက်နာသင့်သော စကားဖြစ်သည်။

မှန်လှ၏-ဆိုခဲ့သော ပီတိငါးမျိုးတို့တွင် မည်သည့်ပီတိ မျိုးပင်ဖြစ်လာသည်ဖြစ်စေ ပီတိစိတ်အစဉ်၊ပီတိဇရုပ်အစဉ် တို့သည် အလွန်ထင်ရှား၏။ အထူးသဖြင့် အနာထပိဏ်၊ မဟာကပ္ပိနတို့အားဖြစ်သော ဖရဏာပီတိမျိုးသည်သာ၍ ထင်ရှား၏။ ထိုသို့ဖြစ်မှု၊ ပျက်မှုထင်ရှားသော နာမ်ရုပ် အစဉ်ကို ဝိပဿနာရှုပွားခြင်းသည် ပရိညာကိစ္စကိုလျင် မြန်စွာ ပြီးစေနိုင်၏။ ထိုသို့ စိတ္တဇရုပ်တို့၏ဖြစ်မှု၊ ပျက်မှု အလွန်ထင်ရှား၍ ဝိပဿနာရှုပွား သင့်သောကြောင့်ပင် သတိပဋ္ဌာန်၌ ဣရိယာပထခန်းကိုဘုရားရှင်ဟောတော်မူခဲ့ သည်မဟုတ်လော။

ဤဆိုခဲ့ပြီးသမျှမှာ မျက်မှောက် ဘဝ၌ပင် လောကီ ကောင်းကျိုးသိဒ္ဓိများနှင့်နိဗ္ဗာန်တိုင်အောင် လောကုတ္တရာ ကောင်းကျိုးသိဒ္ဓိများ ပြီးနိုင်သည်ကို ရည်ညွှန်း၍ ဖော် ပြအပ်သောဗုဒ္ဓါနုဿတိ၏အကျိုးကျေးဇူးများဖြစ်သည်။

"ဥပရိ အပ္ပဋိဝိဇ္ဈန္တောပန သုဂတိပရာယနော ဟောတိ- ဗုဒ္ဓါနုဿတိကိုအခြေခံတည်ရာပြုလျက် ဝိပဿနာသို့ကူး၍ သစ္စာလေးပါးကို ယခုဘဝ၌ပင် မသိနိုင်သေးလျှင်ကား အပါယ်မကျ၊လူနတ်ဘဝလျှင်လားရောက် လည်းလျှောင်း

ရာရှိ၏” ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဗုဒ္ဓါနုဿတိကုသိုလ်ကြောင့် ကမ္ဘာများစွာ ဘဝများစွာ အပါယ်မကျဘဲ လူနတ် ဘဝတို့၌သာ ကျင်လည်၍ နောက်ဆုံး ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသူများကား မရေမတွက်နိုင် များပြားလေသည်။ ထိုသူများတွင် သုဘူတိ ရဟန္တာလောင်းလည်း ပါဝင်လေသည်။ သုဘူတိရဟန္တာလောင်းသည် “ဘာဝေဟိ ဗုဒ္ဓါနုဿတိံ” စသည်ဖြင့် အထက်၌ဆိုခဲ့သော ပဒုမုတ္တရဘုရားရှင်၏ အဆုံးအမတော်အတိုင်း လိုက်နာ၍ ဗုဒ္ဓါနုဿတိကို အမြဲပွားများ ခြင်းကြောင့် ကမ္ဘာ တသိန်းပတ်လုံး အပါယ်မလားဘဲ လူနတ်ဘဝများ၌သာ လူနတ်ချမ်းသာကိုခံစား၍ နောက်ဆုံးဘဝ၌ ဤငါတို့၏ ဂေါတမဘုရားရှင် ထံတော်တွင် အဘိညာဏ် ပဋိသမ္ဘိဒါရ ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူသည်။

## ရဟန္တာများသက်သေခံတော်မူကြပုံ

ဤသို့ဗုဒ္ဓါနုဿတိယောဂီအဖြစ်ဖြင့်ဘုရားရှင်၏ပရမတ္ထဂုဏ်တော်များကို ပွားများကြည်ညိုမှုကို မဆိုထားဘိ၊ ဘုရားရှင်၏ ရုပ်ဆင်းတော်ကို အောက်မေ့ ကြည်ညိုမှုမျှဖြင့်လည်း အပါယ်မလားဘဲ လူ နတ် ဘဝများ၌သာ ကျင်လည်ကာ ချမ်းသာခံစား၍ နောက်ဆုံး၌ နိဗ္ဗာန်ကို မျက်မှောက် ပြုကြသူများလည်း များပြား လှလေသည်။

## နိမိတ္တသညက ရဟန္တာ

လွန်ခဲ့သော ကိုးဆယ့်လေးကမ္ဘာက စန္ဒဘာဂါမြစ်ကမ်းနား တောအုပ်သစ်မ်းကျောင်းတွင် သီတင်း သုံးနေ

ထိုင်သူရသေ့တပါးရှိလေသည်။ တနေ့တွင်ထိုရသေ့သည် ရွှေရောင် အဆင်းရှိသဖြင့် လှပတင့်တယ် နှစ်သက်ဘွယ်သော ရွှေသမင်တကောင်ကို တွေ့မြင်ရသဖြင့် ရွှေရောင်အဆင်းရှိသောသိဒ္ဓတ္ထမြတ်စွာဘုရားကိုသတိရကာအောက်မေ့ကြည်ညိုလေသည်။ ထို့နောက်တဖန် 'ဩော်-အတိတ်အနာဂတ်၊ ပစ္စုပ္ပန်ကာလ၌ပွင့်ပြီး၊ ပွင့်လတံ့၊ ပွင့်ဆဲဖြစ်ကုန်သော ဘုရားရှင်တို့သည် ရွှေရောင်အဆင်း သမင်မင်းကဲ့သို့ပင် ဝါဝင်းတောက်ပသော ရွှေရောင်အဆင်းရှိကုန်သည်တကား' ဟုအတိတ်၊အနာဂတ်၊ပစ္စုပ္ပန်ဘုရားရှင်တို့၏ ကဉ္စနသန္နိဘတ္တစ ဟူသော ရွှေရောင် အသား အရေရှိသည့် ရုပ်ဆင်းတော်များကို အောက်မေ့ ကြည်ညိုပြန်လေသည်။ ထိုကောင်းမှုကြောင့် ထိုရသေ့သည်ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်မလားဘဲ လူနတ်ဘဝများ၌သာ ကျင်လည်ကာ နောက်ဆုံးဘဝ၌ ငါတို့ဘုရားရှင်၏ ထံတော်တွင် အဘိညာဏ် ပဋိသမ္ဘိဒါရ ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူသည်။ ရွှေသမင်ဟူသော အာရုံနိမိတ်၌ တင်စား၍ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဘုရားရှင်များကိုအောက်မေ့ကြည်ညိုခဲ့ဘူးသောကုသိုလ်အဟုန်ဖြင့် ရဟန္တာအဖြစ်သို့ရောက်သောကြောင့် 'နိမိတ္တသညကထေရ' ဟု ဘွဲ့အမည်တွင် လေသည်။ ထိုသို့ရဟန္တာအဖြစ်သို့ ရောက်ပြီးနောက် မိမိ၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

၁။ စန္ဒဘာဂါနဒီတီရေ၊ ဝသာမိ အဿမေ အဟံ။
သုဝဏ္ဏမိဂမဒက္ခိံ၊ စရန္တံ ဝိပိနေ အဟံ။

၂။ မိဂေ စိတ္တံပသာဒေတွာ၊ လောကဇေဋ္ဌံ
အနုဿရိံ။
တေန စိတ္တပသာဒေန၊ အညေ ဗုဒ္ဓေ အနုဿရိံ။

၃။ အဗ္ဘတီတာစ ယေဗုဒ္ဓါ၊ ဝတ္တမာနာ အနာဂတာ။
ဧဝမေဝံ ဝိရောစန္တိ၊ မိဂရာဇာဝ တေ တယော။

၄။ စတုန္နဝုတိတောကပ္ပေ၊ ယံ သညမလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံ ဖလံ။

၅။သတ္တဝီသေဣတောကပ္ပေ၊ဧကောအာသိံမဟီပတိ။
အရညသတ္ထော နာမေန၊ စက္ကဝတ္တီ မဟာဗ္ဗလော။

၆။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
(အပဒါန်ပါဠိ)

အနက် ၁။ ။အဟံ- ငါသည်၊ စန္ဒဘာဂါနဒီတီရေ- စန္ဒဘာဂါမြစ်ကမ်း၌၊ အဿမေ-ကျောင်းသင်္ခမ်း၌၊ ဝသာမိ-နေ၏၊ တဒါ-ထိုအခါက၊ အဟံ-ငါသည်၊ ဝိပိနေ-တောတွင်း၌၊ စရန္တံ- လှည့်လည်သော၊ သုဝဏ္ဏမိဂံ- ရွှေရောင်အဆင်းရှိသောသမင်ကို၊ အဒက္ခိံ-တွေ့မြင်ပြီ။

၂။ မိဂေ-သမင်ဟူသော အာရုံနိမိတ်၌၊ စိတ္တံပသာဒေတွာ-စိတ်ကိုကြည်စေ၍၊ လောကဇေဋ္ဌံ-ဘုရားရှင်ကို၊ အနုဿရိံ- အမှတ်ရအောက်မေ့လေပြီ၊ တေနစိတ္တပသာဒေန- ထိုပစ္စုပ္ပန်ဘုရားရှင်၌ ကြည်ညိုသော စိတ်ဖြင့်၊ အညေ-အခြားတပါးကုန်သော၊ ဗုဒ္ဓေ-အတိတ် အနာဂတ်

ဘုရားရှင်တို့ကို၊ အနုဿရိံ-ကြည်ညိုအောက်မေ့ပြန်လေ
ပြီ။

၃။ ။ကိံ အနုဿရိံ-အဘယ်သို့ကြည်ညိုအောက်မေ့
သနည်းဟူမူကား၊ အဗ္ဘတီတာစယေဗုဒ္ဓါ- အတိတ်ဖြစ်ကုန်
သော အကြင် ဘုရားရှင်တို့သည်၎င်း၊ ဝတ္တမာနာစယေ
ဗုဒ္ဓါ-ပစ္စုပ္ပန်ဖြစ်ကုန်သော အကြင်ဘုရားရှင်တို့သည်၎င်း၊
အနာဂတာစယေဗုဒ္ဓါ- အနာဂတ်ဖြစ်ကုန်သော အကြင်
ဘုရားရှင်တို့သည်၎င်း၊ သန္တိ-ရှိကုန်၏၊ တယော-အတိတ်၊
အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် သုံးမျိုးကုန်သော၊ တေ-ထို
ဘုရားရှင်တို့သည်၊ မိဂရာဇာ-ရွှေရောင်အဆင်း သမင်မင်း
သည်၊ ဝိရောစတိဣဝ-ရွှေရောင်အဆင်း ပဘာဝင်း၍ ထွန်း
လင်းရှုဘွယ် လွန်တင့်တယ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ ဝိရော
စန္တိဧဝ-ရွှေရောင်အဆင်း ပဘာဝင်း၍ ထွန်းလင်းသပ္ပါယ်
တင့်တယ်တော်မူကြကုန်သည်ချည်းသာလျှင်တည်း၊ ဣတိ-
ဤသို့၊ အနုဿရိံ-ကြည်ညိုအောက်မေ့လေပြီ။

၄။ ။စတုန္နဝုတိတောကပ္ပေ-ကာလ မြင့်ကြာ၊ ကိုး
ဆယ့်လေးကမ္ဘာဟူသော၊ တဒါ-ထိုအခါက၊ ယံသညံ-
သုံးတန်ကာလ၊ ပွင့်ကုန်ကြသည်၊ ဗုဒ္ဓဟူသား၊ ဘုရားတို့၌
ဖြစ်သော အကြင်အမှတ်သညာကို၊ အလဘိံ-ရခဲ့ပြီ၊ တာ
ယသညာယ-ထိုသညာကြောင့်၊ ဒုဂ္ဂတိံ-အပါယ်ဒုဂ္ဂတိကို၊
နာဘိဇာနာမိ-မသိခဲ့၊ ဣဒံဖလံ-ဤအပါယ်မကျ သုဂတိ
ဘဝတို့၌ သုခပြည့်ဖြိုး' စံရသောကောင်းကျိုးသည်၊ ဗုဒ္ဓ
သညာယ-ဘုရားရှင်တို့၌ဖြစ်သော အမှတ်သညာ၏၊ ဖလံ-
အကျိုးပေတည်း။

၅။ ။အဟံ-ငါသည်၊ဣတော-ဤကမ္ဘာမှ၊သတ္တဝီသေကပ္ပေ - နှစ်ဆယ် ခုနစ်ခုမြောက် ကမ္ဘာ၌၊ ကောသကောရာဇ်ဖြစ်သော၊ မဟီပတိ-မြေ့ရှင်ဖြစ်သော၊ နာမေန-အမည်အားဖြင့်၊ အရညသတ္တော- အရညသတ္တမည်သော၊ မဟဗ္ဗလော-ကြီးသောတန်ခိုးရှိသော၊စက္ကဝတ္တိ-စကြာမင်းသည်၊ အာသိံ-ဖြစ်ခဲ့ရဘူးပြီ။

၆။ ။တ္ထဒါနိ-ယခုဘဝ၌၊ မယာ-ငါသည်၊စတသော-လေးပါးကုန်သော၊ပဋိသမ္ဘိ ဒါပိစ-ပဋိသမ္ဘာဒါတို့ကိုရင်း၊ အဋ္ဌ-ရှစ်ပါးကုန်သော၊ ဝိမောက္ခာပိစ-ဝိမောက္ခတို့ကိုရင်း၊ ဆဠာဘိညာပိစ-ခြောက်ပါးသော အဘိညာဏ်တို့ကိုရင်း၊ ဣမေ-ဤအလုံးစုံတို့ကို၊ သစ္ဆိကတာ-မျက်မှောက်ပြုအပ်ကုန်ပြီ၊ ဗုဒ္ဓဿ သာသနံ-ဘုရားရှင်၏ အဆုံးအမတော်ကို၊ ကတံ-ပြုကျင့်အပ်ပြီ။

## မေတ္တေယျဘုရားကိုကြည်ညိုကိုးကွယ်ခြင်း

ဤသို့အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘုရားရှင်များကို အောက်မေ့ကြည်ညိုမှုနှင့်စပ်၍ ဤစာရေးနေစဉ်မှာပင် ဘုန်းကြီးသတိရလာသောအချက်တခုကို ထည့်ရေးလိုက်ဦးမည်။

"ကပ်သုံးပါးမှ လွတ်မြောက်၍ ချမ်းသာရန် အတိတ်ဘုရားရှင်များသာမက အနာဂတ်မေတ္တေယျ ဘုရားရှင်ကိုလည်း အောက်မေ့ပူဇော်ရန် တပည့်များကို နှိုးဆော်ပါ"ဟု သူတော်စဉ် ဆရာကြီးတပါးက ဘုန်းကြီးအားပြောဘူးပါသည်။ ထိုစကားကို နီးစပ်ရာဒကာအချို့အား

ပြောပြဘူးရာ "မပွင့်သေးသော မေတ္တေယျ ဘုရားကို အောက်မေ့ကိုးကွယ်ရန် မသင့်ဟုထင်ကြောင်း"အချို့က စောဒကတက်၍ ဘုန်းကြီးဖြေရှင်းခဲ့ရဘူးသည်။

ထိုအခါက ဤနိမိတ္တသညာကရဟန္တာဝတ္ထုကို မတွေ့ဘူးသေး၍ ဤဝတ္ထုကို မပြောလိုက်ရ။ "အိုရဟန်းတို့ မေတ္တေယျဘုရားရှင်သည်လည်း ငါဘုရားကဲ့သို့ အရဟံ သမ္မာသမ္ဗုဒ္ဓစသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူလတံ့။ ငါဘုရားကဲ့သို့ပင် လောကသုံးပါးကို သိတော်မူလတံ့။ ငါဘုရားကဲ့သို့ပင် ကောင်းခြင်းသုံးဖြာ သဒ္ဒါ အနက်နှင့်ပြည့်စုံသော တရားမြတ်ကို ဟောတော်မူလတံ့။ ငါဘုရားကဲ့သို့ပင် ထောင်ပေါင်းများစွာသော ရဟန်း အပေါင်းကို ဦးဆောင်တော်မူလတံ့"ဟု စက္ကဝတ္တိသုတ်၌ ဟောတော်မူသောကြောင့်၎င်း၊ "ဤဘဒ္ဒ ကမ္ဘာ၌ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတံ့ကုန်သော ကကုသန်၊ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ မေတ္တေယျ ဘုရားငါးဆူလုံးတို့သည် သဗ္ဗညုတ ပညာရှိတော်မူကုန်၏။ သတ္တဝါအားလုံးကို သနားကြင်နာတော် မူတတ်ကုန်၏" ဟု ဗုဒ္ဓဝင်ပါဠိ၌ ဟောတော်မူသောကြောင့်၎င်း၊ ဥပ္ပါတသန္တိကျမ်း၌လည်း မေတ္တေယျဘုရားရှင်ကို ထည့်သွင်းကိုး ကွယ်လျက်ရှိသောကြောင့်၎င်း၊ ရှေးကာလမှစ၍ ယခုတိုင်အောင် ဘုရား ငါးဆူ ရုပ်ပွါး၊စေတီတော်များကို ထုလုပ် တည်ထားကာ ကိုးကွယ်လျက် ရှိသောကြောင့်၎င်း ပွင့်တော်မူမည့် မေတ္တေယျဘုရားရှင်ကိုအောက်မေ့ကြည်ညိုကိုးကွယ်သင့် သည်သာဖြစ်၏ ဟု ပြောဆိုဖြေရှင်းခဲ့ရဘူးသည်။

## အိပ်မက်ဘုရားနှင့်
## ဗုဒ္ဓသညက ရဟန္တာလောင်း

လွန်ခဲ့သောကိုးဆယ့်လေးကမ္ဘာက သိဒ္ဓတ္ထ ဘုရားရှင် လက်ထက်တော်တွင် မထင်ရှားသူ အမျိုးကောင်းသား တယောက်ရှိလေသည်။ သူသည်တနေ့တွင် သိဒ္ဓတ္ထဘုရားရှင် ကိုအိပ်မက်ဖြင့် ဖူးမြင်ရလေသည်။ ထို့နောက် နိုးလာသောအခါတွင်လည်း အိပ်မက်၌ဖူးမြင်ရသော ဘုရားရှင်ကိုပင် အာရုံပြု၍ ကြည်ညိုလေသည်။ ထိုကောင်းမှုကြောင့် ကိုးဆယ့်လေးကမ္ဘာပတ်လုံး အပါယ်မလားဘဲ လူနတ်ဘဝများ၌သာ ကျင်လည်ကာ ချမ်းသာကိုခံစား၍ နောက်ဆုံးဘဝ၌ ဤငါတို့၏ ဂေါတမ ဘုရားရှင်ထံတော်တွင် အဘိညာဉ် ပဋိသမ္ဘိဒါရ ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရလေသည်။ အိပ်မက် ဘုရားကို အာရုံနိမိတ်ယူ၍ ဘုရားရှင် ကိုယ်တော်ကို အောက်မေ့ကြည်ညိုမှု ကုသိုလ်အဟုန်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်သောကြောင့် 'ဗုဒ္ဓသညကမထေရ်' ဟုအမည်တော် တွင်လေသည်။ ရဟန္တာအဖြစ်သို့ ရောက်သောအခါ မိမိ၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

(၁) ဥဒေန္တံ သတရံသိံဝ၊ ပီတရံသိံဝ ဘာဏုမံ။
ဝနန္တရဂတံ သန္တံ၊ လောကဇေဋ္ဌံ နရာသဘံ။

(၂) အဒ္ဒသံ သုပိနန္တေန၊ သိဒ္ဓတ္ထံ လောကနာယကံ။
တတ္ထ စိတ္တံ ပသာဒေတွာ၊ သုဂတံ ဥပပဇ္ဇဟံ။

(၃) စတုန္နဝုတိတော ကပ္ပေ၊ ယံသညမလာဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓသညာယိဒံဖလံ။

(၄) ပဋိသမ္ဘိဒါစတဿော၊ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

အနက်(၁)။ ။အဟံ-ငါသည်၊ ဥဒေန္တံ-တက်သစ်သော၊သတရံသိံ-အရာသောရောင်ခြည်ရှိသော၊ပီတရံသိံ ရွှေသောရောင်ခြည်ရှိသော၊ ဘာဏုမံ-နေမင်းကို၊ ပဿာမိ ဣဝ-မြင်ရသကဲ့သို့၊ ဝနန္တရဂတံ-တောတွင်းသို့ ကြွတော်မူသော၊သန္တံ-ငြိမ်သက်သောဉာဏ်ရှိတော်မူသော၊ လောကဇေဋ္ဌံ-သီလစသောဂုဏ်တို့ဖြင့်သတ္တလောကတွင်အကြီးဦး ဖြစ်တော်မူသော၊ နရာသဘံ-လူတို့တွင် အမြတ်ဆုံး ဖြစ်တော်မူသော။

(၂)။ ။လောကနာယကံ-သတ္တလောက၏ နိဗ္ဗာန် လမ်းညွှန်ဖြစ်တော်မူသော၊ သိဒ္ဓတ္ထံ-သိဒ္ဓတ္ထ ဘုရားရှင်ကို၊ သုပိနန္တေန-အိပ်မက်ဖြင့်၊ အဒ္ဒသံ-ဖူးမြင်ရလေပြီ။ အဟံ-ငါသည်၊ တတ္ထ-ထိုအိပ်မက်ဖြင့် ဖူးမြင်ရသောသိဒ္ဓတ္ထဘုရားရှင်၌၊ စိတ္တံ-စိတ်ကို၊ ပသာဒေတွာ- ပကတိအခါ နိုးပြန်ပါလည်း သဒ္ဓါမျိုးဆက် ညှိုးမပျက်ဘဲ တိုးတက်ဖိုးဝေ ကြည်ညိုစေ၍၊ ဝါ-ကြည်ညိုစေသောကြောင့်၊သုဂတိံ-နတ်ရွာသုဂတိသို့၊ ဝါ-လူရပ်နတ်ရွာ နှစ်ဖြာသော သုဂတိသို့၊ ဥပပဇ္ဇိံ-လားရောက်ရလေပြီ။

(အမှတ် ၃ ဂါထာ၏ အနက်သည် နိမိတ္တသညာက မထေရ်ဝတ္ထု၊ အမှတ် ၄ ဂါထာအနက်နှင့်တူ၍ အမှတ် ၄ ၏အနက်သည် အမှတ် ၆ ဂါထာနက်နှင့်တူ၏။)

ဤသို့ အိပ်မက်ဖြင့် ဖူးတွေ့ရသော ဘုရားရှင်၌ ဆက်လက်၍ ကြည်ညိုကိုးကွယ်မှုမျိုးကိုမဆိုထားဘိ၊ ယခုမျက်မှောက်ခေတ်၌ပင်ကြည်ညိုသည်ဖြစ်စေ၊ မကြည်ညိုသည်ဖြစ်စေ သက်တော်ထင်ရှား ဘုရားရှင်ကိုသော်၎င်း၊ စေတီ၊ ပုထိုး၊ဓာတ်တော်၊ မွေတော် များကိုသော်၎င်း အိပ်မက်မြင်မက်သဖြင့် လာဘ်သပကာရခြင်း၊ စီးပွါး တိုးတက်ခြင်း၊ ရန်အောင်ခြင်း စသော ကောင်းကျိုးတို့ကိုရရှိသူအများပင်ရှိသည်ကို သတိထား လေ့လာ ကြည့်ပါက အထင်အရှားတွေ့မြင်နိုင်လေသည်။ ဘုရားစသောရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကား အလွန်အံ့သြ ကြည်ညိုဘွယ်ကောင်းလေစွ။

## သဝဏ္ဏာရစနာ
## ဥဒါန်း ဂါထာများ

(၁) အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊
အဟော သံဃော ဂဏုတ္တမော။
အဟော တေသု ပသန္နာနံ၊
ဝိန္ဒတံ ဝိပုလံ သုခံ။

(၂) ဇိဝန္တံ ဗုဒ္ဓ ရူပံဝါ၊ ဓာတုယောစေတိယာနိဝါ
သုပိနေနာပိပဿန္တော၊ လဘိ သုဝိဝိဓံ သုခံ။

အနက် (၁)။ ။ဗုဒ္ဓေါ-တရားသိမြင်ဘုရားရှင်သည်၊ အဟော-ရင်သပ်ကြံမော ပြန်မပြောနိုင် လောက်အောင် ဩော် အံ့ဩဘွယ်ကောင်းလေစွတကား၊ဓမ္မော-မဂ်ဖိုလ် နိဗ္ဗာန်၊ဓမ္မက္ခန်ဟု၊ ဆယ်ပါန် သတ်မှတ်၊ တရားတော်မြတ်သည်၊ အဟော-ရင်သပ်ကြံမော၊ ပြန်မပြော နိုင်လောက်အောင် ဩော် အံ့ဩဘွယ်ကောင်းလေစွတကား၊ဂဏုတ္တမော-အရိယာရှစ်ရပ်၊ ဂိုဏ်းတော်မြတ်ဖြစ်သော၊သံဃော-မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် ရှစ်တန်ထေရ်ကျော် သံဃာတော်သည်၊ အဟော-ရင်သပ်ကြံမော ပြန်မပြော နိုင်လောက်အောင် ဩော်အံ့ဩဘွယ်ကောင်းလေစွတကား၊တေသု-ထိုဘုရားတရား သံဃာ သုံးပါးသောရတနာတို့၌၊ ပသန္နာနံ-ကြည်ညိုကြ ကုန်သူတို့၏။ ဝိန္ဒိတံ-ရယူအပ်သော၊ သုခံ-လူနတ်နိဗ္ဗာန်၊ သုံးတန်စာရင်း၊ချုံးကာချဉ်းအပ်သော၊ အကျဉ်းမှတ်စရာ၊ မြတ်လှသော ချမ်းသာသည်၊ အဟောဝိပုလံ-အတိုင်းအဆ၊ နှိုင်းမရအောင်၊ အနန္တသဘော၊ဘုရားဟောမို့၊ ဩော် ပြန့်ပြောကျယ်ဝန်း လှလေစွတကား။

(၂)။ ။ဇိဝန္တံ-သက်တော်ရှင်ဆဲ ဖြစ်သော၊ ဗုဒ္ဓရူပံဝါ-ဘုရားမျက်ရှု၊ သဗ္ဗညု၏၊ နှိုင်းတုမပေါ်၊ အဆင်းတော်ကိုသော်၎င်း၊ ဓာတုယောဝါ-ရွှေကိုယ်တော်မှ၊ဖြစ်ထွန်းကြသည့်၊ သရီရခေါ်၊ မြင့်မြတ်သော ဓာတ်တော်တို့ကိုသော်၎င်း၊ စေတိယာနိဝါ-ဗောဓိသစ်ပင်၊ရွှေပလ္လင်နှင့်ရှင်ပင်ကိုယ်စား၊ ရုပ်ပွား ထို့ဤ၊ စေတီပုထိုး၊ အမျိုးမျိုးတို့ကိုသော်၎င်း၊ သုပိနေနပိ-မျောက်မြည်းမေ့လျက်၊ တရေးစက်သည့်၊ ဝိတက်စိတ်စော၊ အိပ်မက်ဇောဖြင့် သော်

မှလည်း၊ ပဿဒ္ဓေ၁-အရဏ်ဦးတွင်၊အထူးထူးထင်၍၊ဖူးမြင်တွေ့ရှိရသည်ရှိသော်၊ ဝိဝိခံ့-လာဘ်သပ်ပကာ၊ ဌာနန္တရ၊ ဘောဂဆောင်ယောင်၊ ရန်အောင်ကျော်ကြား၊အထူးထူးအပြားပြားသော၊ သုခံ-ဏ္ဍမင်္ဂလာ၊ ကောင်းမြတ်သောချမ်းသာကို၊ လဘိံသု-မျက်မြင့်ဒိဋ္ဌ၊ လက်တွေ့ကျအောင်၊ မက်ကြသူတွေ ရရှိကြလေကုန်ပြီ။

## ၅ဒ္ဓဝိဇ္ဇာခိုရိ

"သဗ္ဗညုတ၊ အတုလပုဂ္ဂိုလ်၊ ဝိဇ္ဇာခိုရ်ိက" ဟူ၍စပ်ဆိုသဖြင့် ဘုရားရှင်အား 'ဝိဇ္ဇာခိုရ်ိ'ဟု သုံးနှုံး ခေါ်ဝေါ်ခြင်းမှာ ခေါ်ဝေါ် သင့်သောကြောင့်ရင်း၊ သတ္တဝါတို့အား ဝိဇ္ဇာခိုရိ အစစ်နှင့် အကြီးဆုံး အမြတ်ဆုံးသော ဝိဇ္ဇာခိုရ်ိကိုညွှန်ပြလိုသောကြောင့်ရင်း ဖြစ်သည်။

ခေါ်ဝေါ်သင့်ပုံမှာ ဝိဇ္ဇာခိုရိဟူသောစကားမှာ'ဝိဇ္ဇာဓရ'ဟူသော ပါဠိမှလာသောစကားဖြစ်သည်။ "ဝိဇ္ဇာခိုရ်-အသိပညာကိုဆောင်သူ"ဟု အဓိပ္ပါယ်ရသည်။ လောကီဆေးဝါး၊ မန္တရား၊ သံပြဒါးစသည်တို့၏ သဘာဝတစိတ်တဒေသကို သိသော တစိတ်တဒေသ အသိပညာမျှကိုဆောင်သူများကိုပင် ဝိဇ္ဇာခိုရိဟုခေါ်ဝေါ်လျှင်လောကီ၊ လောကုတ္တရာ သဘာဝအနန္တကို အားလုံးသိမြင်နိုင်သည့် အသိပညာအနန္တကို ဆောင်တော်မူသော ဘုရားရှင်ကိုသာ၍ပင် ခေါ်ဝေါ်သင့်သည်၊ ဘုရားရှင်သာ ဝိဇ္ဇာခိုရ်ိအစစ်ဖြစ်ပေသည်။

ဘုရားရှင် ဟောတော်မမူသော်လည်း ဂုဏ်တော်နှင့် လျော်ကန် ယုတ္တိတန်သော အမည်တော်ဖြစ်က ဘုရားရှင်အား မှည့်ခေါ်သင့်ကြောင်းကိုလည်း များစွာသော အဋ္ဌကထာ၊ဋီကာတို့က အောက်ပါအတိုင်း မိန့်ဆိုကြသည်။

အသင်္ချေယျာနိ နာမာနိ၊
သဂုဏေန မဟေသိနော။
ဂုဏေန နာမ ဥဒ္ဓေယျံ၊
အပိနာမ သဟဿတော။

(ဤဂါထာကို အရှင်သာရိပုတ္တရာဟောသည်ဟု နေတ္တိအဋ္ဌကထာ၌ ဆို၏)။

မြန်မာပြန်....

"မိမိ၏ဂုဏ်တော်အားဖြင့်ဘုရားရှင်၏ အမည်တော်တို့သည် မရေမတွက်နိုင်များပြားကုန်၏၊ ဂုဏ်တော်အားဖြင့် ထောင်ပေါင်းများစွာသော အမည်တော်ဖြင့်သော်လည်း မှည့်ခေါ်အပ်၏။

ဝင်းပြင် ဝဏ္ဏုပထသုတ်မှလာသော အနန္တဗုဒ္ဓိ အနောမဗုဒ္ဓိစသော အမည်ပေါင်း တထောင်တို့တွင်ရင်း၊ ဥပါလိသုတ်မှလာသော ဝိဂတမောဟ၊ ပဘိန္နခီလစသော အမည်တော်ပေါင်းတရာတို့တွင်ရင်း ဘုရားရှင်ဟောတော်မမူသော အမည်အများအပြား ပါဝင်လေသည်။

အကြီးဆုံး၊အမြတ်ဆုံးသော ဝိဇ္ဇာဓိုရ်ကိုညွှန်ပြလိုပုံမှာ ယခုအခါ ဆင်းရဲကင်းပျောက် ချမ်းသာရောက်ရန်၊ သိဒ္ဓိပေါက်ရန် ဝိဇ္ဇာဓိုရ်များကို စုံစမ်းရှာဖွေ၍ ဆည်းကပ်ကြ

သူအများအပြားရှိလေသည်။ ဝိဇ္ဇာခိုရ်ကို မတွေ့လိုသူ ရှိကောင်းမည်လည်း မဟုတ်ပေ။ ထိုသို့ ဝိဇ္ဇာခိုရ်များကို စုံစမ်းရှာဖွေ၍ ဆည်းကပ်ကြသူတို့တွင် ဝိဇ္ဇာခိုရ်ကို တွေ့ရှိကြသူများထက် ဝိဇ္ဇာတုကို တွေ့ရှိဆည်းကပ်ကြသူများ ကသာ အလွန်များပြားလေသည်။ ထိုသူအားလုံးတို့အား "ဘုရားရှင်သည်သာ အစစ်မှန်ဆုံး၊ အကြီးမြတ်ဆုံးသော ဝိဇ္ဇာခိုရ်ဖြစ်၏" ဟုညွှန်ပြလိုပါသည်။ ထိုသဗ္ဗညုဝိဇ္ဇာခိုရ်ကို မှီဝဲဆည်းကပ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ သိဒ္ဓိအမှန် ပြီးနိုင်ပါသည်။

## ဝိဇ္ဇာခိုရ်များ ဗုဒ္ဓါနုဿတိပွားရပုံ

လူအများတွေ့မြင်ဆည်းကပ်လိုသော လောကီဝိဇ္ဇာခိုရ်များသည်လည်း မိမိတို့လိုရာသိဒ္ဓိများ လျင်မြန်စွာပြည့်စုံပြီးမြောက်ရန် ဂုဏ်တော်ကို ပွားများသောအားဖြင့် ဤသဗ္ဗညုဝိဇ္ဇာခိုရ်မြတ်ကြီးကို ကိုးကွယ် အားထားကြရပါသည်။

ထို့ကြောင့်ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၌ "ဤဂန္ဓာရီဝိဇ္ဇာလမ်းကိုလုပ်ကြံလိုသောသူသည် ရတနာသုံးပါးဂုဏ်ကို မိမိကိုယ်၌အမြဲထုံစေ၍တန်ခိုးကြီးသော တောစောင့်နတ်၊ ရက္ခစ္ဆိုး၊ ဘူမစ္ဆိုး၊ ပဗ္ဗတစ္ဆိုးနတ်တို့ကိုရင်း၊ မန္တရား၊ အင်းအိုင်မျိုးကိုအုပ်စိုးသော ဝိဇ္ဇာဒေဝနတ်၊ သိုက်သမိုင်းဝင်ဆေးပင်မျိုး ကျောက်ခဲတ်မျိုးတို့ကိုအုပ်စိုးသော ဩသဓိဒေဝနတ်တို့ကိုရင်း ဤအလုံးစုံသော နတ်တို့ကိုရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းဝင်

လေးမြတ်အောင် မိတ်သဟာယပြုလုပ်မှု ထမြောက်နိုင်ရာသည်”ဟု လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့သည်။ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိနှင့် မေတ္တာကို ပွားရန် ဆိုလိုရင်းဖြစ်၏။

## ဥယျောဇဉ်

အထက်၌ အကျဉ်းအားဖြင့်ပြဆိုခဲ့သမျှသော ကောင်းကျိုးသိဒ္ဓိများကို လိုလားတောင့်တသူ အမျိုးသား အမျိုးသမီး ကြီးငယ် အပေါင်းတို့သည် ဗုဒ္ဓါနုဿတိ ဘာဝနာကို နေ့ညမပြတ် ပွားများအားထုတ်ကြပါရန် အင်္ဂုတ္တိုရ်ပါဠိတော်လာ မဟာနာမ်အား ဘုရားရှင်က မှာကြား တိုက်တွန်းတော်မူသော ဥယျောဇဉ်ပါဠိတော်ဖြင့် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

> ဣမံခေါ တွံ မဟာနာမ ဗုဒ္ဓါနုဿတိံ ဂစ္ဆန္တောပိ ဘာဝေယျာသိ၊ ဌိတောပိ ဘာဝေယျာသိ၊ နိသိန္နောပိ ဘာဝေယျာသိ၊ သယာနောပိ ဘာဝေယျာသိ၊ ကမ္မန္တံ အဓိဋ္ဌဟန္တောပိ ဘာဝေယျာသိ၊ ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသန္တောပိ ဘာဝေယျာသိ။

မြန်မာပြန်။

“အိုမဟာနာမ် သင်သည် ဤဗုဒ္ဓါနုဿတိကိုပင် သွားဆဲ၌သော်လည်း ပွားများရာ၏၊ ရပ်ဆဲ၌သော်လည်း ပွားများရာ၏၊ ထိုင်ဆဲ၌သော်လည်း ပွားများရာ၏၊ လျောင်း

ဆဲ၌သော်လည်း ပွားများရာ၏၊ ကိစ္စကြီးငယ်ကို ဆောက် တည် ဆောင်ရွက်ဆဲ၌သော်လည်း ပွားများရာ၏၊ သွား မလာတို့ဖြင့် ကျဉ်းမြောင်းသော အိပ်ရာသို့ဝင်၍ စိုး အုပ်နေဆဲ၌သော်လည်း ပွားများရာ၏။

## တောင်းပန်ချက်

မှန်းဆသိမြင်အပ်သော အဘိုယာစက ပုဂ္ဂိုလ်၏ဣန္ဒြေ စသည်အားလျော်စွာ ရေးစီအပ်သော ဘုရားရှိခိုးလင်္ကာ၊ ထိုလင်္ကာအားလျော်စွာ ရေးသားအပ်သော အဖြေ ရှင်း လင်းချက်များဖြစ်သောကြောင့် အခြေအနေမပေး အခွင့် မသင့်သဖြင့် ဘုရားရှင်အား 'ပု ဒိ အာ'ဟူသော ဝိဇ္ဇာသုံး ပါးဖြစ်ပုံစသည်များနှင့် ကုဋ္ဌေပေါင်း သုံးသန်း ခြောက် သိန်းကုန်သော ဝိပဿနာစာရတို့၌ မဟာဝဇိရ ဝိပဿနာ ဉာဏ်တော်ဖြစ်ပုံစသည်များမပါ ကျန်ရှိနေသည်ကို ပညာ ရှင် သူတော်ကောင်းတို့ ခွင့်လွှတ်တော်မူကြပါရန်တောင်း ပန်ပါသည်။

## ပတ္ထနာသီသနိဂုံး

၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ၊ နယဒါနေန သောအဟံ။
ဣမိနာပုညကမ္မေန၊ သာသနံ ဒိဋ္ဌဓမ္မိကံ။
၂။ ဓမ္မာဏာသိဒ္ဓိစက္ကေဟိ၊ ဇောတေတွာ ဝိပုလံ စိရံ။
အနာဂတေစိတေမာရေ၊ဝိဇယန္တောဇိနောဘဝေ။

ဗုဒ္ဓါနုဿတိ ဉာဏ်မျက်စိစာစောင်ပြီး၏။

---

မိုးကုတ်မြို့

ဈေးကျောင်းဆရာတော်

# ဦးသုဝဏ္ဏ

ရေးသားပြုစုသော

မဇ္ဈိမပဏ္ဏာသ ပါဠိတော်လာ

# သေလသုတ်ဂါထာများ

၏

# ကြည်ညိုဘွယ် အနက်များ

# နိဒါန်း

အစိန္တေယျ အပ္ပမေယျ ဂုဏ်ပေါင်းခသည့် သုံးလောက ထွဋ်ထား မြတ်စွာဘုရားသည် သနားထိုက်စွာဝေနေယျာတို့ကို ဒေသနာတရား ဟောမြွက်ကြား၍ သနားကယ်တင်တော်မူခြင်းငှာ အင်္ဂုတ္တရာပ ဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူရာ အာပဏနိဂုံး၏ မြစ်ဆိပ်အနီး တခုသောတောအုပ်ကြီး၌ တထောင့်နှစ်ရာငါးဆယ် ကုန်သော တပည့် ရဟန္တာအပေါင်းတို့နှင့်တကွ ခေတ္တသီတင်းသုံးနေထိုင်တော်မူစဉ် ထိုသို့ မြတ်စွာဘုရားကြွရောက် သီတင်းသုံးတော်မူသည်ကို ကေဏိယ ရသေ့ကြီးထံမှ သတင်းစကားကြားသိရသော အာပဏရွာသား သေလမည်သောပုဏ္ဏားကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်၌ ဘုရားဟုတ်သလော မဟုတ်သလောဟု တွေးတောဒွိဟ မိမိ၏ ယုံမှားခြင်း သံသယကို ခွါချကာဆုံးဖြတ်၍ အတပ်သိနိုင်ရန်အလို့ငှာ သုံးရာကုန်သော တပည့်ပုဏ္ဏားတို့နှင့်တကွ ဘုရားရှင်၏ ထံတော်မှောက်သို့ လာရောက်ကာဖူးမြင်၍ ဆင်ခြင်စုံစမ်းခြင်းပြုရာဝယ် ဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာ၊ လက္ခဏာတော်ငယ် ရှစ်ဆယ် အံ့ဘွယ်

ရောင်ရှင် အဆင်းအသွင်တော်တို့ကို မျက်မြင်ဒိဋ္ဌ ဖူးမြော်ရ၍ ဗုဒ္ဓဧကန် ဖြစ်လိမ့်မည်မှန်သည်ဟု ခံယူနှစ်သက် မိမိ၏ ယုံကြည်ချက်ကို မပျက်မပြို မြဲစေလို၍ ရှေ့ကိုတတန် စုံစမ်းဟန်ဖြင့် သမ္မာသမ္ဗုဒ္ဓ အနုတ္တရထွဋ်ဖူး သုံးလူ့မျှူးအား ချီးကျူးလျှောက်ထားအပ်သော မဇ္ဈိမ ပဏ္ဏာသပါဠိတော် သေလသုတ်လာ ဂါထာများနှင့် ဘုရားဗုဒ္ဓသုံးလူ့ဘက မြွက်ဟသနား ပြန်လည်၍ ဟောကြားတော်မူအပ်သော တရားဒေသနာ ဂါထာများ၏ ပါသာဒိကသာရစင်စစ် အနက်ဖြစ်သော သမန္တ ပါသာဒိကတ္တယောဇနာများကို မိုးကုတ်မြို့ စျေးကျောင်း ဆရာတော်ဦးသုဝဏ္ဏက စီစဉ်ရေးသား၍ ညွှတ်တွားကြည်ညို သဒ္ဓါပိုသဖြင့် ပွဲဆိုကျူးရင့်အပ်ပါသတည်း။

# သေလသုတ်အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ပရိပုဏ္ဏကာယောသုရုစိ၊ သုဇာတောစာရုဒဿနော။
သုဝဏ္ဏဝဏ္ဏောသိ ဘဂဝါ၊သုသုက္ကဒါဌော ဝီရိယဝါ။

ဘဂဝါ-ဣဿရိယ၊ စသည်ဥဿုံ၊ ဘုန်းတော်ဟုန်နှင့်၊ ပြည့်စုံလှသား၊ အို..မြတ်စွာဘုရား၊တွံ-အရှင်ဘုရားသည် ပရိပုဏ္ဏကာယော-သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာနှင့်၊ အင်္ဂါဥပမိ၊ ပြည့်စုံသောကိုယ်တော်ရှိသည်၊ အသိ-စင်စစ်မသွေဖြစ်ပါပေ၏၊ သုရုစိ-ပုံနိုင်းစံညီ၊ အလျှံကြည်သည်၊ ရံသီသဟာယ်၊ ဖန်ခြည်နတ်ကဲ့သို့၊ ကောင်းမြတ်သော ကိုယ်ရောင်ရှိတော်မူသည်။ အသိ-စင်စစ်မသွေ ဖြစ်ပါပေ၏၊ သုဇာတော - လုံးရပ်ဟန်ပန်၊ သဏ္ဌာန်ပိုင်းဆစ်၊ အပြေအပြစ်တို့ဖြင့်၊ ဖြစ်တော်မူသည်၊ အသိ-စင်စစ်မသွေ ဖြစ်ပါပေ၏၊ စာရုဒဿနော - ကာလရှည်ကြာ၊ ဖူးမြော်ပါလည်း၊ အာသာမပြယ်၊ သဒ္ဒါကြွယ်၍၊ တာတွယ်ယုယ၊ ရှုမဝသော၊ ရှုပမျက်ဖျော်၊ မြင်သော်စွဲငြိ၊ အဆင်းတော်ရှိသည်၊ အသိ-စင်စင်မသွေ ဖြစ်ပါပေ၏၊ သုဝဏ္ဏဝဏ္ဏော-လျှော်ဥပမာ၊ သိင်္ဂီဝါလို၊ ထိန်စွာဝင်းအိ၊ ရွှေအဆင်းရှိတော်မူသည်၊အသိ-စင်စစ်မသွေ ဖြစ်ပါပေ၏။ သုသုက္ကဒါဌော-လမင်းသီတဂူ၊ ဘိုးဣန္ဒြူ၏၊ တိမ်မြူမှောင်ခွင်း၊

စိန်ဖြူရောင်လင်းသကဲ့သို့ဖြူဝင်းသောစွယ်တော်ရှိတော်မူသည်။ အသိ-စင်စစ်မသွေဖြစ်ပါပေ၏။ ဝီရိယဝါ-သခင်ျလေးလီ၊ ကမ္ဘာချီအောင်၊ ပါရမီလုံ့လ၊ ဥဿာဟနှင့်၊ သမ္မပဓာန်၊ ရဲဇွဲသန်သည်၊ မြဲမြံသော ဝီရိယရှိတော်မူသည်။ အသိ-စင်စစ်မသွေ ဖြစ်ပါပေ၏။

၂။ နရဿဟိ သုဇာတဿ၊ ယေ ဘဝန္တိ ဝိယဥ္ဇနာ၊
သဗ္ဗေတေတဝကာယသ္မိံ၊မဟာပုရိသလက္ခဏာ။

သုဇာတဿ-သုံးဆယ်ပါရမီ၊ ငါးလီစွန့်မှု၊ သုံးခုစရိယ၊ များမြတ်လှသည်၊ ပုညရှိန်စော်၊ အာနုဘော်တို့ကြောင့်၊ ဖြစ်ပေါ် မွေးဖွား တော်မူသော၊ နရဿ-ဘဂ္ဂဝါသခင်၊ စကြာရှင်ဟု၊ ဘုရင်ပေါင်းနတ်၊ မင်းလောင်းမြတ်အား၊ ယေဝိယဥ္ဇနာ-အကြွင်ဥက္ကင့်ယောကျ်ား၊ တယောက်ဖွားဟု၊ထောက်ထားသိဘွယ်၊စုံပြည့်ကြွယ်သည်၊သုံးဆယ်နှစ်ခု၊ အကြီးစုနှင့်၊ အနုဗျဥ္ဇနာ၊ ရူပဂ်ါဟု၊ လက္ခဏာတော်ငယ်၊ ပါးရှစ်ဆယ်တို့သည်၊ ဘဝန္တိ-အစဉ်မမှား၊ အမြင်အားဖြင့်၊ ထင်ရှားရှိမြဲ ဖြစ်ကုန်၏။ သဗ္ဗေ-ခပ်သိမ်း ကုန်သော၊ တေမဟာပုရိသလက္ခဏာ-ထိုဥက္ကဌ်ယောကျ်ား၊တယောက်ဖွားဟု၊ ထောက်ထားသိဘွယ်၊စုံပြည့်ကြွယ်သည်၊သုံးဆယ်နှစ်စု၊အကြီးစုနှင့်၊ အနုဗျဥ္ဇနာ၊ ရူပဂ်ါဟု၊ လက္ခဏာတော်ငယ်၊ပါးရှစ်ဆယ်တို့သည်၊တဝ-အရှင်ဘုရား၏၊ကာယသ္မိံ-သမ္ဘာအဟုန်၊ မဟာပုဉ်တို့၊ အကုန်ပေါင်းစု၊ အကြောင်းပြု၍၊အလုအယက်၊ ပြုဖန်ချက်ကြောင့်၊ လူ့ထက်မြင့်မြတ်၊ နတ်ထက်လွန်သာ၊ ဗြဟ္မာပြိုင်ရှုံး၊ကိုယ်တော်လုံး၌၊သန္တိ-အစဉ်မမှား၊အမြင်အားဖြင့်၊ထင်ရှားရှိကြပေကုန်၏။

၃။ ပသန္နနေတ္တော သုမုခေါ၊ဗြဟာ ဥဇု ပတာပဝါ။
မဇ္ဈေသမဏာသံဃဿ၊ အာဒိစ္စောဝ ဝိရောစတိ။

တံ့-အရှင် ဘုရားသည်၊ ပသန္နနေတ္တော-နှင်းချပ် ပွင့်ရောင်၊ ခုံးမျက်တောင်တို့၊ ညိုမှောင်ကြော့လွှင်၊ ကော့ကော့ထင်၍၊ ခုံးမင်တည်ရာ၊သမန္တာ၌၊ မဟာလှေခါး၊ရွှေဝါလားသို့၊ သွေးသားရေဆင်း၊ ပြေပြေဝင်းလျက်၊ မျက်တွင်းနီလျှံ၊ ပိုးပရံသို့၊ မျက်ဆံလည်ချက်၊ ပုတီးနက်နှင့်[၁]၊ မျက်သားငွေထည်၊ သောက်ရှုးကြယ်ဟု၊ ငါးမည်ရှုပါ၊ တူမကွာ၍၊ တယူဇနာ ဆင်းသွင်၊ လင်းလင်း မြင်သည်၊ ကြည်လင်သော မျက်စိရှိတော်မူ၏။ သုမုခေါ-ဆယ့်ငါး ပုဏ္ဏမာ၊ ယုန်သာခွါဟု၊ ဇူဏှာညလင်း၊ လပြည့်မင်းကဲ့သို့၊ ပဝင်းသပ္ပါယ်၊ လှမျိုးကြွယ်သည်၊ တင့်တယ်ကောင်းမြတ်သောမျက်နှာရှိတော်မူ၏။ ဗြဟာ-လုံးရပ်သဏ္ဌာန်၊ ဟန်ပန်နေထား၊ ပြေပြစ်ထွား၍၊ ခန့်ညား ကြီးကျယ်တော်မူပေ၏။ ဥဇု-ဗြဟ္မာပုံထုံး၊ မကွာနှုံးသော၊ မကုံးမချိုး၊ ကိုယ်တော်ရှိ၍၊ ပကတိ ဖြောင့်မတ်တော် မူလှပါပေ၏။ ပတာပဝါ-ဗျာမပဘာ၊ တလံတာဟု၊ သမန္တာ ထက်ဝန်း၌၊ ထွက်ထွန်းရစ်သန်း၊ လျှပ်စစ်ပန်းကဲ့သို့၊ သစ်ဆန်း

---

၁။ မျက်လုံးတော်အလည်ချက် မျက်ဆံတော်နက်ဟန်ကို ဥပမာပြရာဝယ် "သဒ္ဒါရိဋ္ဌကသမာန်"ဟုပါဠိတော်ရှိရာ ပုတီးနက်၊ကုလားကင်ပွန်း၊ မျောက်မင်းသွေးခဲ ဟု အမျိုးမျိုးအနက်ပေးကြသည်။ မိုးကုတ်အခေါ် ပုတီးဖြူစေ့ပင်ဖြစ်သည်။ မဟာနိဒ္ဒေသအဋ္ဌကထာ၌ကား "အဉ္ဇနသဒိသံ" (မျက်စဉ်းညိုနှင့်တူ၏) ဟုမိန့်၏။

တောက်ပသော ရောင်ခြည်ရှိတော်မူ၏။ သမဏာသံဃသဃ- သကန်းခြုံထယ်၊ ရုံသပ္ပါယ်သည်၊ ဂုဏ်ကြွယ်သူတောင်း၊ ရဟန်းအပေါင်း၏၊ မဇ္ဈေ-ရှေ့နောက်ဝဲယာ၊ ဝန်းရံကာ သည့်၊ လည်ခြာမ္ဗေချက်၊ နေရာထက်၌၊ အာဒိစ္စောဝ- အလျှံတထောင်၊နဘံခေါင်က၊ဖလ်ရောင်ရွှေသား၊နေနတ် သားကဲ့သို့၊ ဝိရောစတိ-အမိုက်ကိုရှောင်၊ အမှောင်ကိုခွင်း၊ ပြောင်ပြောင်ဝင်း၍၊ ရောင်လင်း တောက်ပတော် မူလှ ပါပေ၏။

၄။ ကလျာဏဒဿနော ဘိက္ခု၊
ကဥ္စနသန္နိဘတ္တစော။
ကိံ တေ သမဏဘာဝေန၊
ဧဝံ ဥတ္တမဝဏ္ဏိနော။

တံ့-အရှင်ဘုရားသည်၊ ကလျာဏဒဿနော-ရှုဘွယ်ငါး ဖြာ၊ လက္ခဏာနှင့်၊ ဂုဏ်ဝါမကင်း၊ စုံပါခြင်းကြောင့်၊ အ ဆင်းကြက်သရေ၊ ရှုလေလေလျှင်၊ အမြူတေ ပေါင်းစပ်၊ မစောင်းတတ်အောင်၊ကောင်းမြတ်သည့်မြင်ကွင်းရှိတော်
ယောင်း
မူသော၊ ကဥ္စနသန္နိဘတ္တစော-ကဥ္စနဟောရဉ်၊ ရွှေရောင် သွင်သို့၊ဝေလွင်ဝံါဝင်းသော၊ အရေအဆင်းရှိတော်မူသော၊ ဘိက္ခု-အရှဏဝတိ၊ ပြေပြေနိသို့၊ရွှေထည်သင်္ကန်း၊ဝတ်ဆင် မြန်းသည့်၊ရွှေရဟန်းဖြစ်တော်မူပါပေ၏။ဘဂဝါ-ဣဿရိ ယ၊ စသည်ဘုန်းဂုဏ်၊အလုံးစုံနှင့်၊ ကုံလုံဘတ်သား၊ အို.... မြတ်စွာဘုရား၊ ဧဝံဥတ္တမဝဏ္ဏိနော-ဤသို့စုံလင်၊ ပုံတော် သွင်ကို၊ ဂုဏ်တင်နိဒါန်း၊ ဖွဲ့သူပန်းလည်း၊ ဆုံးခန်းမတိုင်၊ မကုန်နိုင်အောင်၊ သုံးနိုင်ငံလုံး၊ ပြိုင်စံရှုံးသည့်၊ လှိုင်ဆုံး

ကြက်သရေ၊ခိုင်လုံးရွှေဟု၊ အမြုတေဥပမိ၊ မြင့်မြတ်သော အဆင်း ရှိတော်မူသော၊ တေ-အရှင်ဘုရားအား၊ သမဏ ဘာဝေနေ-လူ့ရပ်ကိုခွါရှောင်၊ အိမ်ထောင်ကိုစွန့်ပစ်၊ မင်း ဖြစ်ကိုမခင်မင်၊ ဆံပင်ကိုရိတ်၊ မုတ်ဆိတ်ကိုပယ်၊ သပိတ် လွယ်၍၊ ဖန်ထယ်သင်္ကန်း၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်း စင်စစ်၊ ရှင်ပဥ္စင်းအဖြစ်ဖြင့်၊ ကိံ-ဘယ်ဟာဘာမျိုး၊ ရွယ် ကာကိုး၍၊ ဘာအကျိုး ရှိနိုင်လိမ့်မည်နည်း။

၅။ ရာဇာ အရဟာသိ ဘဝိတုံ၊
စက္ကဝတ္တိ ရထေသဘော။
စာတုရန္တော ဝိဇိတာဝီ၊
ဇမ္ဗုသဏ္ဍဿ ဣဿရော။

တံ့-အရှင်ဘုရားသည်၊ စက္ကဝတ္တိ-ပုံတောင်း စကြာ၊ ရတနာနှင့်၊ လေးဖြာသမွတ်၊ စက်တော်မြတ်ကို၊ စိုးတတ် ပိုင်ဆိုင်၊ လည်စေနိုင်သော၊ ရထေသဘော-မြေယာဉ် ရေ ယဉ်၊လေယာဉ်ပျံလွှား၊ ဝေဟင်သွားသူ၊ရထားစီးသူ၊မင်း ဆူဆူထက်၊ မတူရက်စွာ၊ သူ့ထက်သာသည်၊ စကြာယာဉ် ကြီး၊ တက်ကာစီးသဖြင့်၊ အကြီးအမြတ်ဆုံး ဖြစ်တော်မူ သော၊ စာတုရန္တော-သမုဒ္ဒရာ၊ လေးဖြာစလုံး၊ ရေမြေဆုံး အောင်၊ ရွှေဘုန်းစိုးနိုင်၊ စိုး၍ပိုင်သော၊ ဝိဇိတာဝီ-တွင်းပ ရန်တော်၊မုန်းဘက်ဖော်ကို၊ ဘုန်းတော်ရောင်ဟပ်၊အောင် နိုင်တတ်သော၊ဇမ္ဗုသဏ္ဍဿ-ဇမ္ဗူဒီပါ၊ မဟီခြာဟု၊ သိကွာ ပတ်ကုံး၊ တောင်ကျွန်းလုံးကို၊ ဣဿရော-အာဏာမိုးလှ၊ တန်ခိုးပ၍၊ စိုးရတဆူ၊ ဖြစ်တော်မူသော၊ ရာဇာ-ရွှေဘုန်း

တောဇော်၊ကျောညာကျော်နှင့်၊ လေးဘော်အင်္ဂ၊သင်္ဂဟာဖြင့်၊ ထွန်းပထင်စွာ၊ကြွင်စေပါ၍၊ ရာဇာတွင်လတ်၊ ဘုရင်မြတ်သည်၊ ဘဝိတုံ - ဖြစ်ခြင်းငှါ၊ အရဟာသိ - ဘုန်းတန်းလက္ခဏာ၊မပျက်ပါသဖြင့်၊ စက္ကဝါတိုက်က၊ သမိုက်ကြ၍၊ သိုက်ရမသွေ၊ထိုက်လှပေ၏။

၆။ ခတ္တိယော ဘောဂီ ရာဇာနော၊
မနုယန္တာ ဘဝန္တု[၁] တေ။
ရာဇာဘိ ရာဇာ[၂] မနုဇိန္ဒော၊
ရဇ္ဇံ ကာရေဟိ ဂေါတမ။

ခတ္တိယာ-ဘင် ဘိ ဘေးဘိုး၊ ဆွေနွယ်ရိုးမှ၊ သတိုးကျအောင်၊ စိုးရထင်လင်း၊ အမျိုးက ဆင်းသည့်၊ ပင်ရင်းရာဇဝင်၊ ရှင်ဘုရင် တို့သည်ပင်း၊ ဘောဂီ-ရတနာ ရွှေငွေ၊ အထွေထွေ နှင့်၊ ဆန်ရေ စပါး၊ ကျွန်နွား ထီးအိမ်၊ ငြိုးငြိုးထိန်မျှ၊ စည်းစိမ် သုံးဆောင်၊ မကုန်အောင်လျှင်၊ မြားမြောင်ခပင်း၊ သူဌေးမင်းတို့သည်ပင်း၊ ရာဇာနော-ပဒေသရာဇ်၊ ဧကရာဇ်ဟု၊ ပြေခေတ်ထင်လင်း၊ ဘုရင်မင်းတို့သည်ပင်း၊ တေ - အရှင်ဘုရား၏၊ အနုယန္တာ - နောက်တော်ခံလိုက်၊ ရံကာဝိုက်၍၊ မကိုဋ်ဖူးစိန်၊ မြူးထိန်ထိန်တို့ဖြင့်၊ဦးနှိမ်ကြည်ဖြူ၊ ခစားသူတို့သည်၊ ဘဝန္တု-ပါရမီ

---

၁။ ထေရဂါထာပါဠိ၌ 'ဘဝန္တိ'ရှိသော်လည်း မဇ္ဈိမပဏ္ဏာသ သေလသုတ်ပါဠိတော်၌ဘဝန္တုရှိ၍'ဘဝန္တု'ပင်ရေးသည်။
၂။ ရာဇာဘိရာဇာတိတ္ထ အဘိသဒ္ဒေါ ပူဇတ္ထောတိ အာဟ ရာဇူနံ ပူဇနီယောတိ။မဇ္ဈိမပဏ္ဏာသ ဋီကာ။

ဘုန်းဂုဏ်၊ တန်ခိုးဟုန်ကို၊ ခိုလှုံမသွေ၊ ဖြစ်ကြပါကုန်စေ၊ ဂေါတမ-သကျာဝံသ၊ ကျော်ဇောလှသည်၊ ဂေါတမနွယ် ဘွား၊အရှင်ဘုရား၊ တံ့-အရှင်ဘုရားသည်၊ ရာဇာဘိရာဇာ-ပဒေသရာဇ်၊ ကောရဗ်နှင့်၊ နေမြစ်နွယ်လာ၊ ရာဇာခပင်း၊ အမင်းမင်းတို့၊ ခွန်သွင်းဆက်သ၊ ပူဇော်ရသည်၊ မနုဇ်နွေ-အသားမည်းဖြူ၊ လေးကျွန်းသူကို၊ ခွန်ယူပိုင်သ၊ အစိုးရသည်၊ ဟုတ္တာ-ဖြစ်၍၊ ရဇ္ဇံ-လူ့ပြည်တခွင်၊ တူမမြင်သည်၊ဥကင်ဖွင့်လှစ်၊ မင်းအဖြစ်ကို၊ ကာရေဟိ-လူ့ဘောင်ဌာန်ဘက်၊ တဖန်ထွက်၍၊ ပြန်ဆက်ပြုတော် မူပါဘုရား။

ဤသို့ ဆိုအပ်ခဲ့ပြီးသည်တို့မှာ မြတ်စွာဘုရားသည် အင်္ဂုတ္တရာပ ဇနပုဒ် တခုသောတောအုပ်၌ နေတော်မူစဉ် သေလပုဏ္ဏားသည် တပည့်သုံးရာနှင့်တကွ လာရောက်၍ ဘုရားလော စကြာမင်းလောဟု သိလို၍ စုံစမ်းရာ ဘုရားရှင်၏ ရုပ်လက္ခဏာတော်ကို ဖူးမြင်ရသဖြင့် ဘုရားဟုထင်မြင်သော်လည်း ပို၍ထင်ရှားစွာသိနိုင်ရန် မြတ်စွာဘုရားအား ချီးကျူးလျှောက်ထားသော ဂါထာများ ဖြစ်လေသည်။ ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

၇။ ရာဇာဟမသ္မိ သေလ၊ ဓမ္မရာဇာ အနုတ္တရော။
ဓမ္မေန စက္ကံ ဝတ္တေမိ၊ စက္ကံ အပ္ပဋိဝတ္တိယံ။

သေလ-သေလမည်သား၊ အိုပုဏ္ဏား၊ အဟံ-ငါဘုရားသည်၊ ရာဇာ-အသက်ဘဝင်၊ အောက်နရက်မှ၊ ဖောက်ထွက်ဖီလာ၊ သမန္တာဟု၊ စက္ကဝါအနန္တ၊ သုံးလောကကို၊

လုံး၀စိုးပိုင်၊ ဆုံးမနိုင်သည်၊ ဘုန်းလှိုင်ရှင်ရင်း၊ ဘုရင်မင်း
သည်၊ အသ္မိ-စင်စစ်မသွေ၊ ဖြစ်ပါပေ၏၊ အဟံ-ငါဘုရား
သည်၊ အနုတ္တရော-သီလသမာ၊ ဘုန်းပညာနှင့်၊ တေဇာ
ဂုဏ်စု၊တစုံတခုဖြင့်၊ပုံတု၀ါတူ၊ပမာမပြုသည်၊ရှာမှုအရှင်း၊
သာသူကင်းသော၊ ဓမ္မရာဇာ-ဗောဓိလေးထွေ၊ မဂ်မိတ်
ဆွေ၏၊ ဖော်ရွေသင်းဖွဲ့၊ မကင်းခဲ့သည်၊ သုံးဆယ့်ခုနစ်၊
တရားစစ်ဖြင့်၊ ချစ်ကြည်ညိုစေ၊ ထွန်းတောက်ပေသော၊
လူ့ဆွေရှင်ချစ်၊ဘုရင်ဖြစ်သည်၊ အသ္မိ-စင်စစ်မသွေ၊ ဖြစ်
ပါပေ၏။သောအဟံ-တရားမင်းစစ်၊ဘုရင်ဖြစ်သော၊ ရှင်
ချစ်ရာဇာ၊ ထိုသည့်ငါသည်၊ ယံ စက္ကံ-အကြင်အာဏာ၊
မြတ်စကြာနှင့်၊ သစ္စာလေး၀၊ လည်၍ပြသည်၊ ဓမ္မစကြာ၊
ရတနာကို၊ အပ္ပဋိ၀တ္တိယံ-လူနတ်ဗြဟ္မာ၊သတ္တ၀ါတို့၊ဘယ်
ခါတစ်၊သမ္ဗောဓိဖြင့်၊မြင်သိပိုင်ပိုင်၊မလည်စေနိုင်၊တံစက္ကံ-
ထိုအာဏာစက်၊ ဓမ္မစက်ဟု၊ အဂ္ဂရတနာ၊ မြတ်လှသော
စကြာကို၊ဓမ္မေန-ဆရာမရှိ၊ ဘာသာသိသည်၊ ဗောဓိပက္ခေ၊
မဂ်မိတ်ဆွေဟု၊ တွက်ရေများလှ၊ ဒွတ္တိံသနှင့်၊ သုံး၀ပ်ဋ္ဌ
ကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ လေးဖြာနက်ပုံ၊
သုံးစုံကောင်းမြတ်၊ တရပ်ရသ၊ မြတ်ဓမ္မဖြင့်၊ ၀တ္တမိ-
အထက်ဘဂဂ်၊ အောက်နရက်မှ၊ဖောက်ထွက်ဖီလာ၊ဒိသာ
သမန္တ၊ မကျန်ရအောင်၊ အနန္တလောကဓာတ်၊ ပြန့်ပြန့်
ပတ်လျက်၊ လူနတ်ဗြဟ္မာ၊ သတ္တ၀ါကို၊မြတ်ရာသုခ၊အောင်
ဆုငှ၍၊ စောင်မပေးဝေ၊ လည်ပတ်စေ၏။

ဤသို့ဘုရားရှင်က မိန့်ကြားတော်မူလျှင် သေလပုဏ္ဏား
သည် ဘုရားရှင်ကို ဘုရားအစစ်ဟု ယုံကြည်ပြီးဖြစ်သော်

လည်း မိမိ၏ယုံကြည်ချက်ကို ပို၍ လေးနက်ခိုင်မြဲစေရန် အောက်ပါအတိုင်းဆက်လက်လျှောက်ထားပြန်လေသည်။

ဂ။ သမ္ဗုဒ္ဓေါ ပဋိဇာနာသိ၊ ဓမ္မရာဇာ အနုတ္တရော။
ဓမ္မေန စက္ကံ ဝတ္တေမိ၊ ဣတိ ဘာသထ ဂေါတမ။

ဂေါတမ-သကျာဝံသ၊ ကျော်စောလှသည်၊ ဂေါတမ နွယ်ဘွား၊ အရှင်ဘုရား၊ တ္ဘံ-အံရှင်ဘုရားသည်၊သမ္ဗုဒ္ဓေါ-တရားဉာဏ်၊ အလုံးစုံကို၊ အကုန်သမ္မာ၊ ဟုတ်မှန်စွာတိုင်း၊ ဆရာမသင်၊ ဘာသာမြင်သည်၊ ငါလျှင်စင်စစ်၊ ဘုရား ဖြစ်၏ဟူ၍၊ ပဋိဇာနာသိ-သားရဲတသင်း၊ မျှားခပင်းတွင်၊ သားမင်းရွှေမှောက်၊ ခြသေ့်ဟောက်သို့၊ မြွားမြွောက် လှစွာ၊ စုဝေးလာသည်၊ လေးဖြာစုံလတ်၊ ပရိသတ်၌၊ စိတ် ခာတ်မြဲတင်း၊ ရဲဝံ့ခြင်းဖြင့်၊ အလင်းထုတ်ပြန်၊ ရွှေနှုတ်သံ ဖြင့်၊ ဝန်ခံမိန့်ကြားတော်မူ၏၊ အဟံ-ငါသည်၊အနုတ္တရော-သီလသမာ၊ ဘုန်းပညာနှင့်၊ တေဇာဂုဏ်စု၊ တစုံတခုဖြင့်၊ ပုံတုဝါတူ၊ ပမာမပြုသည်၊ရှာမူအရှင်း၊သာသူကင်းသော၊ ဓမ္မရာဇာ-ဘုရားသနင်း၊ ဣတရားမင်းသည်၊ အသွိ-စင်စစ် မသွေ၊ ဖြစ်ပါပေ၏၊ သောအဟံ-တရားမင်းစစ်၊ ဘုရင် ဖြစ်သော၊ ရှင်ချစ်ရာဇာ၊ ထိုသည့်ငါသည်၊ ဓမ္မေန-ဆရာ မရှိ၊ ဘာသာသိသည့်၊ ဗောဓိပက္ခိယ၊ ဒွတ္တိံသနှင့်၊ သုံးဝ ပိဋကတ်၊ တရားမြတ်ဖြင့်၊ စက္ကံ-အာဏာတော်စက်၊ ဓမ္မ စက်ဟု၊ အဂ္ဂရတနာ၊ မြတ်လှသောစကြာကို၊ ဝတ္တေမိ-အောက်ထက်ဗီလာ၊ ဒိသာသမန္တ၊ မကျန်ရအောင်၊အနန္တ လောကဓာတ်၊ ပြန်ပြန့်ပတ်လျက်၊ လူနတ်ဗြဟ္မာ၊ သတ္တဝါ ကို၊ မြတ်ရာသုခ၊ အောင်ဆုငှာ၍၊ စောင်မပေးဝေ၊ လည်

ပတ်စေ၏၊ ဣတိ-ဤသို့၊ ဘာသထ-သားရဲတသင်း၊ များခပင်းတွင်၊ သားမင်းရွှေမှောက်၊ ခြင်္သေ့ဟောက်သို့၊ မြားမြောက်လှစွာ၊စုဝေးလာသည်၊လေးဖြာစုံလတ်၊ပရိသတ်၌၊ စိတ်ဓာတ်မြဲတင်း၊ ရဲရဲဝံ့ခြင်းဖြင့်၊ အလင်းအာဘော်၊ ရွှေနှုတ်တော်ဖြင့်၊ ထုတ်ဖော်မိန့်ကြားတော်မူ၏။

၉။ ကောန္ဒ သေနာပတိ ဘောတော၊
သာဝကော သတ္ထု ရန္ဒယော။
ကော တေ တမနု ဝတ္တေတိ၊
ဓမ္မ စက္က ပဝတ္တိတံ။

ဘောတော-တရားအာဏာ၊ မြတ်စကြာကို၊ လက်မှာပိုင်ထား၊ လည်နိုင်အားသည်၊ တရားဘုရင်၊ ဘုရားရှင်ဟု၊ သခင်ထိပ်ထား၊ အရှင်ဘုရား၏၊ သတ္ထုရန္ဒယော-ဆရာဟောဖော်၊ တရားတော်ကို၊ အာဘော်ဆုပ်ကိုင်၊ ထုတ်ဆိုနိုင်လျက်၊ ကိုယ်တိုင်ဆင့်ဆင့်၊ သိမြင်ကျင့်သဖြင့်၊ ရှင်ပင့်သတ္တာ၊ မြတ်ဆရာအား၊ တော်ပါစင်စစ်၊ လျော်စွာဖြစ်သော၊ သာဝကော-ဆရာပြောသမျှ၊ သြဝါဒကို၊သောတ်ဟားစိုက်ကာ၊ လှန်လိုက်နာသော၊ ဓမ္မသေနာပတိ-ကိလေသာရန်ဘက်၊ မာရ်ရဲမက်နှင့်၊ ပြင်ဘက်ဗာဟီ၊အညာမည်သည့်၊ ဝါဒီသမား၊ တိတ္ထိများကို၊ တရားလက်နက်၊ ဓမ္မစက်ဖြင့်၊ တိုက်ဖျက်ဖြတ်ခွင်း၊ သတ်၍ရှင်းသော၊ တပ်မင်းဦးစီး၊ စစ်သူကြီးသည်၊ ကောန္ဒ-ထောင်ပေါင်းများစွာ၊ သားသံဃာဟု၊ ဖန့်ဝါသက်န်း၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်းတို့တွင်၊ ဘယ်အရှင်သည်၊ ဘုရင်ဗုဒ္ဓ၊ သမုတ်ရ၍၊ မှချထင်ရှား၊ ဖြစ်ပါသနည်းအရှင်ဘုရား၊ ကော-ထောင်ပေါင်း

များစွာ၊ သွားသံဃာဟူ၊ ဖန်ဝါသက်နိုး၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်းတို့တွင်၊ ဘယ်အရှင်သည်၊ တေ-တရားသခင်၊ ဘုရားရှင်ဟူ၊ ဘုရင်ထွဋ်ထား၊ အရှင်ဘုရား၏၊ ပဝတ္တိတံ-သုံးဘုံသူအား၊ ဟောမြွက်ကြားလျက်၊ ပြန့်ယှားနှံ့ပတ်၊ လည်စေအပ်သော၊ တံခုမ္မစက္က-ထိုဓမ္မစကြာ၊ ရတနာကို၊ အနုဝတ္တေတိ-ရှင်ပင့်ပြုမူ၊ အစုယူ၍၊ နည်းတူပိုင်ပိုင်၊လည်စေနိုင်ပါသနည်းအရှင်ဘုရား။

သေလ ပုဏ္ဏားက ဤသို့ လျှောက်ထားပြီးသည်၏ အခြားမဲ့၌ မြတ်စွာဘုရားသည် အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

၁၀။ မယာ ပဝတ္တိတံ စက္ကံ၊ဓမ္မစက္ကံ အနုတ္တရံ။
သာရိပုတ္တောနုဝတ္တေတိ၊အနုဇာတော တထာဂတံ၁။

မယာ- ဘုရားသနင်း၊ တရားမင်းဟူ၊ ရှင်ရင်းရညာ၊ ဘုရင်ငါသည်၊ ပဝတ္တိတံ-သုံးဘုံသူအား၊ ဟောမြွက်ကြားလျက်၊ ပြန့်ယှားနှံ့ပတ်၊ လည်စေအပ်သော၊ စက္ကံ-စကြဝဠာ၊ သွက်သွက်ခါအောင်၊ ဆက်ကာလည်တတ်၊ စကြာမြတ်ဖြစ်သော၊ အနုတ္တရံ-လောကီစကြာ၊ ရတနာတို့၊ ပမာမနှုံး၊ အသာဆုံးသော၊ ဓမ္မစက္ကံ-သစ္စာလေးဝ၊ လည်၍ပြသည်၊ ဓမ္မစကြာ၊ ရတနာကို၊ တထာဂတံ-တရားအာ

---

၁။ တထာဂတံ—တထာဂတေန ဟေတုနာအရိယာယဇာတိယာ ဇာတောတိအတ္ထော။ မဇ္ဈိမ—ဋ္ဌ။

တထာဂတေန ဟေတုနာ အရိယာယ ဇာတိယာဇာတော၊ ဟေတုအတ္ထေကရဏဝစနံ။အနုဇာတောတိစဝုတ္တေ အနုံသဒ္ဒဝသေန တထာဂတန္တိ ဥပယောဂဝစနမေဝ ဟောတိ။ မဇ္ဈိမ—ဋီကာ။

ဏာ၊ လက်မကွာသည့်၊ စကြာပိုင်သား၊ ငါဘုရားကြောင့်၊ အနုဇာတော-သစ္စာသိတတ်၊ အရိယာဇာတ်ဖြင့်၊ အမြတ်သားစစ်၊ ပေါက်ဖွားဖြစ်သော၊ သာရိပုတ္တော- ပညာအရာ၊ မဟာတေဒဂ်၊ ညာကျော်ထွက်၍၊ ဂေဇက်တော်ရ၊ ကျော်ဇောလှသည်၊ အဂ္ဂမဟာ၊ သာရိပုတ္တာရာသည်၊ အနုဝတ္တေတိ-ငါ့နိသျှည်းမှု၊ မှီးကာယူ၍၊ နည်းတူပိုင်ပိုင်၊လည်စေနိုင်၏။

၁၁။ အဘိညေယျံအဘိညာတံ၊ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။
ပဟာတဗ္ဗံ ပဟီနံမေ၊တသ္မာ ဗုဒ္ဓေါ သ္မိဗြာဟ္မဏ။

ဗြာဟ္မဏ-သေလမည်သား၊ အိုပုဏ္ဏား၊ မေ-ငါဘုရားသည်၊ အဘိညာတံ-ထူးမြတ်လှစွာ၊ ဉာဏ်ပညာဖြင့်၊ ယထာသဘာ၊ သဘာဝကို၊ ကျနထင်စွာ၊ သိအပ်ပါသော၊ ခန္ဓာယတန၊ ဓာတ်ကစသည်၊ ဓမ္မဥဿုံ၊ အလုံးစုံကို၊ အဘိညေယျံ-ဝိမောက္ခန္တိက၊ထူးကဲလှသည်၊ဗုဒ္ဓဝေဒံ၊မြတ်ရွှေဉာဏ်ဖြင့်၊ ကောန်မသွေ၊ သိမြင်တော်မူအပ်ပေပြီ၊ ဘာဝေတဗ္ဗံ-အခေါင်အဂ္ဂ၊ မဂ်သို့ကျအောင်၊ လက်ရဖန်ထပ်၊ ပွားများအပ်သည့်၊ ရှစ်ရပ်အင်္ဂါ၊ မြင့်မြတ်သော မဂ္ဂသစ္စာကို၊ ဘာဝိတံ-အခေါင်အဂ္ဂ၊မဂ်သို့ကျအောင်၊ လက်ရမသွေ၊ ပွားများတော်မူအပ်ပေပြီ။ ပဟာတဗ္ဗံ-လေးကြိမ်သောမဂ်၊ စိန်သန်လျက်ဖြင့်၊ ချိန်ဖျက်ခုတ်သတ်၊ နှုတ်ပယ်အပ်သော၊ မမြတ်ယုတ်မာ၊ သမုဒယသစ္စာကို၊ ပဟီနံ-မိုညှိုးကြိုးစက်စိန်၊ မဂ်လေးကြိမ်ဖြင့်၊ ဖျက်ချိန်ခုတ်သတ်၊ နှုတ်ပယ် တော်မူအပ်ပြီ၊ ဗြာဟ္မဏ-သေလမည်သား၊ အိုပုဏ္ဏား၊တသ္မာ-ထိုသို့မကွာ၊ ခန္ဓာယတန၊ ဓာတ်ကစသည်၊

ဓမ္မဥဿုံ၊ အလုံးစုံကို၊ အကုန်သိတတ်၊ လေးရပ်သစ္စာ၊ အရိ
ယာကို၊ မှန်စွာထိုးထွင်း အကြောင်းရင်းကြောင့်၊ အဟံ-
ငါသည်၊ ဗုဒ္ဓေါ-သုံးဘုံဥက္ကဋ္ဌ၊ အနုတ္တရဟု၊ ဗုဒ္ဓမည်တွင်၊
ဘုရားရှင်သည်၊ အသို့-စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

၁၂။ ဝိနယဿု မယိ ကင်္ခံ၊ အဓိမုစ္စဿု ဗြာဟ္မဏ။
ဒုလ္လဘံ ဟောတိဒဿနံ၊သမ္ဗုဒ္ဓါနံ အဘိဏှသော။

ဗြာဟ္မဏ-သေလမည်သာ၊အိုပုဏ္ဏား၊ မယိ-ငါဘုရား၌၊
ကင်္ခံ-ဘုရားဟုတ်လော၊ မဟုတ်လောဟု၊စုဒ်စောဝင်ကာ၊
ယုံမှားခြင်းကင်္ခါကို၊ဝိနယဿု-မျက်မြင်နားကြား၊လွန်ထင်
ရှားပြီမို့၊မြင့်လျားမကြာ၊ ဖျောက်လိုက်ပါလော့၊ အဓိ
မုစ္စဿု-ဘုရားအစစ်၊ မမှားဖြစ်သည်ဟု၊ ပွါးသစ်သဒ္ဓါ၊
ယုံကြည်ပါလော့၊ သမ္ဗုဒ္ဓါနံ-တရားဥဿုံ၊ အလုံးစုံကို၊ အ
ကုန်သိမြင်၊ ဘုရားရှင်တို့ကို၊ အဘိဏှသော-ကာလမခြား၊
ခဏခဏအားဖြင့်၊ ဒဿနံ-ပါရမီငုံပွင့်၊ အပုံရင့်၍၊ကြုံခွင့်
ထင်လင်း၊ ဖူးမြင်ရခြင်းကို၊ ဒုလ္လဘံ-ကမ္ဘာသုည၊ကြုံတတ်
လှ၍၊ ဒုလ္လဘသက်သက်၊ ရနိုင်ခက်သည်၊ ဟောတိ-စင်စစ်
မသွေ၊ ဖြစ်ပါပေ၏။

၁၃။ ယေသံ ဝေ ဒုလ္လဘော လောကေ၊
ပါတုဘာဝေါ အဘိဏှသော။
သောဟံဗြာဟ္မဏ ဗုဒ္ဓေါသ္မိ၊
သလ္လကတ္တော အနုတ္တရော။

ဝေ-စင်စစ်ကေန်၊ အမှန်အားဖြင့်၊ လောကေ-စကြ
ဝဠာ၊ကမ္ဘာအနန္တ၊ သုံးလောက၌။ ယေသံဗုဒ္ဓါနံ-တရား

ဥဿုံ၊ အလုံးစုံကို၊ အကုန်မြင်သား၊ အကြင်မြတ်စွာဘုရား တို့၏၊ ပါတုဘာဝေါ-သမ္ဘာဟုန်ရှင့်၊ ကြာငုံပွင့်၍၊ ပုံသင့် ထင်လင်း၊ ပွင့်ပေါ်ခြင်းကို၊ အဘိဏှသော-ကာလမခြား၊ ခဏခဏအားဖြင့်၊ ဒုလ္လဘော-ကမ္ဘာသုည၊ ကြုံတတ်လှ၍၊ ဒုလ္လဘသက်သက်၊ ဆုံရခက်၏၊ ဗြာဟ္မဏ-သေလမည်သား၊ အိုပုဏ္ဏား၊ သောအဟံ-ဆိုငါသည်၊ သလ္လကတ္တော-ရာဂ ဒေါသ၊ စသည်ခုနစ်စင်း၊ ငြောင့်တသင်းကို၊ ခုတ်စင်းခဲ့ ဖြတ်၊ ပယ်နှုတ်တတ်သော၊ အနုတ္တရော-ပမာတူရှင်း၊ သာသူ ကင်းသော၊ ဗုဒ္ဓေါ-သခေျာကမ္ဘာ၊ မြင့်ရှေးကြာမှ၊ သစ္စာ ပုံရင့်၊ အငုံပွင့်၍၊ ကြုံခွင့်နဲစွ၊ ခဲယဉ်းလှသည်၊ ဗုဒ္ဓမည်သား၊ သဗ္ဗညုဘုရားသည်၊ အသ္မိ-စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

၁၄။ ဗြဟ္မဘူတော အတိတုလော၊
မာရသေနပ္ပမဒ္ဒနော။
သဗ္ဗာမိတ္တေ ဝသေ ကတွာ၊
မောဒါမိ အကုတောဘယော။

ဗြဟ္မဘူတော-အနန္တစက္ကဝါ၊ စံဘက် ကွာအောင်၊ အဂ္ဂါစင်စစ်၊ အထက်ဗြဟ္မာဖြစ်သော၊ အတိတုလော-နှိုင်းတုစရာ၊ ဥပမာကို၊ အရာထူးချွန်၊ သာကြူးလွန်သော၊ မာရသေန ပမဒ္ဒနော-ကာမအရတိ၊ အစရှိသည်၊ မာရ်၏ စစ်တပ်၊ ရန်ဆယ်ရပ်ကို၊ လှန်သတ်ချေခွင်း၊ အသေနင်း သော၊ အဟံ-ငါသည်၊ သဗ္ဗာမိတ္တေ-မာရ်နတ် ကိလေ၊ ငါးခန္ဓေနှင့်၊ အသေအပြု၊ ရန်ငါးခုတို့ကို၊ ဝသေ-အောင် မြင်နိုင်နင်း၊ ပိုင်နယ်တွင်းဟု၊ ရှယ်ရင်းနဂို၊ မိမိအလို၌၊ ကတွာ-ပြုတော်မူ၍၊ အကုတောဘယော - ထက်အောက်

ဖိလာ၊ ဆယ်ဒိသာဟု၊ လူ့ရွာနတ်နယ်၊ ဘယ်ရပ်ဝယ်မှ၊ အန္တရာယ်စိုးစိ၊ ဘေးမရှိသည်ဖြစ်၍၊ မောဒါမိ-သမာဓိ ဖိုလ်၊နဂိုမြင့်မြတ်၊ သမာပတ်ဖြင့်၊ မပြတ်ဖန်ခါ၊ ချမ်းသာ စွာလျှင်၊ ဝမ်းသာမွေ့လျော်၊ စံနေပျော်၏။

ဤသို့မြတ်စွာဘုရား ဟောကြား မိန့်မြွက်တော်မူလျှင် သေလပုဏ္ဏားကြီးသည် သဒ္ဓါပသန္န ဖြစ်ပေါ်ကာ သာသနာတော်တွင်း၌ ရဟန်းပြုလိုသဖြင့် မိမိ၏တပည့်သုံးရာ တို့အား ပြောကြား ခွင့်ပန်ခြင်းငှါ အောက်ပါဂါထာ များကို မြွက်ကြားရွတ်ဆိုလေသတည်း။

၁၅။ ဣမံ ဘောန္တော နိသာမေထ၊
ယထာ ဘာသတိ စက္ခုမာ။
သလ္လကတ္တော မဟာဝီရော၊
သီဟောဝ နဒတိ ဝနေ။

ဘောန္တော-ငါ၏နောက်ပါ၊ မြောက်မြား စွာသည့်၊ သုံးရာပုဏ္ဏား၊ အို..တပည့်များတို့၊ စက္ခုမာ-သေသ မကျန်၊ ဉေ ယျခံကို၊ ရွှေဉာဏ်ကြည်လင်၊ ကြည့်တိုင်း ထင်သည်။ အမြင်မျက်စိ၊ မပျက်ရှိသော၊ မုနိခေါင်ဖျား၊ သဗ္ဗညု မြတ်စွာဘုရားသည်၊ ယထာ-အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးကို၊ ကြောင်းကျိုး ထုတ်ညှိ၊ အဟုတ်သိ အောင်၊ ယုတ္တိလင်းစွာ၊ အကြင်သို့သော အခြင်းအရာ အားဖြင့်၊ ဘာသတိ-အထင်ကရ၊မြင်သိကြအောင်၊လင်းဟာ မြွက်ဖော်၊ မိန့်ကြားတော်မူ၏။တထာ-အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးကို၊ ကြောင်းကျိုး ထုတ်ညှိ၊ အဟုတ်သိ

အောင်၊ ယုတ္တိလင်းစွာ၊ ထိုသို့သောအခြင်းအရာအားဖြင့်၊ တုမှေ့-သင်တို့သည်၊ကူဒံ-ဤသို့မြွက်ကြူး၊ မကြားဘူးသည့် စကားထူးခေါ်၊ မိန့်ခွန်းတော်ကို၊ နိသာမေထ-တလုံး မကြွင်း၊ နှလုံးသွင်း၍၊ သိုသွင်းသိမှတ်၊ သတိချုပ်၍၊ ထပ် ထပ်ဆင့်ခြင် လိုက်ကြပါကုန်လော့၊ သီဟော-ဟေမဝန် ချောင်၊ တောသုံးတောင်ကို၊ အခေါင်စိုးနင်း၊ ခြင်္သေ့ မင်းသည်၊ ဝနေ-သားတို့လည်ခေါင်၊ တောသုံးတောင်၌၊ နဒတိက္ကဝ-မကြောက်မရွံ၊ နောက်မတွန့်ဘဲ၊ရဲဝံ့စွာဟိန်း ဟောက်လေသကဲ့သို့၊ ဇဝံ-ဤအတူ၊ သလ္လကတ္တော-ရာဂ ဒေါသ၊ စသည်ခုနစ်စင်း၊ ငြောင့်တသင်းကို၊ ခုတ်စင်းခွဲ ဖြတ်၊ နှုတ်ပယ်တတ်သော၊ မဟာဝီရော-ကြီးမြတ်ကဲဆင့်၊ ပွဲလယ်တင့်သည်၊ ရဲရင့်သော ဝိရိယ ရှိတော် မူသော၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဝနေ-အင်္ဂုတ္တရာပ၊ပဒေသဟု၊ ဘွဲ့ရသမုတ်၊ဇနပုဒ်၏၊ တောအုပ်မြိုင်မင်း၊ ဂနိုင်တွင်း၌၊ နဒတိ-မကြောက်မရွံ၊ နောက်မတွန့်ဘဲ၊ ရဲဝံ့သောအား၊ နှလုံးထားဖြင့်၊ကြုံးဝါးမိန့်မြွက်တော် မူပါသည်တကား။

၁၆။ ဖြဟ္မဘူတံ အတိတုလံ၊
မာရသေန ပမဒ္ဒနံ။
ကော ဒိသွာ နပ္ပသီဒေယျ၊
အပိကဏှာဘိဇာတိကော။

ဖြဟ္မဘူတံ-အနန္တစက္ကဝါ၊ စံဘက်ကွာအောင်၊ အဂ္ဂါ စင်စစ်၊ အထက်ဖြဟ္မာဖြစ်သော၊ အတိတုလံ-နှိုင်းတုစရာ၊ ဥပမာကို၊အရာထူးချွန်၊ သာကြူးလွန်သော၊ မာရသေန ပမဒ္ဒနံ-ကာမအရတိ၊အစရှိသည်၊ မာရ်၏စစ်တပ်၊ရန်ဆယ်

ရပ်ကို၊ လှန်သတ်ချေခွင်း၊ အသေနင်းသော၊ ဣမံဗုဒ္ဓ-
သုံးလူ့ထွဋ်ထား၊ ဤမြတ်စွာဘုရားကို၊ဒိသွာ-ရှေးပတ္တနာ
ဆုတောင်းပါ၍၊ သမ္ဘာမြုံသိုက်၊ ရတနာပုံဆိုက်သဖြင့်၊
ကြုံကြိုက်ဖူးမြင်ရသည်ရှိသော်၊ ကော-ဗြဟ္မာနတ်လူ၊ အ
ဘယ်သူသည်၊ နပ္ပသိဒေယျ-ရှင်ပင့်ရပ်ဝါ၊ လက္ခဏာနှင့်၊
မြွက်ကာပြောကြား၊ယောတရား၌၊သဘောထားယွင်းယို၊
သွေဖီလို၍၊မကြည်ညိုဘဲ ရှိနိုင်ရာအံ့နည်း၊ အပိကဏှာဘိ
ဇာတိကော-သံနွေစိတ်မှာ၊ ဟိတ်မပါ၍၊ အဝိဇ္ဇာသင်
တိုင်း၊ ခြုံကာသိုင်းလျက်၊ ထုံထိုင်းဆွံ့အ၊ ညံ့ဖျင်းလှ
သည့်၊အန္ဓဟူသား၊လူ့ငနွားသော်မှလည်း၊ပသိဒေယျဝေ-
သဒ္ဓါဓာတ်မျိုး၊ ထပ်ထပ်တိုး၍၊ မြတ်နိုးမုချ၊ ကြည်ညိုရ
မည်သာလျှင်တည်း။

၁၇။ ယောမံ ဣစ္ဆတိ အနွေတု၊
ယောဝါ နိစ္ဆတိ ဂစ္ဆတု။
ဣဓာဟံ ပဗ္ဗဇိဿာမိ၊
ဝရပညဿ သန္တိကေ။

ယော-ငါ၏နောက်ပါ၊ မြောက်မြားစွာသည်၊ သုံးရာ
ပြည့်ကြွယ်၊ တပည့်လယ်၌၊ ကြီးငယ်မဟူ၊အကြင်သူသည်၊
ပဗ္ဗဇ္ဇံ-ဖန်ဝါသင်္ကန်း၊ ဝတ်ဆင်မြန်းသည်၊ ရဟန်းစင်စစ်၊
ပဥ္စင်းအဖြစ်ကို၊ ဣစ္ဆတိ-သဒ္ဓါဖြစ်ငြား၊ သစ်သစ်ပွါး၍၊
ချစ်အားပိုဘိ၊အလိုရှိ၏။ သော-ထိုသူသည်၊ မံ၊ ငါ့ကို-
အနွေတု၊ စံပြတာဆူ၊ ကြံဆယူ၍၊ ခုမှူဆိုက်ဆိုက်၊ အတုယူ
လိုက်လော့၊ ယောဝါ-အကြင်သူသည်မူလည်း၊ ပဗ္ဗဇ္ဇံ-
ဖန်ဝါသင်္ကန်း၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်းစင်စစ်၊ ပဥ္စင်း
အဖြစ်ကို၊နိစ္ဆတိ-အလိုဣစ္ဆာ၊ စိတ်မပါ၍၊အနိဋ္ဌာထင်မြင်၊

မဝတ်ချင်၊ သော-ထိုသူသည်၊ ဂစ္ဆတု-ဇနီးမယား၊ သမီး သားနှင့်၊စီးပွါးရွှေငွေ၊ ချွေရွှေတသင်း၊ ဆွေခပင်းတို့၊နေ ရင်းရပ်ရွာ၊ ပြန်သွားပါလော့၊ အဟံ-ငါသည်၊ ဣဓ-သုံး ပါးလောက၊နှုံးမရ၏၊အဆုံးအမမြတ်စွာ၊ဤသာသနာ၌၊ ဝရပညာ-လောကသုံးခရိုင်၊ မနှုံးနိုင်အောင်၊ အဆုံး တိုင်ခေါင်ထိ၊ ပညာရှိသော၊ မုနိထွတ်ထား၊မြတ်ဘုရား၏၊ သန္တိကေ-ဆင်းသံထင်ရှား၊ မြင်နိုင်ကြားသည့်၊ ရွှေဘွား တော်အောက်၊ထံတော်မှောက်၌၊ ပဗ္ဗဇိဿာမိ-လူ ဝတ်ကို ခွါ၊ ဖန်ဝါကိုဆင်၊ ဆံပင်ကိုရိတ်၊ သပိတ်ကိုလွယ်၊ လွန် သပွါယ်သား၊ ရန်ကွယ်ဘေးပ၊ အေးချမ်းမြသည့်၊ ခေမ အောင်နန်း၊ ရောက်ရန်မှန်းလျက်၊ ရှင်လန်းသမှု၊ ရှင် ရဟန်းပြုလိုက်ပေတော့အံ့။

ဤသို့လျှင် "ဣမံ ဘောန္တော နိသာမေထ" စသောဂါထာ ၃ ပုဒ်တို့ဖြင့် သေသပုဏ္ဏားကြီးကတပည့် သုံးရာတို့အား ပြောကြားခွင့် ပန်သောအခါ သုံးရာကုန် သောတပည့်တို့က မိမိတို့လည်းဆရာကြီးနှင့်အတူ ရဟန်း ပြုလိုကြကြောင်းကို အောက်ပါအတိုင်း ပြန်လည်ပြော ကြားကြလေသည်။

၁၈။ ဧတံ စေရုစ္စတိဘောတော၊သမ္မာသမ္ဗုဒ္ဓသာသနံ၊
မယမ္ပိ ပဗ္ဗဇိဿာမ၊ ဝရပညသ သန္တိကေ။

ဘောတော-ဂုဏ်သင်္ချာ၊ ဆန်းလက်ာအပြင်၊ သဒ္ဒါ ဗျာကရုဏ်း၊ ဒဗ္ဗဂုဏ်းနှင့်၊ သုံးပုံဝေဒ၊ကေတုဘတို့ကို၊ နေ့ ညမကွာ၊ သင်ပြပါသော၊ ဆရာသခင်၊ ကျေးဇူးရှင်သည်၊

တော်သမ္ဘာသမ္ဗုဒ္ဓသာသနံ - တရားမကျန်၊ ဥဒ္ဒေ ယျစံကို အမှန်မြင်သား၊မြတ်ဘုရား၏၊ တရားထုံးပြ၊ဆိုဆုံးမသည့်၊ သုံးဝမြတ်စွာ၊ထိုသာသနာကို၊ စေရှစ္စတိ-သဒ္ဓါခေတ်မျိုး၊ ထပ်ထပ်တိုး၍၊ မြတ်နိုးခင်တွယ်၊ ဘဝင်ဝယ်၌၊ မဖယ်မ ကွေ့၊တကယ်တွေ့သဖြင့်၊အကယ်၍ နှစ်သက်အပ်သည်ဖြစ် အံ့၊ စေ့သတိ-ဤသို့ဖြစ်သည့်ရှိသော်၊ မယမ္ပိ-ဆရာ့နောက် ပါ၊ မြောက်မြားစွာသည်၊ သုံးရာပြည့်သား၊ တပည့် အများတို့သည်လည်း၊ ဝရပညာ-လောကသုံးခရိုင်၊မနှုံး နိုင်အောင်၊ အဆုံးတိုင်ခေါင်ထိ၊ ပညာရှိသော၊ မုနိ ထိပ်ထား၊ မြတ်ဘုရား၏၊ သန္တိကေ - ရှေ့ဖဝါးတော် အောက်၊ ထံတော်မှောက်၌၊ ပဗ္ဗဇိဿာမ-လူ့ဝတ်ကိုခွါ၊ ဖန်ဝါကိုဆင်၊ ဆံပင်ကိုရိတ်၊ သပိတ်ကိုလွယ်၊ လွန်သပ္ပါယ် သား၊ ရန်ကွယ်ဘေးပ၊ အေးချမ်းမြသည့်၊ ခေမအောင် နန်း၊ ရောက်ရန်မှန်းလျက်၊ ရဟန်းပြုကျင့်ကြပါကုန်အံ့။

ဤသို့လျှင် တပည့်အပေါင်းတို့က မိမိတို့လည်းတပါ တည်းရဟန်းပြုတော့မည့်အကြောင်းပြန်လည်ပြောကြား ၍သာအခါ သေလပုဏ္ဏားသည် မိမိအမျူးပြုသော ပုဏ္ဏား သုံးရာတို့၏ ကိုယ်စား အဖြစ်ဖြင့် ဘုရားရှင် ထံတော် မှောက်၌အောက်ပါဂါထာကို ရွတ်ဆိုလျက်ရဟန်းအဖြစ် ကို လျှောက်ထားတောင်းပန်လေသည်။

၁၉။ ဗြာဟ္မဏာ တိသတာ ဣမေ၊
ယာစန္တိ အဉ္ဇလိကတာ။
ဗြဟ္မစရိယံ စရိဿာမ၊
ဘဂဝါ တဝ သန္တိကေ။

ဘဂဝါ-ဣဿရိယ၊စသည့်ဥဿုံ၊ဘုန်းတော်ဟုန်တို့နှင့်၊ ကုံလုံလှသား၊ အိုမြတ်စွာဘုရား၊ တိသတာ-စုရုံးပေါင်း ကာ၊ ချုံးလိုက်ပါသော်၊ သုံးရာတိတိ၊ ရှိကုန်သော၊ဣမေ ဗြာဟ္မဏာ-တပည့်တော်က၊ စရှိကုန်သား၊ ဤပုဏ္ဏား တို့သည်၊အဉ္ဇလီကတာ-ဝဲယာမယုတ်၊ ယှက်ကာတုပ်သည့်၊ လက်အုပ်တွင်ညီ၊အဉ္ဇလီကို၊တင်ချီဦးရွက်ကြကုန်၍၊တံ-အ ရှင်ဘုရားကို၊ ပဗ္ဗဇ္ဇံ-ဖန်ဝါသက်နှင်း၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်းစင်စစ်၊ ပဉ္စင်းအဖြစ်ကို၊ ယာစန္တိ-မလင့်ယခု၊အခွင့် ပြုသဖြင့်၊ကရုဏာထောက်ထား၊ မြှောက်စားပါဘုရားဟု၊ လျှောက်ထား တောင်းပန် ကြပါကုန်၏။ ဘဂဝါ- ထောက်ထားရှုစာ၊ ပြုတတ်ပါသည့်၊ ကရုဏာမြင့်မား၊ အရှင်မြတ်ဘုရား၊ မယံ-တပည့်တော်တို့သည်၊တဝ-အရှင် ဘုရား၏၊ သန္တိကေ-မျက်မှောက်နီးနား၊ ထံတော်ပါး၌၊ ဗြာဟ္မစရိယံ-အဆုံးအမမြတ်စွာ၊ သာသနာနှင့်၊ မဂ်မှာ လေးဆင့်၊ မြတ်သောအကျင့်ကို၊ စရိဿာမ-လိုလိုလား လား၊ ဗိုလ်ငါးပါးဖြင့်၊ကြိုးစား ကျင့်ကြံ ကြပါကုန်မည် ဘုရား။

ဤသို့လျှင် ဆိုခဲ့သည့်အတိုင်း တပည့် သုံးရာနှင့်တကွ သေလပုဏ္ဏားကြီးက ရဟန်း အဖြစ်ကို တောင်းပန်လေ သည်တွင် မြတ်စွာဘုရားက သနားခွင့် ပြုတော်မူသဖြင့် ‘ဟေဘိက္ခု’ ခေါ်တော် မူလိုသောကြောင့် အောက်ပါ ဂါထာကို ဟောကြားမိန့်ဆိုတော်မူပါသည်။

၂၀။ သွာက္ခာတံ ဗြဟ္မစရိယံ၊ သန္ဒိဋ္ဌိက မကာလိကံ။
ယတ္ထ ပဗ္ဗဇ္ဇာ အမောဃာ၊အပ္ပမတ္တဿ သိက္ခတော။

သေလ-သေလမည်သော၊ အိုပုဏ္ဏား၊ ယတ္ထ-အကြင် ကိလေသာ၊ စင်ကြယ်စွာသည်၊ အင်္ဂါရှစ်ပါး၊ မဂ်တရား ကြောင့်၊ဝါ-အကြင်ဗုဒ္ဓ၊သုံးလူ့ဘ၏၊ အဆုံးအမမြတ်စွာ၊ သာသနာ၌၊ ဝါ-အကြင်အနုဂ်ဏာ၊ စင်ကြယ် စွာသည်၊ အင်္ဂါရှစ်ပါး၊ မဂ်ကာလေးဆင့်၊ မြတ်သော အကျင့်၌၊ အပ္ပမတ္တဿ-ပမာဒတရား၊ ခွါချထား၍၊ ကြိုးစားမပေါ့၊ မမေ့လျော့သော၊ သိက္ခတော - သိက္ခာသုံးဆင့်၊ ပြည့်၍ ရင့်အောင်၊ဖြည့်ကျင့်အားထုတ်သူ၏၊ပဗ္ဗဇ္ဇာ-ဝတ်ကြောင် ကိုခွါ၊ ဖန်ဝါကိုရုံ၊ ကာမဂုဏ်ရှောင်ကွင်း၊ ရှင်ရဟန်းပြု ခြင်းသည်၊ အမောဃာ-အမြုံပမာ၊ မဟုန်ပါ၍၊ အရိယာ ဖိုလ်ကြီး၊ အသီးသီးသဖြင့်၊ အချည်းနှီး အလကားမဟုတ်၊ သန္ဒိဋ္ဌိကံ - ကိုယ်တိုင်ထွင်းဖောက်၊ လက်ငင်းရောက်သို့၊ မျက်မှောက်သိမြင်အပ်သောအကျိုးရှိသော၊ အကာလိကံ- အခါမဖင့်၊ ကြာမလင့်ဘဲ၊ အခွင့်မနွေး၊ အကျိုးပေးသော၊ တံပြဟ္မစရိယံ - ထိုကိလေသာ၊ စင်ကြယ်စွာသည်၊ အင်္ဂါ ရှစ်ပါး၊ မဂ်ကာလေးဆင့်၊ မြတ်သောအကျင့်ကို၊ မယာ- ငါဘုရားသည်၊ သွာက္ခာတံ-ကလျာဏသုံးဖြာ၊ ဂုဏ်အင်္ဂါ တို့ဖြင့်၊ ကောင်းစွာမသွေ၊ ဟောကြားတော်မူအပ်ပေပြီ။

မြတ်စွာဘုရားသည် ဤသို့ ဟောကြားမြွက်ဖော် မိန့် တော်မူပြီးလျှင် ပုဏ္ဏားသုံးရာတို့အား ဧဟိဘိက္ခု ခေါ် တော်မူ၍ ကြည်ဖြူရှင်လန်း ရဟန်းပြု ပေးတော်မူ ကြောင်းကိုလည်း သေလသုတ်အဋ္ဌကထာ၌ အောက်ပါ အတိုင်း မိန့်ဆိုတော်မူလေသည်။

ဧဝဥ္စ ဝတွာ ထေ ဘိက္ခဝေါတိ ဘဂဝါ အဝေါစ။

အနက်ကား။ ။ဘဂဝါ-မြတ်စွာဘုရားသည်၊ ဧဝဥ္စ-သွာက္ခာတက၊ စသည်ပါဝင်၊ ဤသို့သော စကားအစဉ်ကိုလည်း၊ ဝတွာ-နှုတ်မြွက်ဟောဖော်၊ မိန့်ကြားတော်မူ၍၊ ဘိက္ခဝေါ-သံသရာဘေး၊ လာမည့်ရေးကို၊ ကြံတွေး မျှော်မှန်း၊ အိုရဟန်းတို့၊ တုမှေ-သင်တို့သည်၊ ထေ-အဆုံးအမမြတ်စွာ၊သုံးဝသောသိက္ခာဝယ်၊ ဝိဇ္ဇာခွင်မြောက်၊ အမြင်ပေါက်အောင်၊ ဝင်ရောက် လာကြပါကုန်လော့၊ ဣတိစ-ဤသို့လည်း၊ အဝေါစ-ဟောဘိက္ခုခေါ်တော်မူသဖြင့်ခွန်းကြူမိန့်ဟတော်မူလေပြီ။

ဤအမှတ် ၂၀ ဂါထာကို အနက်ပေးရာတွင်"ယတ္တ" ဟူသောပုဒ်ကို အနက်ပေးရာ ၌ မှီရာအဋ္ဌကထာပါဌ်များ

၁။ ယတ္တာတိ ယံနိမိတ္တာ၊ မဂ္ဂဗြဟ္မစရိယနိမိတ္တာဟိ ပဗ္ဗဇ္ဇာ အမောဃာ အနိပ္ဖလာ။

၂။ ယတ္တာတိဝါ ယသ္မိံ သာသနေ(ထေရဂါထာ အဋ္ဌကထာ ပ-၃၁၂)

၃။ ယတ္တအမောဃာတိ ယသ္မိံမဂ္ဂဗြဟ္မစရိယေ၊ လ၊ ဟောတိ။(မဇ္ဈိမ ဋ္ဌ-၂၇၆)

ဤသို့လျှင် တပည့်သုံးရာနှင့်တကွသော သေလပုဏ္ဏားကြီးသည်ဟောဘိက္ခုရဟန်းအဖြစ်ကိုရရှိပြီး နောက်ခုနစ်ညလွန်မြောက် ရှစ်ရက်သို့ရောက်သောနေ့၌ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြပြီး၍ မြတ်စွာဘုရားထံ

တော်မှောက်သို့စုရုံးလာရောက်ကြပြီးလျှင် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်တို့ကို ကြွေးကြော်ခြီးကျူး စိတ်ဝမ်းနူးမျှ ရှိဦးဝပ်တွား ကန်တော့သော အားဖြင့် လျှောက်ထားတင်ပြလိုသောကြောင့် အောက်ပါ ဂါထာများကို ရွှေနားတော်တင်ဆက်လေသတည်း။

၂၁။ ယံ တံ သရဏ မာဂမှ၊ ဣတော အဋ္ဌမေ စက္ခုမ။
သတ္တရတ္တေန ဘဂဝါ၊ ဒန္တမှ တဝ သာသနေ။

စက္ခုမ-မံသဒိဗ္ဗာ၊ ၊ ပညာဗုဒ္ဓ၊ သမန္တဟု၊ ငါးဝကြည်လင်၊ ကြည့်တိုင်းထင်သည်၊ အမြင်မျက်စိ၊ မပျက်ရှိတော်မူသော၊ ဘဂဝါ-အိုမြတ်စွာဘုရား၊ ဣတော-သုံးရာပြည့်သား၊ တပည့်များတို့၊ တရားလက်ဝင်၊ မျက်မှောက်မြင်သည်၊ ရက်စဉ်မရွေ့၊ ဤယနေ့မှ၊ အဋ္ဌမေ-နောက်ပြန်မှန်းဆ၊ ဂဏန်းချသော်၊ ခုနစ်ညလွန်မြောက်၊ ရှစ်ရက်ရောက်၌၊ ယံယသ္မာ-အကြင့်ကြောင့်၊ မယံ-ဘုရားတပည့်တော်တို့သည်၊တံ-အရှင်ဘုရားကို၊သရဏံ-အေးမြို့ခေမံ၊နေရဗာန်သို့၊ ရောက်ရန်စိတ်ခ်ာတ်၊ ရည်ရွယ်မှတ်၍၊ဆည်းကပ်ဝပ်စင်း၊ကိုးကွယ်ခြင်းသို့၊ အာဂမှ-ရှင်ပင့်ဘုန်းဂုဏ်၊ ကျေးဇူးဟုန်ကို၊ ကြည်ယုံလေးမြတ်၊ သက်ပေးအပ်၍၊ ချဉ်းကပ်ရောက်ရှိကြကုန်ပြီ၊ ဘဂဝါ-အိုမြတ်စွာဘုရား၊တသ္မာ-ထို့ကြောင့်၊ ဒမတေန-ဒေသနာသုံးဝ၊ ထုံးအရဖြင့်၊ ဆုံးမယဉ်ကျေးစေတော် မူတတ်သော၊ တယာ - အရှင်ဘုရားသည်၊သတ္တရတ္တေန-အခွင့်အခါ၊ မြင့်မကြာသည်၊ လျင်စွာလွန်လျှ၊ခုနစ်ညဖြင့်၊ တဝ-အရှင်ဘုရား၏၊သာသနေ-သာသနာတော်မြတ်၌၊မယံ-တပည့်တော်တို့သည်၊ ဝါ-တပည့်

တော်တို့ကို၊ ဒန္တာ-ဒဏ်လည်းမထား၊ ခေါ်းလည်းမချိန်၊ ကြိမ်လည်းမမိုး၊ ကြိုးလည်းမနှောင်၊ မျက်မှောင်မကြုတ်၊ မာန်မလုပ်ဘဲ၊ ရိုင်းယုတ်လှစွာ၊ ကိလေသာကို၊ ရှစ်ဖြာရေအေး၊စင်စေဆေး၍၊ ယဉ်ကျေးဆုံးမတော်မူအပ်ကုန်သည်၊ အမှ-စင်စစ်မသွေ၊ ဖြစ်ကြရပါပေ၏။

၂၂။ တုဝံ ဗုဒ္ဓေါ တုဝံ သတ္ထာ၊ တုဝံ မာရာဘိဘူ မုနိ။
တုဝံအနုသယေ ဆေတွာ၊တိဏ္ဏော တာရေသိမံပဇံ။

တုဝံ-အရှင်ဘုရားသည်၊ဗုဒ္ဓေါ-တရားဉာဏ် အလုံးစုံကို၊ အကုန်သိမြင်၊ဘုရားရှင်သည်၊ အသိ-စင်စစ်မသွေ၊ ဖြစ်ပါပေ၏။ တုဝံ-အရှင်ဘုရားသည်၊ သတ္ထာ - ခုနှောင်နှစ်မျိုး၊ ကြောင်းနှင့်ကျိုးဖြင့်၊ ကောင်းဆိုးထုံးပြ၊ ဆိုဆုံးမသည့်၊ သုံးလောကသတ္တာ၊ မြတ်ဆရာသည်၊ အသိ-စင်စစ်မသွေ၊ ဖြစ်ပါပေ၏၊ တုဝံ-အရှင်ဘုရားသည်၊ မာရာဘိဘူ-ငါးထွေမာရ်ဆိုး၊ ရန်သူမျိုးကို၊လွှမ်းမိုး နိုင်နင်းတော်မူတတ်သော၊ မုနိ - လောကုတ်လောကီ၊ နှစ်လီကုန်သိ၊ ဉာဏ်မြင်ရှိသည့်၊ မုနိဥက္ကဋ္ဌ၊ ဘုရားမြတ်သည်၊ အသိ - စင်စစ်မသွေ၊ ဖြစ်ပါပေ၏၊ တုဝံ-အရှင်ဘုရားသည်၊ အနုသယေ - အနုမတဂ်၊ သံသာစက်မှ၊ ခုထက်တိုင်ကြာ၊ ကိန်းဝပ်လာသည့်၊ ရာဂါနုသယ၊ စသည်တရား၊ ခုနစ်ပါးတို့ကို၊ ဆေတွာ-အရဟတ္တမဂ်၊စိန်သန်လျက်ဖြင့်၊ချိန်၍ဖျက်ခုတ်သဘ်၊သုတ်သင်ဖြတ်၍၊ တိဏ္ဏော-သြဃလေးစုံ၊ ရေယမုန်မှ၊ လှိုင်းဟုန်ခွဲဖောက်၊ ကမ်းသာ ရောက်အောင်၊ကူးမြောက်တော်မူပြီး၍၊ဣမံပဇံ-လူနတ်ဗြဟ္မာ၊ များစွာ သောင်းသောင်း၊ ဤသတ္တဝါ

အပေါင်းကို၊ တာရေသိ-ဩဃနက်ကျယ်၊ ရေပင်လယ်မှ၊ ရှစ်သွယ်မဂ္ဂင်၊ သင်္ဘောယာဉ်ဖြင့်၊ ကယ်တင်ကူးမြောက် စေတော်မူခဲ့ပါပေပြီ။

၂၃။ ဥပမိ တေ သမတိက္ကန္တာ၊
အာသဝါ တေ ပဒါလိတာ။
သီဟောဝ အနုပါဒါနော၊
ပဟီနဘယဘေရဝေါ ။

တေ - လောကထွဋ်ထား အရှင် ဘုရားသည်၊ ဥပဓိ-၁-ခန္ဓကိလေသာ၊ သင်္ခါရာနှင့်၊ကာမာမည်ရှိ၊ ဥပဓိ တို့ကို၊ ဝါ-၂ တဏှာဥပဓိ၊ အစရှိသည်၊ များဘိဆယ်ပါး၊ ဥပဓိတရားတို့ကို၊ ဝါ-၃ ပူပန်နှိပ်စက်၊ သည်းခံ ခက်သည်၊ နှောင့်ရှက် တတ်စွာ၊ ခန္ဓာစရှိ၊ ဥပဓိဥဿုံ၊ အလုံးစုံတို့ကို၊ သမတိက္ကန္တာ-ဝိမုတ္တိဟု၊ မည်ရှိခေါ်ဆို၊ အရဟတ္တဖိုလ်သို့၊ မှောင်ညို ထွင်းဖောက်၊ ချဉ်းနင်းရောက်သဖြင့်၊ လွန် မြောက်တော် မူအပ်ကုန်ပြီ၊ တေ - အရှင်ဘုရားသည်၊ အာသဝါ-ကာမာသဝ၊ စသည်ငြစ်ဆိုး၊ မှောင်လေးမျိုး တို့ကို၊ ပဒါလိတာ-အရဟတ္တမဂ်၊ ဉာဏ်ရောင်လက်ဖြင့်၊ ပယ်ဖျက် ခွဲဖြိုတော်မူအပ်ကုန်ပြီ၊ တွံ-အရှင်ဘုရားသည်၊ အနုပါဒါနော-အစွဲပြင်းထန်၊ဥပါဒါန်ကို၊ပယ်လှန်ရှင်းဘိ၊ အလျှင်းမရှိသည်ဖြစ်၍၊သီဟောဝ-သားတို့သနင်း၊ခြင်္သေ့ မင်းကဲ့သို့၊ ပဟီနဘယဘေရဝေါ - ပယ်အပ် ပြီးသား၊ ကြောက်တရားနှင့်၊ ပျောက်ရှားကင်းဝေးသော ရန်ဘေး ရှိတော်မူပါပေ၏။

၂၄။ ဘိက္ခဝေါ တိသတာ ဣမေ၊
တိဝ္ဟန္တိ ပဉ္စလီကတာ။
ပါဒေ ဝီရ ပသာရေဟိ၊
နာဂါ ဝန္ဒန္တု သတ္ထုနော။ ။

တိသတာ - ကိုယ်စိတ်ညီညာ၊ စုရုံးလာသည့်၊ သုံးရာအရေအတွက် ရှိကုန်သော၊ ဣမေဘိက္ခဝေါ-အိုနာ-သေမွေး၊သံသာဘေးကို၊ မြင်တွေးထောက်ရှု၊ ကြောက်သ-မှုကြောင့်၊ ဘိက္ခုတွင်ဆန်း၊ ဤရဟန်းတို့သည်၊ ပဉ္စလီကတာ - ဝဲယာမယုတ်၊ ယှက်ကာထုပ်သည့်၊ လက်အုပ်တွင်ညီ၊ အဥ္စလီကို၊တင်ချီဦးရွက်ကြကုန်၍၊ တိဝ္ဟန္တိ-ကာလသင့်လျော်၊ အခွင့်တော်ကို၊ လင့်မျှော်ဖန်ထပ်၊ ~~ဣန္ဒြေတာမ်~~သဖြင့်၊ တံ့ရပ်တည်နေကြပါကုန်၏၊ မဟာဝီရ-ကြီးမြတ်ကဲဆင့်၊ ပွဲလယ်တင့်သည့်၊ရဲရင့်သော လုံ့လရှိတော်မူသောအိုမြတ်စွာဘုရား၊ တွံ-အရှင်ဘုရားသည်၊ ပါဒေ-တရာ့ရှစ်ကွက်၊စက်လက္ခဏာ၊ရွှေကြာပဒုံ၊ ခြေတော်စုံတို့ကို၊ပသာရေဟိ-ထက်ဝယ်ဖွဲ့နေ၊ ပလ္လင်ခွေမှု၊ မြင်စေထင်ရှား၊ ကရုဏာထား၍၊ ရွှေ့ရှား ဆန့်ထုတ်တော်မူပါဘုရား၊ နာဂါ-တပည့်သုံးရာ၊ ရဟန္တာတို့သည်၊ သတ္ထုနော-တရားထုံးပြ၊ဆိုဆုံးမသည်၊ သုံးလောကသတ္တာ၊ မြတ်ဆရာ၏၊ ပါဒေ-ခြေတော်အစုံ၊ ကြာပဒုံကို၊ ဝန္ဒန္တု-ဆုံးမလေဘူး၊ ရှေးကတူးက၊ ကျေးဇူးမြတ်စွာ၊ အောက်မေ့ကာလျှင်၊ စေတနာ-စူးစိုက်၊ နဖူးဖြင့်ခိုက်၍၊ ဦးတိုက်ရှိခိုးကြပါစေကုန်ဘုရား။

**သေလသုတ်အနက်ပြီး၏။**

မြတ်စွာဘုရား၏ နေက္ခမ္မ ပဓာန၌ ကြည်ညိုမှု

သဒ္ဓါတရားဖြင့်

မိုးကုတ်မြို့

# ဈေးကျောင်းဆရာတော်

# ဦးသုဝဏ္ဏ

ရေးသားပြုစုသော

သုတ္တနိပါတ် ပါဠိတော်လာ

# ပဗ္ဗဇ္ဇာသုတ်ဂါထာများ၏

# ကြည်ညိုဘွယ်အနက်များ

# နိဒါန်း

သုတ္တနိပါတ်ပါဠိတော်လာ ဤပဗ္ဗဇ္ဇာသုတ်ကို မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ ဟောကြားတော်မူသည်။ ဘုရားရှင်တောထွက် ရဟန်းပြုတော်မူကာ ကျင့်ကြံတော်မူပုံ သီလ အာစာရတော်များတွင် တစိတ်တဒေသကို ဖော်ပြဟောကြားရာ သုတ်ဖြစ်၍ အလွန်ကြည်ညိုဘွယ်ရှိသောကြောင့် သူတော်ကောင်းများ ကြည်ညိုနိုင်စေရန် ဤသုတ်၏အနက်ကို ကြည်နူးဘွယ်ရာ လင်္ကာသွားတို့ဖြင့် သဒ္ဒါပသာဒတရား ရှေ့သွားပြု၍ ရေးသားပါသည်။

ဤသုတ်၏သိမှတ်ဘွယ်အဓိပ္ပါယ်အကျဉ်းချုပ်မှာ....

ဘုရားအလောင်းတော်သည် "ဃရာဝါသ လူ့ဘဝသည် စီးပွားဥစ္စာ ကိလေသာတို့ဖြင့် လွန်စွာကျဉ်းကြပ်၏၊ ရာဂစသား မြူညစ်များ၏ ဖြစ်ပွားရာဌာနဖြစ်၏၊ အိုးအိမ်ထောင်ကို ခွာရှောင်စွန့်ပစ် ရဟန်းအဖြစ်သည်သာ ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာကိလေသာတို့ မလာကင်းရှင်း ကျယ်ပွင့်လင်း၏" ဟု နှလုံးသွင်း သိမြင်တော်မူပြီးလျှင် ရွှေနန်းရိပ်ငြိမ် မင်းစည်းစိမ်ကို ပယ်စွန့်၍ တောထွက်တော်မူရာ အနော်မာမြစ်ကမ်းသို့ ရောက်ရှိတော်မူလေသော် ဃဋိကာရဗြဟ္မာမင်းကြီးက လှူဒါန်းအပ်သော

ဗုဒ္ဓပရိက္ခရာတော်များဖြင့် ရဟန်းပြုတော်မူပြီးလျှင် ထို အနော်မာမြစ်၏အနီး အနုပိယတောအုပ်ကြီး၌ ခုနစ်ရက် ပတ်လုံး သီတင်းသုံးနားနေတော်မူပြီးမှ ယူဇနာသုံးဆယ် ကွာဝေးသော ရာဇဂြိုဟ်ပြည်သို့ တရက်တည်းဖြင့် ကြွ ရောက်ကာ ဆွမ်းခံလှည့်လည်တော်မူလေသည်။ (ဗုဒ္ဓဝင် အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ)။

ဘုရားအလောင်းတော်သည် ဆိုခဲ့သည့်အတိုင်း ရဟန်း ပြုတော်မူပြီးလျှင် အာဇီဝဋ္ဌမကသီလကို ဆောက်တည်၍ ယူဇနာသုံးဆယ်ကွာဝေးသော ရာဇဂြိုဟ်ပြည်သို့ ခုနစ်ရက် ခရီးဖြင့် ကြွရောက်တော်မူ၍ ဆွမ်းခံ လှည့်လည်တော်မူ သည်။ (သုတ္တနိပါတ်အဋ္ဌကထာ)။

ထိုသို့ဆွမ်းခံလှည့်လည်တော်မူသော အလောင်းတော်ကို ဗိမ္ဗိသာရမင်းကြီးသည် ရွှေနန်းတော်ပြူတင်းမှ ဖူးမြင် ရသည်တွင် "အိုအမတ်မင်းတို့ ဤဆွမ်းခံလှည့်လည်သော ရဟန်းကို မျှော်မှန်းကြည့်ရှုကြကုန်လော့၊ ဤရဟန်းသည် လှပ သပ္ပါယ် လွန့်တင့်တယ်၏၊ ညစ်ကြေးမတင် ရောင်သစ် လွင်သော ရွှေစင်နိက္ခကဲ့သို့ စင်ကြယ်သော အရေအဆင်း ရှိ၏။ ချအပ်သော မျက်လွှာရှိ၏။ သွားပြန်ရပ်စဉ် အမြဲ ယှဉ်သည့် သမ္ပဇဉ်သတိ ဉာဏ်မြင်ရှိ၏။ ဤရဟန်း သည်အဘယ်အရပ်သို့ ကြွမြန်း၍ အဘယ်အရပ်၌ သီတင်း သုံးသည်ကို သိရှိနိုင်ရန် ခြေမြန်တော်သား မင်းချင်း ယောကျ်ားတို့သည် ပြေးသွားစုံစမ်းကြကုန်လော့"ဟု မိန့် တော်မူလေသည်တွင် မင်းချင်းယောကျ်ား သုံးယောက်

တို့သည် အလောင်းတော်၏ နောက်တော်ပါး မနီးမဝေးမှ လိုက်ပါ စုံစမ်းကြလေသည်။

အလောင်းတော် မြတ်သည်လည်း ခြောက်ဝငြိမ်ထွေ ဣန္ဒြေတို့ဖြင့် တည်ကြည် သိမ်မွေ့သည်ဖြစ်၍ရှင်း၊ ဟိရိကောပါ ကိုယ်အင်္ဂါကို ဖန်ဝါ သပ္ပါယ်ကြည်ညိုဘွယ်အောင် ကာကွယ်ရုံထပ် လုံစေအပ်သည်ဖြစ်၍ရှင်း အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဝင်လာသော ရှေ့တံခါးပေါက်မှပင် ထွက်တော်မူ၍ ပဏ္ဍဝတောင်ပေါ်သို့ တက်ကြွတော်မူလေသည်။ တောင်ပေါ်သို့ရောက်တော်မူလျှင် တခုသော ကျောက်ဂူကို ကျောပေးလျက် အရှေ့အရပ်သို့ မျက်နှာမူလျက် ကျားမင်း၊ နွားလားဥသဘ၊ ခြင်္သေ့မင်းတို့ကဲ့သို့ ရဲတင်းတည်ကြည်သော ဣန္ဒြေတော်တို့ဖြင့် ထိုင်နေသီတင်းသုံးတော်မူကာ ခံယူရရှိလာသော ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးမှိဲတော်မူလေသည်။

ထိုအခါ မင်းချင်းသုံးယောက်တို့တွင် အလောင်းတော်၏ထံပါး၌ နှစ်ယောက်ကျန်နေရစ်ပြီးလျှင် တယောက်သည် ဗိမ္ဗိသာရမင်း၏အထံတော်သို့သွားရောက်၍ မိမိတို့မြင်ခဲ့ရသမျှ အခြင်းအရာအလုံးစုံကိုလျှောက်ထားသံတော်ဦးတင်လေသည်။ မင်းချင်း၏ လျှောက်ထားအပ်သော စကားတို့ကို ကြားသိရသော ဗိမ္ဗိသာရမင်းကြီးသည် အလွန်ကြည်ညိုသဒ္ဓါရှိသည်ဖြစ်၍ စစ်သည်ဗိုလ်ပါ အခြံအရံတို့နှင့်တကွ အလွန်လျင်မြန်စွာ နန်းတော်မှ ချီထွက်၍ တောင်ခြေတိုင်အောင် ရထားစီးလျက် တောင်ခြေသို့

ရောက်သောအခါ ခြေလျင်ခရီးဖြင့် အလောင်းတော်ထံ မှောက်သို့ သွားရောက် ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား -- အရှင်ဘုရားသည် ပျိုမျစ်နုနယ် ငယ်ရွယ်လှသေး၏။ နောင်အခါဝယ် တိုးတက်၍သပ္ပါယ်မည့် သုံးဆယ့်နှစ်ဖြာ မဟာပုရိသလက္ခဏာနှင့်လည်း ကောင်းစွာပြည့်စုံ၏။ ရေမြေပိုင်နင်း ဘုရင်မင်းနှင့် အဆင်းမူရာ ဘူလှစွာ၏၊ တပည့်တော်သည် အရှင်ဘုရားအား ထီးနန်းရိပ်ငြိမ် စည်းစိမ်ဥစ္စာ မင်းချမ်းသာကို ဝေကာခွဲလျက် ပြည်ထက်ဝက်ဖြင့် ပေးဆက်လှူဒါန်းပါမည်၊ အရှင်ဘုရားသည် လူ့ဘဝတွင်း တဖန်ဆင်း၍ မင်းပြုတော်မူပါဦး၊ တပည့်တော်သိလို မေးလျှောက်ဆိုသည့် ကိုယ်တော်၏မျိုးဇာတ် အတ္တုပ္ပတ်ကို ဖွင့်လှပ် မိန့်ကြားတော်မူပါ ဘုရား"ဟု လျှောက်ထားတောင်းပန်လေသည်တွင် ....

အလောင်းတော်သူမြတ်က "သမုတိနတ် အိုမင်းမြတ် ကောသလတိုင်း သမိုင်းကျော်ကြား ပြည်ထောင်များတွင် ဟိမဝန္တာတောင်၏အနီး သုဒ္ဓေါဒနမင်းကြီး၏ စည်ထီးခရိုင် နိုင်ငံဇနပုဒ်ဖြစ်သော ကပိလဝတ်ပြည်ကြီးသည်ရှိ၏။ ငါသည် ထိုကပိလဝတ်ပြည်ကြီးကို စည်ထီးဖြန့်မိုး ဘုန်းဘန်ခိုးဖြင့် အုပ်စိုးဆုံးမသော ရတနာရွှေငွေ ဆန်ရေစပါး လွန်ပေါများသဖြင့် စစ်သားသူခက် ရဲမက်ဗိုလ်ပါ များလှစွာသော ရာဇာသုဒ္ဓေါဒနေ၏ ဩရသစစ် သားရင်းဖြစ်၏။ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်ကို မခံမင် မလိုချင်ဘဲ အသင်္ခတ သုခကောန် နိဗ္ဗာန်ကိုသာလိုချင်ပါ၍ နေအာဒိစ္စ သကျနွယ်လာ မျိုးဝံသာမှ ထွက်ခွါကြွလှမ်း တောသို့

မြန်း၍ ရဟန်းပြုခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ထီးနန်းရိပ်ငြိမ် မင်းစည်းစိမ်နှင့် အိမ်ထောင်သားမွေး မင်းဖြစ်ရေးကို ရန်ဘေးတမျှ ရှုံ့ရှားလျှ၍ လောဘမခင် မလိုချင်ပါ၊ အသခ်ိတ သုခကေန် နိဗ္ဗာန်အလို့ငှာ ကြွသွားပါအံ့၊ ရာဇာလူ့ထီး သင်မင်းကြီးသည် ဝမ်းနည်းစိတ်အား မဖြစ်ပွားဘဲ တရားမျှော်ရှု ဝမ်းသာမှုဖြင့် သာဓုခေါ်ကာ နန်းရိပ်သာသို့ ပြန်ကာစံရစ်ပေဦးလော့"ဟု အင်္ဂါရှစ်တန် ပြဟ္မာသံဖြင့် ခွန်းပြန်မိန့်မြွက်တော်မူသတည်း။

ဤမျှသော နိဒါန်းအဓိပ္ပါယ်ဖြင့်ပင် ဂါထာအနက်များကို ဖတ်ရှုလေ့လာရာ၌ စကားအဆက်အစပ် အနုသန္ဓေများကို သိမြင်နိုင်လောက်ပြီဖြစ်သဖြင့် နိဒါန်း၏ နိဂုံးကို ပြီးဆုံးစေအပ်ပါသတည်း။

ဦးသုဝဏ္ဏ

ဈေးကျောင်းဆရာတော်
မိုးကုတ်မြို့

# ပဗ္ဗဇ္ဇာသုတ်အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ပဗ္ဗဇ္ဇံ ကိတ္တယိဿာမိ၊ ယထာ ပဗ္ဗဇိ စက္ခုမာ။
ယထာ ဝီမံသမာနော သော၊ ပဗ္ဗဇ္ဇံ သမရောစယိ။

၁။ ။အဟံ-အာနန္ဒာဟု၊ သညာဘွဲ့မည်၊ ငါမထေရ်သည်(ကိတ္တယိဿာမိမှာစပ်)၊ စက္ခုမာ-မံသဒိဗ္ဗာ၊ ပညာဗုဒ္ဓ၊ သမန္တဟု၊ ငါးဝကြည်လင်၊ ကြည့်တိုင်းထင်သည်၊ အမြင်မျက်စိ၊ မပျက်ရှိသော၊ မုနိထွဋ်ထား၊ မြတ်စွာဘုရားသည်၊ ယထာ- အကြင်သို့သော အခြင်းအရာအားဖြင့်၊ ပဗ္ဗဇိ-ဝတ်ကြောင်ကိုခွာ၊ ကောသာကိုရိတ်၊ မုတ်ဆိတ်ကိုဖြတ်၊ မိုးနတ်ဗြဟ္မာ၊ဆက်ကပ်လာသည့်၊ ရွှေကြာသင်္ကန်း၊ ဝတ်ရုံလွှမ်းလျက်၊ ရဟန်းပြုတော်မူလေပြီ၊ တထာစ-ထိုသို့သောအခြင်းအရာအားဖြင့်ရင်း၊ သော - ငါးဝကြည်လင်၊ ကြည့်တိုင်းထင်သည်၊ အမြင်မျက်စိ၊ မပျက်ရှိသော၊ မုနိတွင်ထား၊ ထိုမြတ်စွာဘုရားသည်၊ယထာ-အကြင်သို့သောအခြင်းအရာအားဖြင့်၊ ဝီမံသမာနော-သံဝေဂဉာဏ်၊နက်စံကျယ်ဝှမ်း၊ ကြံစူးစမ်း၍၊ ပဗ္ဗဇ္ဇံ-ရဟန်းအဖြစ်ကို၊သမရောစယိ-ဤဘဝသာ၊ လွတ်မြောက်ရာဟု၊ သဒ္ဒါပွါးလှ၊တရား ရ၍၊ အားရနှစ်သက်တော်မူလေပြီ၊ တထာစ-ထိုသို့သော

အခြင်းအရာအားဖြင့်ရင်း၊ ပဗ္ဗဇ္ဇ-သုံးလူ့ခေါင်ထွဋ်၊ အတုလွတ်၏၊လူ့ဝတ်ကိုခွါ၊ဖန်ဝါသင်္ကန်း၊ ဝတ်ဆင်မြန်းသည့်၊ ရဟန်းပြုခြင်း၊အကြောင်းရင်းကို၊ အကျဉ်းပြရာ၊ပဗ္ဗဇ္ဇာဟု၊ သညာမည်မှတ်၊သုတ်တော်မြတ်ကို၊ ကိတ္တယိဿာမိ-နာသူတို့အား၊ သဒ္ဒါပွါးအောင်၊ ဟောကြားမြွက်ဆိုပါဦးအံ့။

၂။ သမ္ဗာဓောယံ ဃရာဝါသော၊
ရဇဿာယတနံ ဣတိ။
အဗ္ဘောကာသောဝ ပဗ္ဗဇ္ဇာ၊
ဣတိ ဒိသွာန ပဗ္ဗဇိ။

၂။ ။သောဘဂဝါ- ထိုမြတ်စွာဘုရားသည် (ပဗ္ဗဇိမှာစပ်)၊အယံဃရာဝါသော-အိမ်ယာတည်ထောင်၊ဤလူ့ဘောင်သည်၊ သမ္ဗာဓော-ဇနီးမယား၊ သမီးသားနှင့်၊စီးပွားဥစ္စာ၊ ကိလေသာတို့၊ ဝိုင်းကာဖိညှပ်၊ လွန်ကျဉ်းကြပ်၏၊ ရဇဿာယတနံ-လောဘဒေါသ၊ မောဟစသား၊ မြူညစ်များ၏၊ဖြစ်ပွား တည်နေရာဖြစ်၏၊ ဣတိ - ဤသို့၊ ဒိသွာန - ဟုတ်တိုင်းမှန်စွာ၊ ယထာဘူတ၊ ကျနထင်ထင်၊ သိကာမြင်၍ရင်း၊ ပဗ္ဗဇ္ဇာ-ဝတ်ကြောင်ကိုခွါ၊ ဖန်ဝါတင့်ဆန်း၊ သင်္ကန်းကိုဆင်၊ ဆံပင်ကိုရိတ်၊ သပိတ်ကိုလွယ်၊လွန်သပ္ပါယ်သည်၊ ရန်ကွယ်ဘေးပ၊ ချမ်းမြသည့်၊ သမဏစင်စစ်၊ ရဟန်းအဖြစ်သည်၊ အဗ္ဘောကာသောဝ-မညှပ်မကြိတ်၊ မပိတ်မဆီး၊ ကောင်းကင်ကြီးကဲ့သို့၊ ဝိဝဋ္ဋာ-ဇနီးမယား၊ သမီးသားနှင့်၊ စီးပွားဥစ္စာ၊ကိလေသာတို့၊မလာမချဉ်း၊ ကျယ်ပွင့်လင်း၏၊ ဣတိ-ဤသို့၊ ဒိသွာန - ဟုတ်တိုင်းမှန်စွာ၊ယထာဘူတ၊ကျနထင်ထင်၊ သိကာမြင်၍ရင်း၊

ပဗ္ဗဇိ – ဝတ်ကြောင်ကိုခွါ၊ ကေသာကိုရိတ်၊ မုဆိတ်ကိုဖြတ်၊ မိုးနတ်ပြဟ္မာ၊ ဆက်ကပ်လာသည့်၊ ရွှေကြာသင်္ကန်း၊ ဝတ်ရုံလွှမ်းလျက်၊ ရဟန်းပြုတော်မူလေပြီ။

၃။ ပဗ္ဗဇိတွာန ကာယေန၊ ပါပကမ္မံ ဝိဝဇ္ဇယိ။
ဝစီဒုစရိတံ ဟိတွာ၊ အာဇီဝံ ပရိသောဓယိ။

၃။ ပဗ္ဗဇိတွာန-ဝတ်ကြောင်ကိုခွါ၊ ကေသာကိုရိတ်၊ မုတ်ဆိတ်ကိုဖြတ်၊ မိုးနတ်ပြဟ္မာ၊ ဆက်ကပ်လာသည့်၊ ရွှေကြာသင်္ကန်း၊ ဝတ်ရုံလွှမ်းလျက်၊ ရဟန်းပြုတော်မူပြီး၍၊ ကာယေန - ကာယဒွါရဖြင့်၊ ပါပကမ္မံ-ပါဏာတိပါတ၊ စသည်သုံးခု၊ မကောင်းမှုကို၊ ဝိဝဇ္ဇယိ – ဝိရတီသဒ္ဓါ၊ စေတနာဖြင့်၊ ဝေးစွာဆန့်ကျင်၊ သန့်ရှင်းစင်အောင်၊ ရှောင်ကြဉ်စောင့်စည်းတော်မူခဲ့လေပြီ၊ ဝစီဒုစရိတံ-မုသာဝါဒ၊ စသည်လေးခု၊ နှုတ်ဖြင့်ပြုသော၊ ညစ်ကြုဆိုးမိုက်၊ ဒုစရိုက်ကို၊ ဟိတွာ–ဝိရတီသဒ္ဓါ၊ စေတနာဖြင့်၊ ဝေးစွာဆန့်ကျင်၊ သန့်ရှင်းစင်အောင်၊ ရှောင်ကြဉ်စွန့်ပစ်တော်မူပြီး၍၊ အာဇီဝံ-သမ္မာဇီဝ၊ မြတ်သီလဖြင့်၊ မျှတအာယု၊ သက်မွေးမှုကို၊ ပရိသောဓယိ–အနေသန၊ မလှဆိုးညစ်၊ နှစ်ဆယ့်တစ်မှု၊ ဖြူသစ်လှင်လှင်၊ မြူမတင်အောင်၊ သုတ်သင်ရှင်းလင်းတော်မူခဲ့လေပြီ။

၄။ အဂမာ ရာဇဂဟံ ဗုဒ္ဓေါ၊ မာဂဓာနံ ဂိရိဗ္ဗဇံ။
ပိဏ္ဍာယ အဘိဟာရေသိ၊ အာကိဏ္ဏဝရလက္ခဏော။

၄။ ·။ဝေံ-ဤသို့၊ အာဇီဝဋ္ဌမကသီလံ-သမ္မာမည်ရ၊ အာဇီဝလျှင်၊ အဋ္ဌမမြောက်၊ မကျိုးပေါက်သည်၊ တည်

ဆောက်မြဲလှ၊ မြတ်သီလကို၊ သောစေတွာ-ဒုစရိုက်မင်းလွင်
မြူမတင်အောင်၊ ဖြူစင်သစ်ဖွေး၊ သုစိသင်ဆေး၍၊ ဗုဒ္ဓေါ-
မြတ်စွာဘုရားသည်၊ ရာဇဂဟံ-မန္ဒာတုက၊ စသည်ခပင်း၊
အမင်းမင်းတို့၊ သိမ်းသွင်းပိုက်သို၊ ရာဇဂြိုဟ်ဟု၊ နဂိုတွင်ဘိ၊
မည်ရင်းရှိသော၊ မာဂဓာနံ - မဂဓတိုင်းသား၊ လူအများ
တို့၏၊ ဂိရိဗ္ဗဇံ-ပဏ္ဍဝက၊ စသည်ငါးတန်၊ တောင်တွေရံ
သဖြင့်၊ နွားခြံတရှိ၊ တူလေဘိ၍၊ ဂိရိဗ္ဗဇ၊ အမည်ရသော၊ ဌာန
သာစည်၊ မင်းနေပြည်သို့၊ အဂမာ-အနေ့ာ်မာနယ်၊ မြစ်ကမ်း
စွယ်ဟု၊ သုံးဆယ်ယူဇနာ၊ လှမ်းဝေးရာမှ၊ သတ္တာဟရက်၊ ခရီး
ထွက်သဖြင့်၊ ဆက်လက်ကြွရောက်တော်မူလေပြီ၊ အာကိဏ္ဏ
ဝရလက္ခဏော - ပြန့်ပြောမျှားကြွယ်၊ လွန်သပ္ပါယ်သည်
သုံးဆယ်နှစ်ပါး၊ မြတ်ယောကျ်ားတို့၊ ထင်ရှား ကြန်အင်၊
အနုဗျဉ္စန၊ ရှစ်ဆယ်မျှနှင့်၊ ဗျာမပဘာ၊ တလံတာဟု၊
ရောင်ဝါထွန်းညို၊ ရွှန်းရွှန်းအိသော၊ သောဗုဒ္ဓေါ-ထိုမြတ်
စွာဘုရားသည်၊ တတ္ထ-ထိုရာဇဂြိုဟ်ပြည်၌၊ ပိဏ္ဍာယ-ဆွမ်းအလို့ငှါ
ကာယ၊ အကြောင်းမျှ၍၊ ဗြဟ္မစရိယာ၊ ကျင့်နိုင်စွာတို့၊
သြဇာပြည့်ဖြိုး၊ ဆွမ်းအကျိုးငှါ၊ အဘိဟာရေသိ-ဗြဟ္မာ
လှူဒါန်း၊ ကြာသက်န်းကို၊ ဆင်မြန်းရုံ၍၊ သပိတ်ပွေ့
လျက်၊ သိမ်မွေ့ခြောက်ဒွေ၊ ဣန္ဒြေဖြင့်၊ သရေတင့်ဆန်း၊
လပြည့်စန်းသို့၊ ကြွမြန်းလှည့်လည်တော်မူလေပြီ။

၅။ တမဒ္ဒသာ ဗိမ္ဗိသာရော၊ ပါသာဒသ္မိံ ပတိဋ္ဌိတော။
ဒိသွာ လက္ခဏသမ္ပန္နံ၊ ဠမမတ္တံ အဘာသထ။

၅။ ။တံ-လမ်းမအိမ်စဉ်၊ ဆွမ်းခံဝင်သည့်၊ ရှင်ပင်
ဘုန်းမော်၊ ထိုအလောင်းတော်ကို၊ ဗိမ္ဗိသာရော-ဗိမ္ဗိသာ

ရ၊ဘွဲ့မည်ရသည့်၊ တိုင်းမသေင့်နင်း၊ ဘုရင်မင်းသည်၊ပါသာ ဒသွိံ-ရွှေနန်းကနက်၊ ပြာသာဒ်ထက်၌၊ ပတိဋ္ဌိတော-သီဟ ပဉ္စရံ၊ခြင်္သေ့ခံသည့်၊ လေဆန်ညံ့ညှင်း၊မှန်ပြုတင်းမှ၊ရှုခင်း မျှော်လတ်၊ တည်နေရပ်၍၊ အဒ္ဒသာ-ရှေ့တူယူတွင်၊ ကြွ သွားစဉ်မို့၊ဖူးမြင်တွေ့ရှိရလေပြီ၊ လက္ခဏာသမ္ပန္နံ-ပြန့်ပြော များကြွယ်၊ လွန်သပ္ပါယ်သည်၊ သုံးဆယ်နှစ်ပါး၊ မြတ် ယောကျ်ားတို့၊ထင်ရှားကြန်အင်၊အနုဗျဉ္စန၊ရှစ်ဆယ်မျှနှင့် ဗျာမပဘာ၊ တလံတာဟု၊ ရောင်ဝါထွန်းညှိ၊ ပြည့်စုံဘိ သော၊ မုနိဘုန်းမော်၊ အလောင်းတော်ကို၊ ဒိသွာ-ဖူးမြင်ရ ပြီး၍၊ဣမံ အတ္ထံ-ဤသို့ဆိုလတံ့သော၊အနက်သဘောကို၊ အဘာသထ-သဒ္ဒါတင့်ထူး၊ ပွင့်ပွင့်မြူးသဖြင့်၊ ရင့်ကျူး မြွက်ဆိုတော်မူလေပြီ။

၆။ ဣမံ ဘောန္တော နိသာမေထ၊
အဘိရူပေါ ဗြဟာ သုစိ။
စရဏေနစ သမ္ပန္နော၊
ယုဂမတ္တဉ္စ ပေက္ခတိ။

၆။ ။ကိံ အဘာသထ-အဘယ်သို့မိန့်မြွက်တော်မူသ နည်းဟူမူကား၊ ဘောန္တော-ငါ၏ထံပါး၊ မြဲခစားသည့်၊ အများခပင်း၊အမတ်မင်းတို့၊ တုမှေ့-သင်တို့သည်၊ဣမံ-ပြန့် ပြောများကြွယ်၊လွန်သပ္ပါယ်သည်၊ သုံးဆယ်နှစ်ပါး၊ မြတ် ယောကျ်ားတို့၊ထင်ရှားကြန်အင်၊အနုဗျဉ္စန၊ရှစ်ဆယ်မျှနှင့် ဗျာမပဘာ၊ တလံတာဟု၊ ရောင်ဝါထွန်းညှိ၊ ရွန်းရွန်း အိသည်၊ရဝိဖလ်ရွှေ၊တက်သစ်နေသို့၊ကြက်သရေကွန့်မြူး၊ ဤရှင်ထူးကို၊ နိသာမေထ - လူလောနတ်လော၊ ဗြဟ္မာ

လောဟု၊ သဘောစေ့ငု၊ သတိပြု၍၊ ကြည့်ရှုမှတ်သားကြ ကုန်လော့၊ ဤမံ-မတွေ့စဘူး၊ မမြင်ဘူးသည့်၊ ရှင်ထူးဘုန်း မော်၊ဤကိုယ်တော်သည်၊ အဘိရူပေါ်-သုံးဘုံရပ်ဌာန်၊ သုံး နိုင်ငံ၌၊နှုံးစံဟူက၊ မတူမျှအောင်၊ ရှုပနိုကာယ်၊ လွန်တင့် တယ်၏၊ ပြဟ္မာ-လုံးရပ်ဟန်သွင်၊ ဇံမမြင်အောင်၊ ကြန်အင် ပိုင်းဆစ်၊လွန်ပြေပြစ်၏၊.သုစိ-ညစ်ကြေးဖြူစင်၊ မြူမတင် သည်၊ ရွှေစင်နိက္ခ၊ ကဥ္စနသို့၊ ပဘံဝ ါဝင်း၊စင်ကြယ်သော အရေအဆင်းရှိ၏။ ၉ရကောနစ-ဆင်မင်းဆဒ္ဒန်၊ သွားလာ ဟန်သို့၊ ခြောက်တန်ငြိမ်ထွေ၊ ဣန္ဒြေဖြင့်၊ စက်ခြေဖြန့်ခင်း၊ သွားလာခြင်းနှင့်လည်း၊ သမ္ပန္နော-ပြည့်စုံ၏၊ ယုဂမတ္တဥ္စ- ထမ်းပိုးတပြန်၊ လူ့တလ မျှ၊ ရပ်ဌာနကိုလည်း၊ ပေက္ခတိ- ဣန္ဒြေမျက်လွှာ၊ ချ၍သာလျှင်၊ ဝဲယာမလှည့်၊ မျှော်ကာ ကြည့်၏။

၃။ ဩက္ခိတ္တစက္ခု၊ သတိမာ၊ နာယံ နီစကုလာမိဝ။
ရာဇဒူတာဘိဓာဝန္တု၊ ကုဟိံ ဘိက္ခု ဂမိဿတိ။

၃။ ။အယံ-မတွေ့စဘူး၊မမြင်ဘူးသည့်၊ရှင်ထူးဘုန်း မော်၊ ဤကိုယ်တော်သည်၊ ဩက္ခိတ္တစက္ခု-စက္ခုဣန္ဒြေ၊ စုံနှစ် ထွေကို၊လုံစေစောင့်လှ၊ သံဝရဖြင့်၊ ချအပ်သော မျက်လွှာ ရှိ၏။ သတိမာ-သွားစဉ်ပြန်စဉ်၊ ရပ်ခံစဉ်လည်း၊ သမ္ပဇဉ် သတိ၊ အမှန်ပင်ရှိ၏။ အယံ-မတွေ့စဘူး၊ မမြင်ဘူးသည့်၊ ရှင်ထူးဘုန်းမော်၊ ဤကိုယ်တော်သည်၊ နီစကုလာ - ယုတ် ညံ့ဆင်းရဲ၊အမျိုးထဲမှ၊နိက္ခမိတွာ-ထွက်၍၊ပဗ္ဗဇိတောဣဝ- ဇရာဗျာဓိ၊အစရှိသည်၊ပါရိဇုည၊ကြောင်းလေးဝကြောင့်၊ ခံဏပန်းသာ၊ ကိုယ်သက်သာအောင်၊ ဝမ်းစာရမှု၊ ရဟန်း

ပြုသကဲ့သို့၊ပဗ္ဗဇိတော-ရဟန်းပြုသည်၊နဟောတိ-လက္ခဏာ စုံလင်၊ ပုံအသွင်ကို၊ ခုံတင်သုံးသပ်၊နှုံးစံဟပ်က၊ ဆုံးဖြတ်ပိုင်ပိုင်၊ မဖြစ်နိုင်၊ ရာဇဒူတာ-ဆုတော်ခံရ၊ လျင်မြန်လှသည့်၊ စံပြယောကျ်ား၊ တမန်များသည်၊ အဘိဓာဝန္တု-တရားသိမ်မွေ့၊ ဣန္ဒြေ့ဖြင့်၊ ရွေ့ရွေ့ကြွချီ၊ ထိုမထေရ်ကို၊ ကသီကဒိုက်၊အမှီလိုက်၍၊စိုက်စိုက်ပြေးသွားကြကုန်လော့၊ ဘိက္ခု-ဖန်ဝါဆင်မြန်း၊ အရှင်ရဟန်းသည်၊ ကုဟိံ- ဘယ်တော ဘယ်တောင်၊ ဘယ်ရှိုမြောင်နှင့်၊ ဘယ်ချောင်လှိုင်ခေါင်း၊ စရပ်ကျောင်းသို့၊ ဂမိဿတိ - ခြေတော်လှမ်းမြောက်၊ စခန်းထောက်ဖို့၊ မြန်းရောက် ကြွသွားလေမည်နည်း။

ဂ။ တေ ပေသိတာ ရာဇဒူတာ၊ပိဋ္ဌိတော အနုဗန္ဓိံသု။
ကုဟိံ ဘိက္ခု ဂမိဿတိ၊ကတ္ထဝါသော ဘဝိဿတိ။

ဂ။ ။ပေသိတာ - သြဇာငြိမ့်လေး၊ အမိန့်ပေး၍၊ မနေးစေလွှတ်အပ်ကုန်သော၊ တေရာဇဒူတာ-ဆုတော်ခံရ၊ လျင်မြန်လှသည့်၊ စံပြယောကျ်ား၊ ထိုတမန်များသည်၊ ဘိက္ခု-ဖန်ဝါဆင်မြန်း၊ အရှင်ရဟန်းသည်၊ ကုဟိံ-ဘယ်တောဘယ်တောင်၊ ဘယ်ရှိုမြောင့်နှင့်၊ ဘယ်ချောင်လှိုင်ခေါင်း၊ စရပ်ကျောင်းသို့၊ ဂမိဿတိ - ခြေတော်လှမ်းမြောက်၊ စခန်းထောက်ဖို့၊ မြန်းရောက် ကြွသွားလေမည်နည်း၊ ကတ္ထဝါသော-ဘယ်တောဘယ်တောင်၊ ဘယ်ရှိုမြောင်နှင့်၊ ဘယ်ချောင်လှိုင်ခေါင်း၊စရပ်ကျောင်း၌၊ကိန်းအောင်းမွေ့လျော်၊ နေ၍ပျော်သည်၊ ဘဝိဿတိ-ဖြစ်လတံ့နည်း၊ ဣတိမနသိကတွာ-ဤသို့သိလို၊ နဂိုရိုးရင်း၊နှလုံး

သွင်းကို၊ စိတ်တွင်းအာရုံ၊ ပြုကြကုန်၍၊ ပိဋကတော-သုံးလူ့ မျက်ဖျော်၊အလေ်ာင်းတော်၏၊ နောက်တော်ထံပါး၊အနီး အနားမှ၊ အနုဗန္ဓိသုံ - မျက်ခြည်မပြတ်၊ ဘွဲ့ကာစပ်၍၊ ထက်ကြပ်လိုက်ပါကြကုန်ပြီ။

၉။ သပဒါနံ စရမာနော၊ဂုတ္တဒွါရောသုသံဝုတော[၁]။
ခိပ္ပံ ပတ္တံ အပူရေသိ၊သမ္ပဇာနော ပဋိဿတော။

၉။ ။မုနိ - သာကီဝေလှ၊ နောပမဟု၊ လောက ဥက္ကဋ္ဌ၊ ရဟန်းမြတ်သည်၊ ဂုတ္တဒွါရော-ခြောက်ဝငြိမ်ထွေ၊ ဣန္ဒြေကို၊ စောင့်နေသတိ၊ လုံခြုံသော ဒွါရရှိသည်ဖြစ်၍၊ သုသံဝုတော-ဟိရိဂေါ်ပ၊ကိုယ်အင်္ဂါကို၊ ဖန်ဝါသပ္ပါယ်၊ ကြည်ညိုဘွယ်ဖြင့်၊ ကာကွယ်ရုံထပ်၊လုံစေအပ်သည်ဖြစ်၍၊ သပဒါနံ - အိမ်စဉ်အတိုင်း၊ စရမာနော - သဒ္ဒါသူပေါင်း၊ လှူကာလောင်း၍၊ စုပေါင်းမျှတ၊ဆွမ်းတော်ရဘို့၊ မြန်းကြွ လှည့်လည်တော်မူလျက်၊ သမ္ပဇာနော-ပဋိဿခါ၊ ဆင်ခြင် ကာလျင်၊ ပညာအသိ၊ ထင်စွာရှိ၍၊ ပဋိဿတော-ဘာဝင် မနော၊ အစဉ်စောသည်၊ ထင်သောသတိ၊ အမြဲရှိ၍၊ခိပ္ပံ - နားနေဖင့်နွဲ၊ စကားဖွဲ့၍၊ လူနဲ့နှော ယှဉ်၊ အရောမဝင်ဘဲ၊ ဆောလျင်မကြာ၊မြန်လှစွာ၊ ပတ္တံ-သပိတ်ကို၊အပူရေသိ- အပိုအလျှံ၊ လိုမခံဘဲ၊ တော်တန်သင့်ညီ၊ ပြည့်စေတော် မူပြီ။

---

၁။သုသံဝုတော—ပါသာဒိကေနသဃ်ာဋိစီဝရေခရဏေန—ဋ္ဌ။

၁၀။ ပိဏ္ဍာစာရံ စရိတွာန၊ နိက္ခမ္မ နဂရာ မုနိ။
ပဏ္ဍဝံ အဘိဟာရေသိ၊ ဧတ္ထ ဝါသော ဘဝိဿတိ။

၁၀။ ။မုနိ-သာကီဝေါလှ၊နေ့ပမဟု၊လောကဉက္ကာင့်ရှ ရဟန်းမြတ်သည်၊ ပိဏ္ဍာစာရံ –ရသမျှနှင့်၊ မျှတရောင့်ရဲ၊ အလိုနဲသည်၊ကျင့်မြဲမချွတ်၊ ဆွမ်းခံဝတ်ကို၊ စရိတွာန-လမ်းမတခွင်၊ မြန်းကြွဝင်၍၊ အိမ်စဉ်သီးသီး၊ လှည့်လည်တော်မူပြီးမှ၊ နဂရာ-ရာဇဂြိုဟ်ဟု၊ ခေါ်ဆိုတွင်မည်၊ သာမျိုးစည်သည်၊ နေပြည်ထံရင်း၊ မြို့တော်တွင်းမှ၊ နိက္ခမ္မ-ထွက်တော်မူ၍၊ ဧတ္ထ-ညို့မှိုင်းပြာမှောင်၊ ပြဟာဆောင်ဟု၊သာခေါင်မြင့်ထီး၊ ဤတောင်ကြီး၌၊မေ-ငါ၏၊ဝါသော-ကာယစိတ္တဝိဝေကဖြင့်၊ မျှတကြည်လင်၊ နေပျော်ရှင်မည့်၊ ဥမင်လှိုင်ခေါင်း၊ မှိုင်ရံကျောင်းသည်၊ဘဝိဿတိ-မပင်မပန်း၊ မနွမ်းမနယ်၊ ရှာ၍လွယ်သည်၊ ကြွယ်ကြွယ်ပေါအံ့၊ရှိလတံ့၊ဣတိစိန္တေတွာ-ဤသို့ကြံတော်မူ၍၊ ပဏ္ဍဝံ-ပဏ္ဍဝဟု၊ မည်ရသာမော၊ လှိုင်ဂူပေါသည့်၊ မြိုင်တောဆောင်းမို၊တောင်ညို့ညို့သို့၊ အဘိဟာရေသိ - ရှုဝှမ်းချောက်မြောင်၊ ကောက်တထောင်ဟု၊ ကျောက်ဆောင်လမ်းကွေ့၊ ချမ်းမြေ့မြေ့မှ၊ လှမ်း၍ကြွချီ၊ တက်တော်မူလေပြီ။

၁၁။ ဒိသွာန ဝါသူပဂတံ၊ တယောဒူတာ ဉပါဝိသုံ။
တေသုဧကောဝအာဂန္တွာ၊ရာဇိနောပဋိဝေဒယိ။

၁၁။ ။တယောဒူတာ-မင်းအာဏာခံ၊ လွန်လျင်မြန်သည့်၊ တမန်ယောကျ်ား၊ သုံးဦးသားတို့သည်၊ ဝါသူပဂတံ-ပဏ္ဍဝတောင်၊ ရှုချောင်မြိုင်တန်း၊ ချိုင့်ရာဝှမ်းသို့၊

ကျောင်းခန်းအလို့ငှာ၊ ကပ်ရောက်ပါသော၊ ဝါ-ပဏ္ဍဝ
တောင်၊ ရှုချောင်တခွင်၊ ဥမင်လှိုင်ခေါင်း၊ ဓုတင်ကျောင်း
သို့၊ ကိန်းအောင်းအံ့ငှာ၊ ကပ်ရောက်ပါသော၊ တံ-ဗုဒ္ဓကို
ရ၊ ဘုရားညွန့်ဖူး၊ ထိုရှင်ထူးကို၊ ဒိသွာ-မနီးမဝေး၊ ခရီး
ဘေးမှ၊ မျက်ရေးစောင်းလှည့်၊ ချောင်းမြောင်းကြည့်
သဖြင့်၊ မျှော်သိတွေ့မြင်ကြကုန်၍၊ ဥပါဒိသုံ-သုံးလူ့မျက်
ဖျော်၊ အလောင်းတော်၏၊ သင့်လျော်လျောက်ပတ်၊နီးရာ
ရပ်သို့၊ ချည်းကပ် ထိုင်ကြကုန်ပြီ၊ တေသု- ထို တမန်
ယောကျ်ား၊ သုံးဦးသားတို့တွင်၊ ဧကော၀ - ဘုရားအ
လောင်းထံ၊ နှစ်ယောက်ချန်၍၊ စောင့်ရံနေပြီး၊တယောက်
တည်းသာလျှင်၊ အာဂန္တွာ-ခရီးတုံ့လှဲ့၊ ပြန်လာခဲ့၍၊
ရာဇိနော-ဗိမ္ဗိသာရ၊ ဘွဲ့မည်ရသည့်၊ တိုင်းမသေဌ်နင်း၊
ဘုရင်မင်းအား၊ ပဋိဝေဒယိ-မြင်ခဲ့ရပုံ၊ အလုံးစုံကို၊ အာရုံ
ကျိုးကြောင်း၊ စုကာပေါင်း၍၊ ပြန်ပြောင်း သံတော်ဦး
တင်လေပြီ။

၁၂၊၊ သေ ဘိက္ခုမဟာရာဇ၊ပဏ္ဍဝဿ ပုရတ္ထတော။
နိသိန္နော ဗျဂ္ဃုသဘောဝ၊ သီဟောဝ ဂိရိဂဗ္ဘရေ။

၁၂။ ။ကိံ ပဋိဝေဒယိ- အဘယ်သို့ သံတော်ဦး တင်
သနည်းဟူမူကား၊ မဟာရာဇ-ရာဇဂြိုဟ်မည်၊ မင်းနေပြည်
ကို၊ ထီးစည်ဖြန့်မိုး၊ ဘုန်းတန်ခိုးဖြင့်၊ အုပ်စိုးပိုင်တတ်၊ အို
မင်းမြတ်၊ သေဘိက္ခု-ရာဇဂြိုဟ်ခေါ်၊ ဤမြို့တော်မှ၊ ဆွမ်း
တော်ခံလျက်၊ တဖန်ထွက်၍၊ဆက်လက်ကြွမြန်း၊ ထိုရဟန်း
သည်၊ ပဏ္ဍဝဿ - ဂူချောင်မြိုင်တန်း၊ လှိုင်စခန်းနှင့်၊ အိုင်
ဆမ်းတခွန်၊ သာမျိုးလွန်သည်၊ မိုးစွန်ထိမျှ၊ မြင့်မား

လှသည့်၊ ပဏ္ဏဝမည်ရင်း၊ တောင်ညိုမြင်း၏၊ ပုရတ္ထ
တော-ရိရိမှိုင်းမှိုင်း၊ သီသီဆိုင်း၍၊ကြည့်တိုင်းပန်းစေ၊လွမ်း
ဘွယ်ထွေမျှ၊ ရေမြေချက်ခြာ၊ ရှေ့မျက်နှာ၌၊ဂိရိဂဗ္ဘရေ-
ကျောက်တန်း ရှိုမြောင်၊ နဂိုချောင်ဟု၊ ဟိုတောင်မြိုင်
စောင်း၊လှိုင်ကျောက်ခေါင်း၌၊ဝါ-ဟိုတောင်မြိုင်တန်း၊လှိုင်
အဝှမ်း၌၊ ဗျဂ္ဃော -မကြောက်မရွံ့၊ နောက်မတွန့်သည့်၊
ရဲဝံ့ခိုင်ထီး၊ ကျားမင်းကြီးကဲ့သို့ရင်း၊ ဥသဘော၀-အများ
ရှေ့ဆောင်၊နွားတို့နောင်ဟု၊ရဲခေါင်ဝံ့စား၊မရွံ့ရှားသည့်၊
ခွန်အားကြီးလှ၊ ဥသဘကဲ့သို့ရင်း၊ သီဟော၀-ဟေမဝါ
ချောင်၊ တောသုံးတောင်တွင်၊ မင်းခေါင်မိဂိန်၊ကေသရိန်
ဟု၊စိုးရိမ်မဲ့ကင်း၊ ခြင်္သေ့မင်းကဲ့သို့ရင်း၊ နိသိန္နော-သိမ်
မွေ့သာကြည်၊ ဘာမထိသည်၊ ဇာနည်ယောကျ်ား၊ တ
ယောက်ဖွားမို့၊တရားကိုယ်တွင်း၊ နှလုံးသွင်းလျက်၊ရဲတင်း
ခိုင်ထွေ၊ထိုင်၍နေ၏၊ ဣတိ-ဤသို့၊ ပဋိဝေဒယိ-မြင်ခဲ့ရပုံ၊
အလုံးစုံကို၊ အာရုံကျိုးကြောင်း၊ စုကာပေါင်း၍၊ ပြန်
ပြောင်းသံတော်ဦး တင်လေပြီ။

၁၃။ သုတွာန ဒူတဝစနံ၊ ဘဒ္ဒယာနေန ခတ္တိယော။
တရမာနရူပေါ နိယျာသိ၊ယေန ပဏ္ဏဝပဗ္ဗတော။

၁၃။ ။ခတ္တိယော-ဗိမ္ဗိသာရ၊ ဘွဲ့မည်ရသည့်၊ တိုင်းမ
သေဋ္ဌ်နင်း၊ဘုရင်မင်းသည်၊ ဒူတဝစနံ-မိမိအထံ၊သိရှိရန်ဘို့၊
တမန်ယောကျ်ား၊ လျှောက်စကားကို၊ သုတွာန-နာစဉ်
အိမ်းအိမ်း၊ ပီတိဖိမ်း၍၊ ကြက်သိမ်းဖြန်းကာ၊ ချမ်း၍လာ
အောင်၊ ဝမ်းသာအားကျ၊ ကြားနာရ၍၊ တရမာနရူပေါ-
ကပျာကသီ၊ မကြာချီဘို့၊ နာရီမပို၊ နေမညိုခင်၊ တောင်

ညိုတောထိ၊ ရောက်လိုသော သဘောရှိသည်ဖြစ်၍၊ ဘဒ္ဒယာနေနှ-ဆင်မြင်းရထား၊ ယာဉ်တော်များဖြင့်၊ ယေန-အကြင်အရပ်၌၊ ပဏ္ဍဝပဗ္ဗတော - ဂူချောင်မြိုင်တန်း၊ လှိုင်စခန်းနှင့်၊ အိုင်စမ်းတံခွန်၊ သာမျိုးလွန်သည့်၊ မိုးစွန်ထိမျှ၊ မြင့်မားလှသည့်၊ ပဏ္ဍဝခေါ်ဆို၊ တောင်ညိုညိုသည်၊ အတ္ထိ-ထင်ရှားမသွေ၊ရှိပါပေ၏၊ တေန-ထိုအရပ်သို့၊နိယျာသိ-မောင်းမမိဿ၊ စစ်ရံတပ်မင်း၊ မှတ်ခပင်းနှင့်၊ ဆင်မြင်းဗိုလ်ပါ၊ ပရိဝါကို၊ ဝဲယာဖြန့်ကျင်း၊ ရှေ့နောက်ဝင်းဖြင့်၊ ချက်ခြင်းထွက်တော်မူလေပြီ။

၁၄။ သ ယာနဘူမိံ ယာယိတွာ၊
ယာနာ ဩရုယှ ခတ္တိယော။
ပတ္တိကော ဥပသင်္ကမ္မ၊
အာသဇ္ဇ နံ ဥပါဝိသိ။

၁၄။ ။သခတ္တိယော-ဗိမ္ဗိသာရ၊ ဘွဲ့မည်ရသည့်၊တိုင်းမသေဌ်နင်း၊ ထိုဘုရင်မင်းသည်၊ ယာနဘူမိံ-ဆင်ယာဉ်မြင်းယာဉ်၊ ရထားယာဉ်ဖြင့်၊ သွားလျှင်ရောက်ဆုံး၊ တလျှောက်လုံးကို၊ယာယိတွာ-အစဉ်ခရီး၊အလျင်နှီးအောင်၊ ယာဉ်စီးကြွသွားလေပြီး၍၊ ယာနာ-ခရီးတခွင်၊ စီးတော်ယာဉ်မှ၊ ဩရုယှ-မြေပေါ်လမ်းထက်၊ ဆင်းကာသက်၍၊ ပတ္တိကော - မြေပြင်ဖဝါး၊ ခြေလျင်အားဖြင့်၊ နံ - ထိုအလောင်းတော်သို့၊ ဥပသင်္ကမ္မ-ချဉ်းကပ်၍၊ အာသဇ္ဇ-သုံးလူ့မျက်ဖျော်၊ အလောင်းတော်၏၊ နေပျော်စံရာ၊ အာသန္နာဟု၊ ဥပစာလောက်၊ နီးစွာရောက်၍၊ ဥပါဝိသိ-သင့်

တင့်လျှောက်ပတ်၊ ကောင်းမြတ်သောအရပ်၌၊ တုပ်ဝပ်ရှိသေ ထိုင်၍နေပြီ။

၁၅။ နိသဇ္ဇ ရာဇာ သမ္မောဒိ၊
ကထံ သာရဏီယံ တတော။
ကထံ သော ဝီတိသာရေတွာ၊
ဣမမတ္ထံ အဘာသထ။

၁၅။ ။ရာဇာ - ဗိမ္ဗိသာရ၊ ဘွဲ့မည်ရသည့်၊ တိုင်းမသေဌ်နင်း၊ဘုရင်မင်းသည်၊ နိသဇ္ဇ-သင့်တင့်လျှောက်ပတ်၊ ကောင်းမြတ်သောအရပ်၌၊ တုပ်ဝပ်ရှိသေ၊ ထိုင်ခါနေ၍၊ တတော-တုပ်ဝပ်ရှိသေ၊ထိုင်နေပြီးမြောက်၊ ၎င်းနောက်မှ၊ သာရဏီယံ-နာသူပြောသူ၊ နှစ်ဦးလူတို့၊ ကြည်ဖြူနိုးရင်း၊ ဝမ်းမြောက်ခြင်းကို၊ ထင်လင်းမပြတ်၊ ဖြစ်စေတတ်သော၊ ကထံ - ရဟန်းအရေး၊ ကျန်းမာရေးနှင့်၊ ဆွမ်းရေးမလပ်၊ အရပ်ရပ်ဖြင့်၊ စေ့စပ်ဆိုသား၊ ပဋိသန္ထာရ စကားကို၊ သမ္မောဒိ - သာယာညွတ်နူး၊ စိတ်ဝမ်းမြူးမျှ၊ မြွက်ကျူးမေးဖြေ၊ ဆွေးနွေးလေပြီ၊ သောရာဇာ-ဗိမ္ဗိသာရ၊ဘွဲ့မည်ရသည့်၊ တိုင်းမသေဌ်နင်း၊ ထိုဘုရင်မင်းသည်၊ ကထံ-ရဟန်းအရေး၊ကျန်းမာရေးနှင့်၊ ဆွမ်းရေးမလပ်၊အရပ်ရပ်ဖြင့်၊ စေ့စပ်ဆိုသား၊ ပဋိသန္ထာရ စကားကို၊ ဝီတိသာရေတွာ-ပြည့်စုံအားလုံး၊ ကမ္ပတ်ဖုံးလျက်၊ နိဂုံးအနေ၊ ပြီးဆုံးစေ၍၊ ဣမမတ္ထံ-ဤဆိုအံ့သော၊ အနက်သဘောကို၊ အဘာသထ - ကဗျာစာသွား၊ ဂါထာအားဖြင့်၊ လျှောက်ထားတောင်းပန်ရှာလေပြီ။

၁၆။ ယုဝါစ ဒဟာရောစာသိ၊
ပဋ္ဌမုပ္ပတ္တိကော သုသု။
ပဏ္ဏာရောဟေန သမ္ပန္နော၊
ဇာတိမာဝိယ ခတ္တိယော။

၁၆။ ။ဘန္တေ- ဖန်ဝါသက်နိုး၊ တင်ကာလှမ်းသည့်၊ ရဟန်းမည်သား၊ အရှင်ဘုရား၊ တို့- အရှင်ဘုရားသည်၊ ယုဝါစ-မျက်စိမမွဲ၊ နားလဲမအူ၊ သွားမူမကျိုး၊ ဆံမညှိုးဘဲ၊ အဖိုးမမယ်၊အာထယ်မဟောင်း၊ အယွယ်ကောင်းသည့်ရင်း၊ ဒဟာရောစ-ထွတ်ထွတ်နုရွ၊ ရှုမဝအောင်၊ ရူပကိုယ်ထယ်၊ လွန်ပျိုယွယ်သည်ရင်း၊ ပဋ္ဌမုပ္ပတ္တိကောစ-ပဋ္ဌမနယ်၊ အစဝယ်မို့၊ အယွယ်သုံးခေတ်၊ အငယ်ဆုံးဖြစ်သည်ရင်း၊ သုသုစ-အသစ်မွေးဖွား၊ ကလေးမျှားသို့၊ သွေးသားတကယ်၊ လွန်နုနယ်သည်ရင်း၊ အသိ-စင်စစ်မသွေဖြစ်ပါပေ၏၊ ဝဏ္ဏာရောဟေန-လုံးရပ်သဏ္ဍာန်၊ ဟန်ပန်လက္ခဏာ၊ တိုးတက်လာမည့်၊ အင်္ဂါဇုတိ၊ ဥပမိန္နင့်၊ သမ္ပန္နော-မလိုမနဲ၊ နဂိုထဲက၊ ပိုကဲကုံလုံ၊ လွန်ပြည့်စုံ၍၊ ဇာတိမာ-ဘင်ဘီဘေးဘိုး၊ အဘမျိုးမှ၊ သတိုးကျအောင်၊ စိုးရဇာတိ၊ မျိုးဇာတ်ရှိသော၊ ခတ္တိယောဝိယ-မုဒ္ဓါဘိသေ၊ သွန်းလောင်းချေသည့်၊ ရေမြေပိုင်နင်း၊ ဘုရင်မင်းနှင့်၊ သွင်ဆင်းမူရာ၊ တူလှစွာ၏။

၁၇။ သောဘယန္တော အနီကဂ္ဂံ၊
နာဂသံဃပုရက္ခတော။
ဒဒါမိ ဘောဂေ ဘုဉ္ဇဿု၊
ဇာတိံ အက္ခာဟိ ပုစ္ဆိတော။

၁၇။ ဘန္တေ - ဖန်ဝါသက်န်း၊ တင်ကာ လွှမ်းသည့်၊ ရဟန်းမည်သား၊ အရှင်ဘုရား၊ အတံ-တပည့်တော်သည်၊ တေ-အရှင်ဘုရားအား၊ ဘောဂေ-ဆင်မြင်းကျွဲနွား၊သား မယားနှင့်၊စပါးဆန်ရေ၊ရွှေငွေစိန်ကျောက်၊လိုသလောက် တို့ကို၊ဒဒါမိ-စေတနာနှင့်၊ မေတ္တာရက်ရော၊ထက်လှသော ကြောင့်၊ နှမြောကင်းကွာ၊ ငပေးကမ်းပါအံ့၊ တွံ-အရှင် ဘုရားသည်၊ နာဂသံဃပုရက္ခတော-ကာဋ္ဌာဟက၊ ဤသို့ စသည်၊ များလှထောင်သောင်း၊ မြေပြင်စောင်းမျှ၊ ဆင် ပေါင်းပတ်ခြံ၊ ဆင်တပ်ရံ၍၊ အနီကဂ္ဂံ - ဆင်မြင်းရထား၊ လေးသမားနှင့်၊ လှံဓားရဲဘော်၊ တပ်မတော်ကို၊ သော ဘယန္တော-လက္ခဏာပြည့်ဖြိုး၊ စကြာစိုးသို့၊ တန်ခိုးပွင့်ဝေ၊ တင့်တယ်စေလျက်၊ တံ - ထိုတပည့်တော်၊ သဒ္ဓါပေါ်၍၊ ဖိတ်ခေါ်ဝေခြမ်း၊ ပေးလှူဒါန်းမည့်၊ ရွှေနန်းရိပ်ငြိမ်၊ မင်းစည်းစိမ်ကို၊ ဘုဥ္ဇသု-ဗျာပါမနှောင့်၊ ရန်မမှောင့်ဘဲ၊ ချမ်းသောင့်ချမ်းသာ၊ စံစားပါလော့၊ပုစ္ဆိတော-သေချာ စိတ်စေး၊ သိလိုသေး၍၊ အရေးနောက်ထပ်၊ မေးလျှောက် အပ်သော၊ တွံ-အရှင်ဘုရားသည်၊ ဇာတိံ-ဘယ်မင်းဘယ် စိုး၊ဘယ်အမျိုးမှ၊နွယ်ရိုးဇာတိ၊ဇာတ်တော်ရှိကို၊အက္ခာဟိ- သဒ္ဓါလွန်ပြင်း၊ ဒကာရင်းအား၊ အလင်း မြွက်ဟတော် မူပါဘုရား။

၁၈။ ။ဥဇုံဇနပဒေါရာဇ၊ ဟိမဝန္တဿ ပဿတော။
ဓနဝီရိယေန သမ္ပန္နော၊ကောသလေသုနိကေတိနော။

၁၉။ ။ရာဇ-ဒကာတော်မင်းကြီး၊ ကောသလေသု- ကောသလတိုင်း၊သမိုင်းထင်ရှား၊ပြည်ထောင်များ၌၊နိကေ·

တိနေ၁-ကမ္ဘာဦးက၊ သမတ၏၊ ဝံသန္တယ်စဉ်၊ ရာဇဝင်မှ၊ ဘင်ဘီဘေးဘိုး၊ နန်းစဉ်စိုးသည်၊ထီးမိုးခဲ့သော၊ ခတ္တိယော ဟု၊သုဓ္ဓေါဒနေ၊ ငါ့မွေးဘ၏၊ ဇနပဒေါ-ကပိလဝတ်၊ မင်း ပေါင်းညွတ်သည့်၊ပြည်ထွဋ်ဦးကိုင်၊ တိုင်းခရိုင်သည်၊ဥဇ္ဇုံ- ဤမှတော်တည့်၊မျှော်၍ကြည့်လော့၊ငါ၏ညွှန်းရာ၊ဖြောင့် မတ်စွာ၊ ဟိမဝန္တာသာ-ဆီးနှင်းဝေးရာ၊ ဟေမဝါဟု၊ဟေမာ သန၊ သေလာမြ၏၊ ပဿတော – ထံနားနီးလျက်၊ နံပါး ဘက်၌၊ အတ္တိ-ဝန်းကျင်တိုင်းကား၊ မြင်နိုင်ကြား၍၊ ထင် ရှားမသွေ၊ရှိပါပေ၏။ ဓနဝီရိယေန-ရတနာရွှေငွေ၊ဆန် ရေစပါး၊ ဥစ္စာများနှင့်၊ ယောကျ်ားရုံးညို၊ ရန်ပေါင်း ပြိုသည့်၊ စစ်ဗိုလ်သူခက်၊ ရဲဘက်ရဲဘော်၊ တပ်မတော်နှင့်၊ သမ္ပန္နော-ကြွယ်ဝကုံလုံ၊ လွန်ပြည့်စုံ၏။

၁၉။ အာဒိစ္စာနာမ ဂေါတ္တေန၊
သာကိယာနာမ ဇာတိယာ။
တမှာကုလာ ပဗ္ဗဇိတောမှိ၊
န ကာမေ အဘိပတ္ထယံ။

၁၉။ ။အဟံ-ငါသည်၊ ဂေါတ္တေန-အနွယ် အားဖြင့်၊ အာဒိစ္စာနာမ-နေမျိုးဝံသာ၊ နွယ်တော်လာမို့၊ ကမ္ဘာ တိတ်က၊ အာဒိစ္စဟု၊ လောကသမုတိ၊ ခေါ်ကြဘိသော၊ ဇာတိယာ-ဇာတ်အားဖြင့်၊သာကိယာနာမ-သကျသာကီ၊ စာမရီဟု၊ဇာနည်ဇာတိ၊ နာမည်ရှိသော၊တမှာကုလာ-ထို နေနွယ်ရိုး၊ ရေမြေစိုးသည့်၊ ဘေးဘိုးသကျ၊ ဆွေမျိုးမှ၊

နိက္ခမိတွာ [၁]-ရဟန်းဘာဝ၊ နေက္ခမ္မကို၊ မိဘာနှစ်ပါး၊ မလိုလားသဖြင့်၊ဆီးတားထို၍၊စိုမျက်ရည်နှင့်၊ငိုမြည်ကြွတုန်း၊ ထွက်ခဲ့ရှုန်း၍၊ ပဗ္ဗဇိတော - ကာမဂုဏ်ဣဋ္ဌ၊ ဆိတ်ရာမှန်သည့်၊နိဗ္ဗာန်ရောက်မှု၊ ရဟန်းပြုသည်၊ အမှို-စင်စစ်မသေ့၊ ဖြစ်ပါပေ၏။ ကာမေ-ရူပသဒ္ဒ၊ စသည်အစု၊ ဝတ္ထုအာရုံ၊ ကာမဂုဏ်တို့ကို၊ အဘိပတ္ထယံ - လိုချင်သောအား၊ ဆိုတောင်းမှားလျက်၊ ကိုးစား မျှော်မှန်းသည်ဖြစ်၍၊ ပဗ္ဗဇိတော - ဖန်ဝါသကန်း၊ ဝတ်ဆင်မြန်း၍၊ မည်ဆန်းအမှု၊ ရဟန်းပြုသည်၊နအမှို-မဟုတ်ပါ။

၂၀။ ကာမေသွာဒီနဝံ ဒိသွာ၊
နေက္ခမ္မံ ဒဋ္ဌု ခေမတော၊
ပဓာနာယ ဂမိဿာမိ၊
ဧတ္ထမေ ရဉ္ဇတိ မနော။

၂၀။ အဟံ-ငါသည်၊ကာမေသု-ရူပသဒ္ဒ၊စသည်အာရုံ၊ ကာမဂုဏ်တို့၌၊အာဒီနဝံ - သားတစ်သစ်သီး၊ မြွေခေါင်းမီးနှင့်၊ပုံမှီးတူစွာ၊ဥပမာလျှင်၊ပူဆာညစ်ဆိုး၊အပြစ်မျိုးကို၊ ဒိသွာ-သံဝေဂဉာဏ်၊ အခြေခံဖြင့်၊ ကောန်မြင်မိ၊ ဝေဘန်သိ၍၊ နေက္ခမ္မံ-ငါးဝအာရုံ၊ ကာမဂုဏ်နှင့်၊ တောဘုမ္မကာ၊ သင်္ခါရမှ၊မုချကောန်၊ ထွက်ရာမှန်သည့်၊ နိဗ္ဗာန်ဆောင်ခန်း၊

၁။ နိက္ခမိတွာကို အနက်ပေးရာ၌ အောက်ပါ မူလပဏ္ဏာသပါဠိ ပါရာသိသုတ်ကို မှီ၏။
သောခေါအဟံ ဘိက္ခဝေ၊လ၊ အကာမကာနံ မာတာပိတူနံ အဿုမုခါနံ ရုဒန္တာနံ ကေသမဿုံ ဩဟာရေတွာ၊လ၊ပဗ္ဗဇ္ဇံ။

အောင်မြို့နန်းကို၊ ခေမတော-လောဘာဒေါသ၊ မောဟစစွာ၊ ကိလေသာနှင့်၊ အိုနာသေမွေး၊ ထွေထွေဘေးတို့၊ ကင်းဝေးရှောင်ရှား၊ဘေးမဲ့အားဖြင့်၊ ဒဠှ-ယထာဘူတ၊ ကျနထင်ထင်၊ ဟုတ်တိုင်းမြင်၍၊ ပဗ္ဗဇိတော [၁] -ရဟန်းပြုသည်၊ အမှို-စင်စစ်မသွေ၊ဖြစ်ပါပေ၏။အဟံ-ငါသည်၊ ပဓာနတ္တာယ [၂] -ငါး၀အာရုံ၊ ကာမဂုဏ်နှင့်၊တေဘုမ္မက၊ သင်္ခါရတို့ထက်၊အဆရာထောင်၊မကအောင်လျှင်၊အခေါင်အဂ္ဂ၊မြတ်စွာလှ၍၊ ပဓာနသညာ၊ နိဗ္ဗာန်ဟူသောအကျိုးငှါ၊ဂမိဿာမိ-မကောက်လမ်းမှန်၊ နောက်မပြန်ဘဲ၊ရောက်ရန်မသွေ၊ ကြွသွားပေအံ့၊ ဧတ္ထ-ဤနိဗ္ဗာန်၌၊ မေ-ငါ၏၊ မနော-စိတ်သည်၊ ရဇ္ဇတိ-အာရုံမြဲလျက်၊ မခွဲရက်အောင်၊ စွဲမက်တစေ၊နှစ်သက်ပေ၏။

ပဗ္ဗဇ္ဇာသုတ် အနက်ပြီး၏။

---

၁။ ပဗ္ဗဇိတောကား ထည့်ပါ၍။ တံ ပဗ္ဗဇိတောတိ ဍမိနာ သမ္ဗန္ဓိတဗ္ဗံ။ ဋ္ဌ ။

၂။ ပဓာနတ္တာယ တသ္မာဟံ ပရမတ္ထ နေက္ခမ္မံ နိဗ္ဗာနံ နာမတံ သဗ္ဗဓမ္မာ နံ အဂ္ဂဘွေန ပဓာနံ ပတ္ထေန္တော ပဓာနတ္ထာယ ဂမိဿာမိ။ ဋ္ဌ။

J